# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၇)၊ အမှတ်(၀၁၈)


# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၈၆ / ၂၀၁၇**

**၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)**

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်မည့် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း NGO နှင့် CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO များ ပူးပေါင်းပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **"ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine ) ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဝင်းမြတ်အေး ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာ အောင်ထွန်းသက် | ညှိနှိုင်းရေးမှူးချုပ် |
| (ဃ) | ဦးကျော်မြိုင် | သတင်းနှင့် ဆက်သွယ်ရေး ဒါရိုက်တာ |

၂။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေး ဆောင်ရွက်ရန်၊


*စာမျက်နှာ ၄ ကော်လံ ၁* ❀





# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းမှု ရရှိရေးတို့ကိုလည်း မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းစိစစ်အတည်ပြုနိုင်ရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။


*စာမျက်နှာ ၅ ကော်လံ ၁* ❐


**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖင်လန်နိုင်ငံ သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်**


စာ » ၃


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် USIP ၏ အကြီးတန်း အကြံပေးအရာရှိနှင့် ကြက်ခြေနီလှုပ်ရှားမှုကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ**


စာ » ၄


**ရခိုင်ပြည်နယ်အတွင်းရှိ မြို့တိုင်းရင်းသားများအတွက် နေအိမ်အဆောက်အအုံ ဆောက်လုပ်ပေးမည့် စီမံကိန်း စတင်ဆောင်ရွက်**


စာ » ၉



KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

# သမိုင်းမှတ်ကျောက်တင်ရလောက်အောင် သန့်ရှင်းမှန်ကန်သည့် အစွမ်းများပြကြမည်

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ယင်းကော်မတီက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးဆောင်ရွက်ရန်၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည် ပဋိပက္ခကင်းဝေးရေးဆောင်ရွက်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သုံးစွဲသည့် အလှူရှင်များ၏ ကူညီထောက်ပံ့ငွေများနှင့်စပ်လျဉ်း၍လည်း ဘဏ္ဍာရေးကိစ္စများ အစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ရန်တို့ကို တာဝန်ယူအကောင်အထည်ဖော်သွားမှာဖြစ်သည်။

UEHRD ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဦးဆောင်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများနှင့်ပတ်သက်၍ လုပ်စရာရှိသည်များကို လက်တွေ့ကျကျ လုပ်ဆောင်ရန် စတင်လိုက်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံနှင့်ပတ်သက်၍ ဝေဖန်မှုများနှင့် နိုင်ငံတကာ၏သဘောထားအမြင်များနှင့်စပ်လျဉ်း၍ မိမိတို့သိနားလည်သည့်တိုင် မိမိတို့နိုင်ငံ၏အခြေအနေကို ပြည်သူ ပြည်သားများကသာ အသိဆုံး၊ နားအလည်ဆုံးဖြစ်ပြီး နိုင်ငံအေးချမ်းသာယာဖွံ့ဖြိုးရေးကိုလည်း ပြည်သူ ပြည်သားများကသာ အလိုလားဆုံးဖြစ်သည်။

စင်စစ်အားဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့် ရေရှည်တွင် ပဋိပက္ခများကင်းဝေးစေရေးသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းများထဲတွင် ပါဝင်ပြီး အကြမ်းဖက်မှုများ မပေါ်ပေါက်မီကပင် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် အခြေအနေကို ရှုပ်ထွေးသွားစေခဲ့သလို လုပ်ငန်းများကိုလည်း နှောင့်နှေးသွားစေခဲ့သည်။ မည်သို့ပင်ဆိုစေ လက်ရှိအခြေအနေတွင်မူ လုပ်သင့်လုပ်ထိုက်သည့်အလုပ်၊ အခြေအနေနှင့် ကိုက်ညီသည့်အလုပ်တို့ကို ဆောင်ရွက်သွားမှာဖြစ်သည်။ လက်တွေ့လုပ်ဆောင်မှုများနှင့် ဖြစ်ပေါ်တိုးတက်မှုရလဒ်များက ဝေဖန်မှုနှင့် စွပ်စွဲမှုများကို အကောင်းဆုံးတုံ့ပြန်ခြင်းဖြစ်သည်ဟု ဆိုသော်လည်း လိမ်လည်လှည့်ဖြား စွပ်စွဲမှုက လွယ်ကူသလောက် လက်တွေ့ဖြေရှင်းလုပ်ကိုင်မှုကမူ အထူးဝါယမစိုက်ကြရမှာ ဖြစ်သည်။

"တည်ငြိမ်အေးချမ်း တိုးတက်ဖွံ့ဖြိုးတဲ့ ရခိုင်ပြည်နယ်ဖြစ်ပေါ်လာရေးအတွက် လက်တွေ့တိုးတက်မှုရလဒ်တွေနဲ့ပြသဖို့ ကြိုးပမ်းဆောင်ရွက်မယ့် ဒီစီမံကိန်းမှာ ပြည်သူ ပြည်သားတွေ၊ ပြည်တွင်း NGO တွေ၊ CSO တွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ပူးပေါင်းပါဝင်ကြဖို့ အလေးအနက် မေတ္တာရပ်ခံပါတယ်၊ လာမယ့်အပတ်မှစပြီး စီမံကိန်းအကောင်အထည်ဖော်တဲ့အခါမှာ ကျွန်မတို့ ပြည်ထောင်စုကြီးတစ်ရပ်လုံးက ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာအားတွေ စုပုံပြီး ထက်ထက်သန်သန်၊ သတ္တိရှိရှိနဲ့ သမိုင်းမှတ်ကျောက် တင်ရလောက်အောင် သန့်ရှင်း၊ မှန်ကန်တဲ့အစွမ်းတွေ ပြကြမယ်လို့မျှော်လင့်ယုံကြည်ပါတယ်" ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူသို့ တင်ပြချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့်အတူ ရပ်တည်ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ရပ်တည်ကြောင်း၊ အစွန်းရောက်အကြမ်းဖက်သမားများကို ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်မှုများကို ပြည်တွင်း၌ရော ပြည်ပ၌ပါ ပြုလုပ်လာကြသည်။ တစ်ဖန် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲများကို နိုင်ငံအနှံ့ ပြုလုပ်ကာ ပြည်သူလူထုထောင်ချီတက်ရောက်၍ ဆုတောင်းမေတ္တာပို့သမှုများ ပြုလုပ်လျက်ရှိပြီး ဘာသာရေးပဋိပက္ခများ၊ အမုန်းတရားများ အလျှင်းမရှိကြောင်းကို ပြည်သူများက ထုတ်ဖော်ပြသလျက်ရှိသည်။ ဤသည်မှာ နိုင်ငံကို တည်ငြိမ်အေးချမ်းစေလိုခြင်း၊ ဖွံ့ဖြိုးတိုးတက်စေလိုခြင်း၊ တရားဥပဒေစိုးမိုးမှု၏ အရိပ်အာဝါသအောက်တွင် ငြိမ်းချမ်းစွာနေထိုင်ကာ မိမိတို့၏ လူမှုဘဝများကို တည်ဆောက်နေထိုင်လိုကြခြင်း စသည့် ပြည်သူတို့၏ ပကတိအမှန်ဆန္ဒများနှင့် မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ အစစ်အမှန် သရုပ်သကန်များသာဖြစ်သည်ကို ကမ္ဘာ့မျက်စိ ကမ္ဘာ့နားတို့ မြင်စေ သိစေ ကြားစေလိုပါကြောင်း။ ။

## တမူး-မန္တလေး ရထားလမ်းပိုင်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုပြုရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် အောက်တိုဘာ ၁၆ ရက်နေ့လယ်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vikram Misri အား နေပြည်တော်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်တွင်ပါဝင်သည့် ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အထူးသဖြင့် ကုလားတန်မြစ်ဘက်စုံသုံး ဖြတ်သန်းပို့ဆောင်ရေးစီမံကိန်းအတွက် Port Operator ရွေးချယ်ရေး လုပ်ငန်းစဉ်များစတင်နိုင်ရေး၊ နယ်စပ်ဖြတ်ကျော်၍ ခရီးသည်နှင့် ကုန်စည်များပို့ဆောင်နိုင်ရန် နှစ်နိုင်ငံအကြားနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးရေး၊ တမူး-မန္တလေး ရထားလမ်းပိုင်းအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုပြုရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျေးလက်အမျိုးသမီးများကွန်ရက်အဖွဲ့ အဖွဲ့ဝင်ပေါင်း ၂၂၀၀၀ နှင့် လှမ်းခြုံချိတ်ဆက်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**

မေတ္တာကမ္ဘာနိုင်ငံလုံးဆိုင်ရာ ကျေးလက်အမျိုးသမီးများကွန်ရက်ကို ရည်ရွယ်ချက် ငါးရပ်ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က အပြည်ပြည်ဆိုင်ရာကျေးလက်အမျိုးသမီးများနေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ချင်း၊ ကချင်၊ ကယား၊ ရှမ်း၊ မကွေး၊ ရခိုင်၊ ဧရာဝတီနှင့် မွန်ပြည်နယ်များရှိ မြို့နယ်ပေါင်း ၃၁ မြို့နယ် ကျေးရွာပေါင်း ၂၀၀၀ မှ အဖွဲ့ဝင်ပေါင်း ၂၂၀၀၀ နှင့် လှမ်းခြုံချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




"ဒီနေ့အခမ်းအနားမှာ အဖွဲ့ရဲ့လှုပ်ရှားဆောင်ရွက်မှုတွေ၊ ရှေ့ဆက်ဘာတွေလုပ်သွားမလဲဆိုတာတွေ၊ အဖွဲ့ဝင်တွေအားလုံးသိအောင်၊ အဖွဲ့ဝင်တွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပြီး ဘယ်နေရာမှာ ဘယ်လိုအသုံးချမလဲဆိုတာတွေကိုသိရှိဖို့ ကျင်းပရခြင်းဖြစ်ပါတယ်" ဟု အောက်တိုဘာ ၁၆ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် အဆိုပါအခမ်းအနား၌ မေတ္တာကမ္ဘာနိုင်ငံလုံးဆိုင်ရာ ကျေးလက်အမျိုးသမီးများ ကွန်ရက် ဥက္ကဋ္ဌ ဒေါ်ချိုအေးက ပြောသည်။

ဆက်လက်၍ ဥက္ကဋ္ဌက "၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ စစ်တမ်းကောက်တယ်။ သင်တန်းတွေပေးတယ်။ အခြားအဖွဲ့အစည်းတွေနဲ့ပူးပေါင်းချိတ်ဆက်ပြီး အခမဲ့ရှေ့နေတွေ၊ ဥပဒေကုစားရေးအဖွဲ့တွေ၊ လူမှုနှစ်သိမ့်ရေးအဖွဲ့တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးတယ်။ UNDP နဲ့မေတ္တာကမ္ဘာကွန်ရက်ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ iWomen အပလီကေးရှင်းကို အသုံးပြုပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်နေ အမျိုးသမီးတွေဘဝဖွံ့ဖြိုးရေးနဲ့ ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုတွေလျှော့နည်းအောင်ချိတ်ဆက်ပြီး အဓိကဆောင်ရွက်နေတယ်။ ရလာတဲ့အချက်အလက်တွေကို ဝန်ကြီးဌာနကတစ်ဆင့် နိုင်ငံတော်အစိုးရအထိတင်ပြပြီး အမျိုးသမီးတွေနဲ့ပတ်သက်တဲ့ မူဝါဒပိုင်းရေးဆွဲတဲ့နေရာမှာ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာက ကူညီ ပံ့ပိုးပေးတယ်။ လက်ရှိ GBV စစ်တမ်းတွေ ကောက်နေတာ ဒီအတွက်ပါပဲ" ဟု ပြောသည်။ GBV စစ်တမ်းများအရလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် ဥပဒေနှင့် ပတ်သက်ပြီး အကြမ်းဖက်မှုများကို စစ်တမ်းကောက်ယူပြီးဖြစ်ကြောင်း သိရသည်။ **သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-ရဲထွဋ်**

## မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာများ အသိပညာပေး လုပ်ငန်းဆွေးနွေး

**သီပေါ အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးလုပ်ငန်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကျောက်မဲခရိုင် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့်အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့အင်အားဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ ဦးစီးအရာရှိ ဒေါ်ခင်မာဦးက သန်းခေါင်စာရင်းနောက်ခံအကြောင်းအရာများ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ဆန်းစစ်လေ့လာအကဲဖြတ်ခြင်းနှင့် အမေးအဖြေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၇-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ . ၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀၅ |
| တရုတ် | တစ်ယွမ် | ၂၀၇ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ . ၁၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖင်လန်နိုင်ငံ သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ရိကာ လာတူသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရာ့ရှ် ယန် စမစ်ချ်သည် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး မစ္စ ရိကာ လာတူ ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီး မစ္စတာ ခရာ့ရှ် ယန် စမစ်ချ် ၎င်း၏ သံအမတ် ခန့်အပ်လွှာပေးအပ်စဉ် (သတင်းစဉ်)


# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး NCA တွင်ပါဝင်နိုင်ရေး တပ်မတော်အနေဖြင့် ကျန်အဖွဲ့များနှင့်ညှိနှိုင်းရန် အသင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E.Mr. Sun Guoxiang အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဧည့်သည်တော်အထူးကိုယ်စားလှယ်က တရုတ်နိုင်ငံအစိုးရ၏ ရပ်တည်ချက်မှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ခိုင်ခိုင်မာမာ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကောင်းမွန်သည့် အလားအလာများရှိသည်ဟုလည်း ယုံကြည်ကြောင်း ပြောကြား၍ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာဆက်ဆံ၍ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းလုပ်ဆောင်နေသည်ကို သိရှိထောက်ခံပြီး အိမ်နီးချင်းမိတ်ဆွေကောင်းပီသစွာဖြင့် ဆက်လက်ရပ်တည် ကူညီလုပ်ဆောင်သွားမည့် အခြေအနေ၊ အကြမ်းဖက်မှုကာကွယ်တားဆီးရေး လုပ်ငန်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံတွင် ပြုလုပ်မည့် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက်နှင့် ပတ်သက်သည်များကို ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံထိန်းသိမ်းလိုမှုအပေါ် အခြေခံပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အားလုံး NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် တပ်မတော်အနေဖြင့် လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အသင့်ရှိမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် **H.E. Mr. Sun Guoxiang** တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကုလသမဂ္ဂနိုင်ငံရေးရာဌာန အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲလ်မန်အား ယမန်နေ့မွန်းလွဲပိုင်းတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မစ္စတာ ဂျက်ဖရီဖဲလ်မန်က ယနေ့ ရခိုင်ပြည်နယ်အရေးကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားပါကြောင်း၊ ယင်းအပေါ်နိုင်ငံတကာ၏အမြင်နှင့် မြန်မာနိုင်ငံ၏ လက်တွေ့လုပ်ဆောင်နေမှုများမှာ ကွာဟနေကြောင်း၊ မိမိခရီးစဉ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအစိုးရက လုပ်ဆောင်နေသည့် လုပ်ငန်းရပ်များကို ကုလသမဂ္ဂအနေဖြင့် အရှိန်အဟုန်မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတော်၏ လုပ်ဆောင်ချက်အပေါ် ရေတိုရေရှည်အားဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် လုံခြုံမှုမရှိဘဲ လုပ်ဆောင်၍ မရနိုင်သဖြင့် ဒေသခံပြည်သူများလုံခြုံရေးနှင့် ပတ်သက်၍လည်း သိရှိလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြစ်စဉ် စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ တပ်မတော်အနေဖြင့် Rule Of Engagement- ROE နှင့် ပတ်သက်၍ စနစ်တကျ ညွှန်ကြားကြပ်မတ်ခဲ့ခြင်းကြောင့် စည်းမျဉ်းဥပဒေများကို ကျော်လွန်လုပ်ဆောင်မှုများမရှိကြောင်း၊ စည်းကမ်းဥပဒေ ဖောက်ဖျက်ကျူးလွန်မှုများရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုအား တပ်မတော်မှ အင်အားများစွာ အသုံးပြုသည်ဟု စွပ်စွဲမှုအပေါ် ဒေသခံပြည်သူများက လက်မခံကြောင်း၊ တပ်မတော်မှ အချိန်မီလုံခြုံရေး ဆောင်ရွက်ပေးနိုင်၍သာ အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးမှု နည်းပါးခဲ့ရကြောင်း၊ ယနေ့အထိလည်း အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံပြုလုပ်မည်ဟု ခြိမ်းခြောက်မှုများရှိနေသဖြင့် ဒေသခံပြည်သူများက ၎င်းတို့လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများရှိကြောင်း၊ သို့ဖြစ်၍ ဒေသခံပြည်သူများ၏ လုံခြုံရေးကို တပ်မတော်အနေဖြင့် ကာကွယ်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် USIP ၏ အကြီးတန်းအကြံပေးအရာရှိနှင့် ကြက်ခြေနီလှုပ်ရှားမှုကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် United States Institute of Peace (USIP) ၏ အကြီးတန်း အကြံပေးအရာရှိနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်း Mr. Derek J. Mitchell အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအဖွဲ့ ဥက္ကဋ္ဌ Mr. Richard Gordon ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS)မှ နာယက ပါမောက္ခ ဒေါက်တာ ဒေါ်မြသူ ၊ International Federation of Red Cross and Red Crescent (IFRC) မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ဌာနခွဲ ဒါရိုက်တာ Mr. Xavier Castellanos ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဂုဏ်ထူးဆောင် နာယက ပါမောက္ခ ဒေါက်တာ သာလှရွှေနှင့် မြန်မာနိုင်ငံအခြေစိုက် IFRC ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Mr. Joy Singhal တို့ ပါဝင်သော ကြက်ခြေနီလှုပ်ရှားမှု ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။





## လက်ခံတွေ့ဆုံ

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြက်ခြေနီလှုပ်ရှားမှုကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဟောင်းနှင့် တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ယင်းအရေးကိစ္စအား ဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအား ကူညီပံ့ပိုးနိုင်မှု အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ကြက်ခြေနီလှုပ်ရှားမှု ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် ထိခိုက်ခံစားခဲ့ရသော လူမှုအသိုက်အဝန်းအားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အရှိန်အဟုန်မြှင့်ပေးအပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက် ကောင်းမွန်စေရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် USIP ၏ အကြီးတန်း အကြံပေးအရာရှိနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးဟောင်း Mr. Derek J. Mitchell အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

❁ *ရှေ့ဖုံးမှ*

(ခ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးဆောင်ရွက်ရန်၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ပံ့ပိုးမှုအပြင် ပြည်တွင်း/ပြည်ပအလှူရှင်များ၏ ကူညီထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် ကော်မတီ၏ ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုအပြင် နိုင်ငံတကာ စာရင်းစစ်ကုမ္ပဏီတစ်ခုကိုလည်း ငှားရမ်း၍ အစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ရန်။

၃။ ဥက္ကဋ္ဌအနေဖြင့် အတိုင်ပင်ခံအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်သည်။

၄။ လိုအပ်သည့်ကော်မတီရုံးအဖွဲ့ ဖွဲ့စည်းရန်နှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ညှိနှိုင်းရေးမှူးချုပ်က ဥက္ကဋ္ဌထံတင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၅။ ကော်မတီ၏ အုပ်ချုပ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## လစဉ် ၂၁ ရက်မှစ၍ E-Pension Card ဖြင့် အငြိမ်းစားလစာများ အလွယ်တကူထုတ်ယူနိုင်ပြီ

**နေပြည်တော် အောက်တိုဘာ ၁၇**

အငြိမ်းစားဝန်ထမ်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်ဖွင့်ရက်များတွင် E-Pension Card အသုံးပြု၍ ပင်စင်လစာများကို အလွယ်တကူ ထုတ်ယူနိုင်ကြောင်း သိရသည်။

E-Pension Card အသုံးပြု၍ ပင်စင်လစာထုတ်ယူမည်ဆိုပါက ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန်မလိုဘဲ လစဉ် ၂၁ ရက်မှစ၍ မိမိအဆင်ပြေမည့်နေ့တွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

ထိုသို့ထုတ်ယူရာတွင် အောက်တိုဘာလအတွက် ထုတ်ယူမည်ဆိုပါက အဆိုပါလ၏ ၂၁ ရက်မှစ၍ နိုဝင်ဘာ ၂၀ ရက်အတွင်း ရုံးဖွင့်ရက်တိုင်းတွင် ထုတ်ယူနိုင်ပြီး တစ်လစာ ထုတ်ယူရရှိမည်ဖြစ်သည်။

သို့သော် နိုဝင်ဘာ ၂၁ ရက်တွင် သွားရောက်ထုတ်ယူပါက အောက်တိုဘာလနှင့် နိုဝင်ဘာလအတွက် နှစ်လစာ ထုတ်ယူရရှိမည်ဖြစ်ကြောင်း သိရသည်။
**ညီညီသန်း(နေပြည်တော်)**

## သင်တန်းဆင်း ဆရာ ဆရာမ များအား ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

**လွိုင်ကော် အောက်တိုဘာ ၁၇**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်း ဆရာ ဆရာမ ၁၇ ဦး၊ ဒီပလိုမာသင်တန်းဆင်း ခုနစ်ဦး စုစုပေါင်း ၂၄ ဦးတို့အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးတို့က အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် တွေ့ဆုံခဲ့သည်။ **(ယာပုံ)**



ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် အမှန်တကယ် တာဝန်ထမ်းဆောင်ကြမည့် သင်တန်းဆင်း ဆရာ ဆရာမများအနေဖြင့် ပညာရေးကဏ္ဍကို ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ပြည်နယ်၊ မိမိတို့ဒေသ၊ မိမိတို့လူမျိုးများအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ် လုပ်ဆောင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများအတွက်လိုအပ်သော ခရီးစရိတ်များကို ပြည်နယ်ဝန်ကြီးချုပ်က ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**

# အာဆီယံနိုင်ငံများ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ရန် ပြည်ထောင်စုဝန်ကြီး တိုက်တွန်း

ရန်ကုန် အောက်တိုဘာ ၁၇

**အာဆီယံ Blue Print ပါ အသိုက်အဝန်းကြီး (၃)ရပ်အနက်မှ အာဆီယံလူမှုအသိုက်အဝန်းအကြား လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ အပြန်အလှန်ဆက်သွယ်မှု ကူညီဆောင်ရွက်မှုများ အားကောင်းခိုင်မာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် 12th ASEAN GO-NGO Forum on Social Welfare and Development အစည်းအဝေးနှင့် ASEAN အဆင့်မြင့်အရာရှိကြီးများ ဆက်စပ်အစည်းအဝေးများကို ရန်ကုန် ဆူးလေရှန်ဂရီလာဟိုတယ်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဖွင့်လှစ်၍ အဖွင့်အမှာစကားပြောကြားသည်။** (ယာပုံ)

အစည်းအဝေးဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နေမှုများ၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိ အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ အလားတူ အာဆီယံဒေသတွင်းရှိ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး၊ နိုင်ငံအလိုက်၊ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်နိုင်သည့် စီမံကိန်းများ ထွက်ပေါ်လာစေရေးအတွက် ဦးတည်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အာဆီယံအစည်းအဝေးတွင် "Strengthening Social Protection to Address Challenges of Aging Societies" ဟူသောခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒေသတွင်း အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ နွေးထွေးပွင့်လင်းစွာ ဆွေးနွေးပေးကြရန်နှင့် အာဆီယံနိုင်ငံများအတွက် အရေးကြီးသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နိုင်ငံအလိုက် အတွေ့အကြုံများကို ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံဒေသတွင်း ၁၀ နိုင်ငံမှ အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိကိုယ်စားလှယ် စုစုပေါင်း ၇၉ ဦး တက်ရောက်ခဲ့ကြသည်။




(၁၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❐ ***ရှေ့ဖုံးမှ***

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ကိစ္စရပ်ဖြစ်သည့် ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်သည့်ကိစ္စ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏လိုငွေကို ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန် ကိစ္စအပါအဝင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးမည့် သဘောတူစာချုပ်နှစ်ခုကိုလည်း လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပဉ္စမပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ရန် ကျန်ရှိခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့ သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် စပ်လျဉ်းသည့် ဆွေးနွေးခြင်းကိစ္စရပ်အပါအဝင် လွှတ်တော်အသီးသီးရှိ ဆောင်ရွက်ဆဲဥပဒေကြမ်းများကိုလည်း ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခုအစည်းအဝေးတွင် ပိုမိုများပြားသည့် အလုပ်တာဝန်များကို အချိန်မီအောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်၌ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုခိုင်မာတိုးတက်စေရန်နှင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရေးတို့အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများအလိုက် အကောင်အထည်ဖော်လုပ်ဆောင်နေကြရာတွင်လည်း မိမိတို့၏အခန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော၊ ပြည်သူအားလုံးကို ကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူများအပေါ် ထားရှိရမည့် ကတိသစ္စာများအတိုင်း အမြဲတမ်းမဖောက်မပြန် အလေးထားဆောင်ရွက်ပေးကြရမည်ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး ခံယူကြရမည်ဖြစ်ပါကြောင်း။

အလားတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေးတို့ကိုလည်း မဖြစ်မနေဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ဆောင်ရွက်ကြရမည့်လုပ်ငန်းများတွင် အဆိုပါအကြောင်းအရာများကို အလေးထားစဉ်းစား၍ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ကြပါစေဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အောင်မြင်စွာရောက်ရှိရေး ချီတက်ရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ အမြော်အမြင်ရှိမှုနှင့် ဇွဲလုံ့လဝီရိယရှိမှု၊ ပြည်သူလူထုအပေါ် တာဝန်ကျေပွန်မှုများကို သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားချက်များနှင့် အညီ လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးအပြင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ၃၈ ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် ခရီးစဉ် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် ဦးစိုးအောင်အား ခန့်အပ်တာဝန်ပေးခြင်း၊ နိုင်ငံတော်သမ္မတရုံးမှပေးပို့သည့် ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်များနှင့် မြို့များ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးတင်အောင်ချိုအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အဖြစ် အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မှုကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်မည်ဖြစ်သည်ကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် သဝဏ်လွှာပေးပို့ခဲ့ပါကြောင်း။

နိုင်ငံတစ်နိုင်ငံလုံး၏ ဘဏ္ဍာရေးနှစ်သတ်မှတ်ရာတွင် ယင်းနိုင်ငံ၏ စီးပွားရေးရည်မှန်းချက်၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒတို့ကို ချမှတ်ဆောင်ရွက်ရာတွင် ချမှတ်သည့်ရည်မှန်းချက်အတိုင်း ထမြောက်အောင်မြင်စေရန် အဓိကထား၍ သတ်မှတ်ကြခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ် တစ်နည်းအားဖြင့် ဘတ်ဂျက်နှစ်ဟူသည် တစ်နှစ်တာ သို့မဟုတ် (၁၂)လကာလအတွက် အစိုးရ၏ ဘဏ္ဍာငွေအရအသုံးကိစ္စများ လျာထားအကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်ချက်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြင်ဆင်သတ်မှတ်ပါက ရရှိမည့်အားသာချက်များမှာ တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများအတွက် တစ်ဆက်တည်း ရှစ်လခန့် ပွင့်လင်းရာသီရရှိနိုင်ခြင်း၊ ဘဏ္ဍာရေးနှစ် စတင်ချိန်နှင့် နှစ်သစ်ကူးရုံးပိတ်ရက်များ တိုက်ဆိုင်နေမှုမရှိတော့ခြင်း၊ ပွင့်လင်းရာသီအစတွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ပြီး ဘတ်ဂျက်ကုန်ဆုံးခါနီး မိုးရာသီတွင် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ခြင်း၊ သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတလာနိုင်ခြင်း စသည်တို့ ဖြစ်ပါကြောင်း၊ အားနည်းချက်များအနေဖြင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၂ ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါ ဘတ်ဂျက်ရေးဆွဲတင်ပြရမည့် အချိန်နှင့်မကိုက်ညီတော့သဖြင့် ယင်းဥပဒေအား ပြင်ဆင်ရန်လိုအပ်ခြင်း၊ ပြည်ပအကူအညီ၊ ချေးငွေများအတွက် မိမိဘဏ္ဍာရေးနှစ်နှင့် မကိုက်ညီသည့်နိုင်ငံ၊ အဖွဲ့အစည်းနှင့် အချိန်ညှိနှိုင်းရခြင်း၊ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သည့်နှစ်တွင် လက်ရှိအစိုးရက ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘတ်ဂျက်သည် အစိုးရသစ်သို့ တာဝန်လွှဲပြောင်းပေးချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်ချိန် ခြောက်လသာ ရှိသေးခြင်းတို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို လက်ရှိသတ်မှတ်ထားသည့် **"ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၀ ရက်"** အစား **"အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ"** ဟု ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို အတည်ပြုလက်ခံပေးပါရန်နှင့် အတည်ပြုပါက ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ရှင်းလင်းတင်ပြသည်။**

**ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။**

ထို့နောက်နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်းအပြန်အလှန် အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဘင်္ဂလားပင်လယ်အော် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ( Bay of Bengal Initiative for Multi- Sectoral Technical and Economic Cooperation – BIMSTEC)သည် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော်မှုခင်းများမှ အကြမ်းဖက်မှု၊ မူယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုနှင့် ငွေကြေးခဝါချမှုများ တားဆီးနှိမ်နင်းရေးတို့ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဥပဒေအရ အပြန်အလှန်အကူအညီပေးရေး BIMSTEC ကွန်ဗင်းရှင်းကိုရေးဆွဲ၍ အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်ဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်ရန် တိုက်တွန်းနှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ BIMSTEC ၏ ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းသည် အဖွဲ့ဝင်နိုင်ငံများအပေါ် ဥပဒေအရ စည်းနှောင်မှုမရှိဘဲ နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနယ်ပယ်တွင် အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးသက်ရောက်မှုရှိသည့် ပူးပေါင်းဆောင်ရွက်မှုကို ပြသနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့် နည်းဥပဒေများကိုပြဋ္ဌာန်းထားပြီး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အာဆီယံနိုင်ငံများအကြား ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ခြင်းနှင့် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃ ကြိမ်မြောက် BIMSTEC ညီလာခံတွင် နိုင်ငံတော်သမ္မတက အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားခဲ့ခြင်းများကြောင့် မြန်မာနိုင်ငံအနေဖြင့် ဦးဆောင်ပါဝင်ရန်လိုအပ်လျက်ရှိပါကြောင်း၊ ပူးပေါင်းပါဝင်ဆွေးနွေးနိုင်မှုကဏ္ဍနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းအခန်းကဏ္ဍတို့ကို ပိုမိုပေါ်လွင်စွာ ဖော်ပြနိုင်မည်ဖြစ်ပါကြောင်း။ BIMSTEC အဖွဲ့အစည်း၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါ သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ BIMSTEC ကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက BIM-STEC အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ရှင်းလင်းတင်ပြသည်။**

**ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။**

ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ယနေ့စတင်ကျင်းပ

## ပြည်သူ့ကိုယ်စားလှယ်များပီသစွာ နိုင်ငံတော်နှင့်နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွားကို ဆက်လက်ကာကွယ်မြှင့်တင်ဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့ စတင်ကျင်းပသည့် ဆဋ္ဌမပုံမှန်အစည်းအဝေးကာလ အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆုံးဖြတ်အတည်ပြုကြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်ကြမည့် ဥပဒေကြမ်း ၁၇ ခုရှိပါကြောင်း၊ အဆိုများအနေဖြင့် အသင့်ဖြေပြီး ကိုးခုရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် ပဉ္စမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၈၅ ခု အပါအဝင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၂၉ ခုရှိပါကြောင်း။

ယနေ့ကာလသည် မိမိတို့နိုင်ငံသားများအားလုံး စည်းလုံးညီညွတ်မှုကို ပြသရမည့်အချိန်ကာလဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်ပါက စည်းလုံးမှုပြိုကွဲခဲ့ချိန်တွင် နိုင်ငံသည် အဘက်ဘက်မှ ယိုယွင်းပျက်စီးခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့တိုင်းရင်းသားများအကြား၊ ပါတီများအကြား မယုံကြည်မှုနှင့် သံသယများကို ဖယ်ရှားပြီး ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်၏ မည်သည့်နေရာဒေသတွင်မဆို အခက်အခဲအကျပ်အတည်း ဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက ပြည်ထောင်စု၏ အရေးဟုခံယူကြပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်ရှိနေမှသာ ပြည်တွင်းပြည်ပအန္တရာယ်များကို စည်းလုံးညီညွတ်ခြင်း အင်အားဖြင့် အတူလက်တွဲ ကာကွယ်နိုင်ကြမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ ရှင်သန်ရပ်တည်လာခဲ့သည်မှာ ယခုဆိုလျှင် ဒုတိယသက်တမ်း၏ ဆဋ္ဌမအကြိမ်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ခိုင်မာအားကောင်းသည့် အဖွဲ့အစည်းများအဖြစ် လည်ပတ်နေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဥပဒေပြုရေးဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်က ပြင်ဆင်အတည်ပြုလိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ကာကွယ်မြှင့်တင်နိုင်သည့် ဥပဒေများဖြစ်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တွင် မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများသည်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီသစွာ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ဆက်လက်ကာကွယ်မြှင့်တင်ဆောင်ရွက်ကြပါရန် ပြောကြားရင်း နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စက်တင်ဘာလမှ အောက်တိုဘာလအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်၊ ရုရှား၊ ချက်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အီတလီနိုင်ငံများသို့ ညီလာခံများနှင့် လေ့လာရေးခရီးသွားရောက်မှုများကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **မကွေးတိုင်းဆေးရုံကြီးတွင် လိုအပ်နေသော ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက်ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးဦးစီးဌာနသည် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းများအား ဖြည့်ဆည်းပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်သော ကျောက်ကပ်ဆေးစက်အား ဗဟိုဆေးသိုလှောင်ရေးဌာနမှ မကွေးဆေးရုံကြီးသို့ ၂၀၁၇ ခုနှစ် ဇွန်လတွင် ထောက်ပံ့ပေးပို့ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နောက်ထပ်တစ်လုံးပေးရန် အစီအစဉ်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူရန်အတွက် ၇၂ ဘီလီယံသုံးစွဲထားပါကြောင်း၊ မကွေးဆေးရုံကြီးတွင် ယခုတစ်လုံး နောက်ထပ်မကြာမီ တစ်လုံး ထပ်မံထုတ်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

သယ်နိုးကျွန်း မဲဆန္ဒနယ်မှ ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲများကို ရန်ကုန်မြို့တွင် နှစ်စဉ်ပြန်လည်ကျင်းပရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပထမအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲအား ၁၉၅၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် အသင်းပေါင်း ကိုးသင်းဖြင့် ရန်ကုန်မြို့ ဘီအေအေကွင်း (ယခုအောင်ဆန်းအားကစားပြိုင်ကွင်း)တွင် စတင်ပြုလုပ်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲများအား ၁၉၅၂ ခုနှစ်မှ စတင်၍ စဉ်ဆက်မပြတ်ကျင်းပနိုင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၁၆ ခုနှစ်မှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ပြန်လည်ကျင်းပနိုင်ခဲ့ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲများကို နှစ်စဉ် ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပပေးရန်နှင့် ပတ်သက်၍ အောင်ဆန်းကွင်းအပါအဝင် ပြိုင်ပွဲကျင်းပမည့် အခြားကွင်းများကို တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သည့် ဘတ်ဂျက်ရန်ပုံငွေတောင်းခံ၍ရမည်ဆိုပါက ၂၀၁၉ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံဘောလုံးအသင်းနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အားကစားပွဲများကို ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

အလားတူ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်နှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့၏ မြန်မာနိုင်ငံတွင် အစားအသောက်နှင့်ဆိုင်သည့် အယူခံခါတ်ခွဲခန်းနှင့် ဆေးဝါးများ စံချိန်စံညွှန်းနှင့် အာနိသင်လျော့နည်းခြင်းများတွေ့ရှိပါက အရေးယူခြင်းရှိ၊ မရှိနှင့် ဆေးရုံ၊ ဆေးခန်းနှင့်ဝေးသော ဒေသများတွင် မွေးစာရင်းမှန်ကန်ရေး၊ မြန်ဆန်စွာရရှိနိုင်ရေး၊ ဖောင်းပြင်မြို့နယ်ရှိ ကျန်းမာရေးဌာနခွဲနှင့် မိုင်းချောင်းကျန်းမာရေးဌာနခွဲတို့အား ကျန်းမာရေးဌာနများအဖြစ် အဆင့်တိုးမြှင့်ပေးရန်တို့နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက **ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မြန်မာနိုင်ငံ၌ မူလတန်းမတက်ခင် ၅ နှစ်အောက် ကလေးများသည် မိဘများထံတွင် ဖြစ်သလို၊ အဆင်ပြေသလို လေ့ကျင့်မှုမရှိသည့် ကလေးဘဝကို ဖြတ်သန်းစေခြင်းကများလွန်းလှပါကြောင်း၊ မိဘများအနေဖြင့် မိမိတို့ကလေးကို ၅ နှစ်ပြည့်ပြီးမှသာ ကျောင်းအပ်ရမည်ဆိုသည့် အသိမှုလောက်သာ ရှိသည်ကများပါကြောင်း၊ ကလေးသူငယ်ဖွံ့ဖြိုးမှုအကြောင်း မည်သို့လေ့ကျင့်ပျိုးထောင်ပေးရမည်ဆိုသည့် အသိပညာမျိုး လုံးဝမရှိသူကများပါကြောင်း၊ မြို့ပြများတွင် လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော မူကြိုကျောင်းများတွင် ကျောင်းနှင့် နီးသည့်ကလေးများသာလျှင် တက်ရောက်ပြီး ကျောင်းနှင့်ဝေးသည့် ကလေးများ မတက်ရောက်နိုင်ကြပါကြောင်း၊ ပုဂ္ဂလိကမူကြိုကျောင်း တက်ရောက်ရန်အတွက် ချမ်းသာသော မိဘများသာထားနိုင်ပြီး ဆင်းရဲသားကလေးအများစုက မတက်ရောက်နိုင်ကြပါကြောင်း၊ ကလေးများအတွက် အရေးကြီးလှသည့်အချိန်တွင် ငွေကြေးမတတ်နိုင်ခြင်းဆိုသည့် အဟန့်အတားကြောင့် ဘက်စုံ ဖွံ့ဖြိုးခွင့်မရကြပါကြောင်း၊ မြို့ကျောင်းတွင် မူကြိုတက်ခွင့်ရသည့် ကလေးနှင့် မူကြိုတက်ခွင့်မရသည့် ကလေးနှစ်ဦးကို ယှဉ်လျှင် တက်ခွင့်ရသည့် ကလေးက ဦးနှောက်ဖွံ့ဖြိုးမှုအရ ပိုမိုသာလွန်သည်ကို တွေ့ရပါကြောင်း၊ နိုင်ငံအတွက်အထူးပင်အရေးကြီးလှသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာ အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝေဖြိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ အလိုက် ပြင်ဆင်ချက်အဆိုကို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **အေးအေးသန့်(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-II ပြိုင်ပွဲများကို မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ပြုလုပ်လျက်ရှိသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်၍ Level-I ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုအခါ Level-II ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ရာ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ပွဲစဉ် (၁) ပြိုင်ပွဲအား အောက်တိုဘာ ၂၁ ရက်တွင်လည်းကောင်း၊ ပွဲစဉ် (၂) ပြိုင်ပွဲအား အောက်တိုဘာ ၂၂ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အင်းတော်မြို့တွင် ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သပွဲ ကျင်းပ

**အင်းတော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်ကျင်းပသည့် ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သပွဲကို အင်းတော်မြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်းတွင် အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုပြီး ဆုတောင်းမေတ္တာပို့သပွဲ ပြုလုပ်ရခြင်းအကြောင်းအား ဦးညဏ်က ပြောကြားခဲ့ပြီး ဗုဒ္ဓဘာသာဝင်ကိုယ်စား မြို့နယ်နန်းကင်းကျောင်း ဆရာတော်ဦးဝါယမိန္ဒက ဆုတောင်းမေတ္တာပို့သခြင်း၊ ခရစ်ယာန် ဘာသာဝင်ကိုယ်စား ဦးနော်ဆမ်က ဆုတောင်းမေတ္တာပို့သခြင်း၊ အစ္စလာမ် ဘာသာဝင်ကိုယ်စား မော်လဝီ ဦးအောင်မင်းနိုင်က ဆုတောင်းမေတ္တာပို့သခြင်းနှင့် အားလုံး၏ကိုယ်စား ဦးသန်းအောင်မှ အမိမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်ငြိမ်းချမ်းစေရန် ဆုတောင်းပို့သခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဖြူးမြို့နယ်တွင် မတ်ပဲပွဲရုံများ သိန်းထောင်ချီအရှုံးပေါ်နေ

**ဖြူး အောက်တိုဘာ ၁၇**

တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ဆောင်းသီးနှံအဖြစ် မတ်ပဲကို အဓိကထားစိုက်ပျိုးကြသည်။ မတ်ပဲကို စပါးရိတ်ပြီး နိုဝင်ဘာလမှ စတင်စိုက်ပျိုးကာ မတ်လဆန်းတွင် ရိတ်သိမ်းကြသည်။ မတ်ပဲတစ်ဧကတွင် စိုက်ပျိုးစရိတ်နှင့် နှစ်သိန်းခန့်ကုန်ကျသည်။ မတ်ပဲတစ်ဧကတွင် ၁၂ တင်းမှအတင်း ၂၀ အထိ ထွက်ရှိသည်။ မတ်ပဲကို ယမန်နှစ်က တစ်တင်း ငွေကျပ် ၃၇၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။

ဖြူးမြို့နယ်တွင် ဆောင်းသီးနှံအဖြစ် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကြသည်။ တစ်ဧက ၁၅ တင်းနှုန်းဖြင့် မတ်ပဲတင်းပေါင်း ၁၅ သိန်းကျော်ထွက်ရှိခဲ့သည်။ ယခုနှစ်တွင် မတ်ပဲများပြည်ပမှ မဝယ်တော့သဖြင့် မတ်ပဲဈေးမှာ ထက်ဝက်ခန့် ထိုးကျခဲ့သည်။ ယခုအခါ မတ်ပဲဈေးမှာ တစ်တင်း ငွေကျပ် ၁၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ မတ်ပဲမှ ဈေးသာရှိပြီး ဝယ်လက်မရှိဘဲ ဖြစ်နေသည်။

ဖြူးမြို့နယ်တွင် မတ်ပဲပွဲရုံကြီး ၁၀ ရုံခန့်ရှိပြီး ကညွတ်ကွင်း၊ ဇေယျဝတီ၊ ညောင်ပင်သာနှင့် အုတ်ဖြတ်နယ်တို့တွင်လည်း မတ်ပဲပွဲရုံများရှိကြသည်။ ဖြူးမြို့နယ်တစ်ခုလုံးတွင် မတ်ပဲပွဲရုံ ၃၀ ခန့်ရှိသည်။ မတ်ပဲပွဲရုံများမှာ တစ်တင်း ငွေကျပ် ၃၇၀၀၀ ဖြင့် ဝယ်ထားခဲ့ပြီး ယခုအခါ မတ်ပဲဈေးထိုးကျကာ ဝယ်လက်မရှိတော့သဖြင့် ပွဲရုံလေးများမှာ တစ်တင်းခွဲအိတ် ၂၀၀ ခန့်နှင့် လက်ကားပွဲရုံကြီးများ အိတ် ၅၀၀ မှ ၁၀၀၀ ခန့်အထိအရှုံးနှင့် သိုလှောင်ထားနေကြရသည်။ ပဲစိုက်တောင်သူများကလည်း မိမိတို့လယ်ယာထွက်သော မတ်ပဲများကို ပွဲရုံသို့အပ်နှံထားရာ ပဲစိုက်တောင်သူများပါ အရှုံးပေါ်နေသည်။ မတ်ပဲပွဲရုံတိုင်းမှာ အရှုံးနှင့်ရင်ဆိုင်နေရပြီး ပွဲရုံအသေးအကြီးအလိုက် သိန်းထောင်သောင်းချီ၍ အရှုံးပေါ်နေကြောင်း စုံစမ်းသိရှိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့စတင်ကျင်းပ

## လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့မဲဆန္ဒနယ်မြေ၏အကျိုး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးဖြစ်စေမည့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်အစည်းအဝေးများကို တစ်လခွဲကျော်ကြာ ရပ်နားထားစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီး၏ အကျိုး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးဖြစ်ထွန်းစေမည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သည့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းတို့အပြင် သက်ဆိုင်ရာကော်မတီများအလိုက် လေ့လာစိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

ထိုသို့ဆောင်ရွက်မှသာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူနှင့် နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဆွေးနွေးဆောင်ရွက်မည်ဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ၎င်းတို့၏ အရအသုံးအခြေအနေအပေါ်မူတည်ပြီး ဖြည့်စွက်ခွင့်ပြုငွေများ တင်ပြတောင်းခံလာခြင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ဦးထိပ်ထား ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လည်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၏ **လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ(၇) မလျှောက်ထားရသေးသော တောင်သူလယ်သမားများအနေဖြင့် ပုံစံလျှောက်ထားရာ၌ မပြေလည်မှုများ၊ နှောင့်နှေးကြန့်ကြာမှုများ မရှိစေရန်မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ထုတ်ပေးပြီး ပုံစံ(၇)တွင် လွဲမှားမှုများရှိနေပါက ပြင်ဆင်ပေးရန်**



ဒုတိယဝန်ကြီး ဦးလှကျော်



မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဝင်းမြင့်

**အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားရာ၌ လွယ်ကူစေရန် ပွင့်လင်းမြင်သာမှုရှိစေရေးနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တိုက်ရိုက်တင်ပြနိုင်ရေးအတွက် နေ့စဉ်ထုတ်သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှလည်း ခြောက်လတစ်ကြိမ်၊ တစ်ကြိမ်လျှင် လေးရက်ကြာဖြင့် ထုတ်ပြန်ကြေညာပေးလျက်ရှိပါကြောင်း၊ ထို့ပြင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင်လည်း အများမြင်သာအောင် ပိုစတာဖြင့် ချိတ်ဆွဲထား ရှိပြီးဖြစ်ပါကြောင်း၊ ယင်းသို့ ကြေညာရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ရရှိရေးတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် လယ်ယာမြေနည်းဥပဒေနှင့်အညီ ကြာမြင့်မည့်အချိန်ကာလ အပိုင်းအခြားများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးထားပါကြောင်း။

ထို့ပြင် တောင်သူလယ်သမားများအနေဖြင့်လည်း လယ်ယာမြေများအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ တင်ပြခြင်းမရှိဘဲ ရောင်းဝယ်လွှဲပြောင်းထားခြင်း၊ ငှားရမ်းထားခြင်းနှင့် လုပ်ကိုင်သူပိုင်ဆိုင်သူ၏ အမည်စာရင်းရေးသွင်းရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပါ အမည်ကို ရေးသွင်းမှုမပြုဘဲ အရပ်အခေါ် ငယ်နာမည်များအား ရေးသွင်းခဲ့ကြမှုရှိသဖြင့် မှားယွင်းခဲ့ရခြင်းများလည်း ရှိပါကြောင်း၊ ယင်းသို့ လွဲမှားမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ထုတ်ပေးပြီး ပုံစံ(၇)များအပေါ် ဦးပိုင်/ဧရိယာလွဲမှားမှုနှင့် မြေကွက်ထပ်နေသည့် စာရင်းများအား ပြန်လည်စိစစ်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများမှ ပြန်လည်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုံစံ(၇) ထုတ်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် ထုတ်ပေးပြီး ပုံစံ(၇)များ လွဲမှားနေခြင်းကို ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများတွင် အခက်အခဲမရှိစေရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုတွင် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း သက်ဆိုင်ရာ မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးများနှင့် ထိတွေ့ဆက်စပ်ပြီး ဖြေရှင်းဆောင်ရွက်သွားနိုင်သည့် အခွင့်အလမ်းရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဦးကျော်ထွေး၏ **ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် အနောက်ဘက်ခြမ်းရှိ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် တောင်သူများ၊ မွေးမြူရေးသမားများ အားကိုးအားထားပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး ခေတ်မီသုတေသနစင်တာတစ်ခု တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးလှကျော်က တိရစ္ဆာန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာသန့်ရှင်းပြီး အာဟာရပြည့်ဝသည့် မွေးမြူရေးထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် မွေးမြူရေးဆိုင်ရာ စီးပွားဖြစ်စနစ်တကျ လုပ်ကိုင်လိုသူများအတွက် တိုင်းရင်း ကြက်၊ နို့စားနွား၊ ဝက်၊ ဘဲ၊ ဆိတ်၊ ပျားမွေးမြူရေးဆိုင်ရာ နည်းပညာများ ရယူနိုင်ရန် လိုအပ်သော နည်းပညာနှင့် ထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ငါးကဏ္ဍအနေဖြင့်လည်း ငါးလုပ်ငန်းဦးစီးဌာနမှ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံများ တည်ဆောက်ပေးထားပြီး ရာခိုင်နှုန်းအလိုက် ငါးသားပေါက်များအား ငါးမွေးတောင်သူများသို့ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုး သားဖောက်သင်တန်းများ ဖွင့်လှစ်ပြီး မွေးမြူနည်းစနစ်များ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးတောင်သူများအတွက် တိုးချဲ့ပညာပေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း လှည်းကူးမြို့နယ်၊ ရဲမွန်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၊ မှော်ဘီမြို့နယ်တွင် မြန်မာဆန်စပါး သုတေသနဗဟိုဌာန၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲတွင် အပင်ဇီဝနည်းပညာဗဟိုဌာနတို့ တည်ထောင်၍စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် သုတေသနစင်တာတစ်ခု တည်ဆောက်ရေးကိစ္စမှာ လက်ရှိအနေဖြင့် စိုက်ပျိုးသူတောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တင်ပြခဲ့သည့်အတိုင်း စီမံဆောင်ရွက်ပေးလျက်ရှိနေပြီး စင်တာတစ်ခု တည်ဆောက်ရန်မှာ နေအင်အား၊ ပစ္စည်းအင်အား၊ လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ဖြည့်ဆည်းနိုင်ရန်၊ လိုအပ်ချက်များ ဖြည့်ဆည်းရန် အဆင့်အလိုက် သုံးသပ်ဆောင်ရွက်သွားရမည့် အနေအထားရှိနေပါကြောင်း၊ ဒေသအလိုက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း နိုင်ငံ၏လိုအပ်ချက်ကို လွှမ်းခြုံရည်မှန်း၍ ဆောင်ရွက်လျက်ရှိသည့်အလျောက် ဒေသအတွင်း ဆောင်ရွက်မှုအရ ဘဏ္ဍာငွေကုန်ကျစရိတ် လွန်စွာများပြားနိုင်ခြင်း၊ လက်ရှိတွင် သုတေသနလုပ်ငန်းများကို သင့်လျော်ရာဒေသများတွင် နိုင်ငံတော်အဆင့် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိနေခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် အနောက်ခြမ်းဒေသများအတွက် လက်ရှိအခြေအနေတွင် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း။

သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ် မကျီးတန်းကျေးရွာ၊ လက်ခိုက်ကျေးရွာ၊ လာဝတီကျေးရွာနှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ ကံကြီးမကျီးကျေးရွာတို့တွင် စိုက်ပျိုးရေးဝန်ဆောင်မှုဌာနများကို ဖွင့်လှစ်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဒေါက်တာဦးကွယ်ကွယ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးတို့၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

# အထူးကုဆေးရုံကြီး (ရန်ကုန်)၏ တိုးချဲ့ခြောက်ထပ်ဆောင်တွင် ခေတ်မီအဆင့်မြင့်စက်ကိရိယာများဖြင့် ကုသပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၇

**ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီး (ရန်ကုန်)တွင် တိုးချဲ့ခြောက်ထပ်ဆောင်နှင့် OT Complex ကို အောက်တိုဘာ ၇ ရက်က ဖွင့်လှစ်ခဲ့ပြီး ခေတ်မီအဆင့်မြင့် စက်ကိရိယာများဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။**

ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်က "တိုးချဲ့ဆေးရုံခြောက်ထပ်ဆောင်ကြီးက လူနာ ၂၀၀ ဆံ့တယ်။ အဆင့်အမြင့်ဆုံး စက်ကိရိယာပစ္စည်းတွေကို တပ်ဆင်ပြီး ကုသပေးနေပါတယ်။ အဆုတ်နဲ့ ရင်ခေါင်းခွဲစိတ်ကုသဌာန၊ အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုဌာန၊ ခွဲစိတ်ခန်းတွေနဲ့ မေ့ဆေးဌာန၊ ဆီးနဲ့ ကျောက်ကပ်ခွဲစိတ်ကုသဌာနရယ် သုံးခုထားပါတယ်။ နောက်ပိုင်းမှာ ရင်ခေါင်းနဲ့ပတ်သက်တဲ့ ဌာနတွေ၊ ကျောက်ကပ်နဲ့ပတ်သက်တဲ့ ဌာနတွေ သီးခြားသီးသန့် ပေါ်လာစေချင်တယ်" ဟု ပြောသည်။

ခုတင် ၅၀၀ ဆံ့အထူးကုဆေးရုံကြီး (ရန်ကုန်)ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်တွင် သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဆေးရုံရှိ အထွေထွေရောဂါကုဌာနကို နေ့စဉ်လာရောက်ပြသသည့် လူနာအရေအတွက် ပျမ်းမျှ ၁၀၀ ကျော်ရှိကြောင်း သိရသည်။

အထူးကုဌာနများအနေဖြင့် ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ကုသမှုဌာန၊ ဆီးရောဂါ ဆေးအထူးကုဌာန၊ အဆုတ်နှင့် ရင်ခေါင်းခွဲစိတ်ကုသဌာန၊ ရင်ခေါင်း အထူးကုသဌာန၊ အသည်းနှင့် သည်းခြေလမ်းကြောင်း ခွဲစိတ်ကုသဌာန၊ အသည်းရောဂါကုသမှုဌာန၊ အရိုးအဆစ်နှင့် အကြောကုသမှုဌာနနှင့် ပြန်လည်သန်စွမ်းရေး ဌာနကြီးများရှိသည့်အပြင် အဆိုပါဌာနကြီးများကို အထောက်အပံ့ပြုသည့် ခွဲစိတ်ကုသမှုနှင့် မေ့ဆေးအထူးကြပ်မတ်ကုသမှုဌာန၊ ပုံရိပ်ဖော်ရောဂါရှာဖွေကုသမှုဌာနများနှင့် ဓာတ်ခွဲစမ်းသပ်ရောဂါရှာဖွေကုသဌာနတို့ဖြင့် ဌာန ၁၁ ခု ဖွဲ့စည်းထားသည်။

"စတင်ဖွင့်လှစ်ချိန်က ခုတင် ၅၀၀ ဖြစ်ပါတယ်။ ဝန်ထမ်းစုစုပေါင်း ၄၀၀ ကျော်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဆေးရုံကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးက ပူးတွဲထားတဲ့ အထူးကုဌာနတွေကို သီးခြားအထူးကုဌာနတွေအဖြစ် စုစည်းပြီးထားတဲ့ ဆေးရုံတစ်ရုံဖြစ်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီးအပြင် နယ်ဆေးရုံတွေလွှဲလိုက်တဲ့ လူနာတွေကိုလည်း ကုသပေးနေပါတယ်" ဟု အထူးကုဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်က ပြောသည်။

ဆေးရုံ၏ ကုသမှုအပိုင်းနှင့် စပ်လျဉ်း၍ "ကုသမှုအပိုင်းမှာ ဆရာဝန်ကြီးတွေက စေတနာနဲ့ အတတ်နိုင်ဆုံး ကြိုးစားကြတယ်။ ကိုယ့်ကျန်းမာရေးရဲ့ ပိုင်ရှင်ဟာ မိမိကိုယ်တိုင်သာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် တစ်ဦးချင်းသာမက နိုင်ငံရဲ့ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ သူနာပြုတွေကလည်း အထူးကုဘာသာရပ်တွေကို အထူးသင်ကြားထားသူများ ဖြစ်ပါတယ်။ ဝန်ထမ်းအင်အား ချို့တဲ့မှုမရှိအောင် နိုင်ငံတကာနဲ့ နောက်ကျမကျန်ခဲ့အောင် ကုသမှုအပိုင်းမှာရော၊ စက်ပစ္စည်းကိရိယာအပိုင်းမှာပါ တန်ဖိုးရှိတဲ့ စက်ပစ္စည်းကိရိယာတွေနဲ့ အသုံးချနေပါတယ်" ဟု ပြောသည်။



အထူးကုဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်

အဆိုပါ အထူးကုဆေးရုံကြီးတွင် ကုသမှု၊ သင်ကြားမှုနှင့် သုတေသနအပိုင်းများတွင် နိုင်ငံတကာရှိ ဆေးရုံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆီးနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ပြည်တွင်းမှ ဆရာဝန်များဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အသည်းအစားထိုးခွဲစိတ်ကုသမှုများတွင် ပြည်တွင်းအထူးကုဆရာဝန်များက ၇၅ ရာခိုင်နှုန်းနှင့် ပြည်ပနိုင်ငံများမှ အထူးကုဆရာဝန်များက ၂၅ ရာခိုင်နှုန်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နောက်ပိုင်းတွင် ပြည်တွင်းမှ အထူးကုဆရာဝန်များဖြင့် ရာနှုန်းပြည့် ခွဲစိတ်ကုသပေးရန် အစီအစဉ်ရေးဆွဲလျက်ရှိကြောင်းလည်း သိရသည်။

**သတင်း-ဥမ္မာသန့်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ-လှမိုး**

* ကျောဖုံးမှ

ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂနိုင်ငံရေးရာ ဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ရသေ့တောင်မြို့နယ် အနောက်ပြင်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများနှင့်လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသည့် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ သွားရောက်ပြီး ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့် လည်းကောင်း၊ မောင်တောမြို့နယ် ရွှေရင်အေး(နတလ)ကျေးရွာသို့ သွားရောက်ပြီး ဒေသခံ ကျေးရွာသူ ကျေးရွာသားများနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။



ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ် (သတင်းစဉ်)

အနောက်ပြင်၊ ငါးခူရနှင့် ရွှေရင်အေး(နတလ) ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ယခုလာရောက်သူသည် ကုလသမဂ္ဂမှဖြစ်ပါကြောင်း မိတ်ဆက်ပေးပြီး ဩဂုတ် ၂၅ ရက်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်က ဩဂုတ် ၂၅ ရက်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မြန်မာကို ကမ္ဘာက အာရုံစိုက်လျက်ရှိပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်ကိုလည်း ကမ္ဘာက အထူးအာရုံစိုက်လျက်ရှိပါကြောင်း၊ ကမ္ဘာက အာရုံစိုက်မှုကို အခွင့်ကောင်းယူ၍ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရမှုများကြောင့် ဒေသခံများ မည်သို့ခံစားနေရသည်၊ မည်သည့်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေသည်ကို သိရှိနိုင်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က စေလွှတ်၍ ယခုလိုလာရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ဩဂုတ် ၂၅ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့မှု၊ တွေ့ကြုံခံစားရမှု၊ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

အနောက်ပြင် ကျေးရွာသူ ကျေးရွာသားများက ပညာရေးအတွက် အခြေခံပညာစာသင်ကျောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံလိုအပ်မှု၊ လုံခြုံစွာဆက်သွယ်သွားလာနိုင်ရေးအတွက်လိုအပ်မှု၊ လယ်ယာလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများ လိုအပ်မှု၊ မော်တော်ယာဉ်လိုအပ်မှု၊ လမ်းတံတားများ လိုအပ်မှု၊ ပျက်စီးနေသည့်နေအိမ် ဆောက်လုပ်ပေးရန်လိုအပ်မှု၊ ရုပ်မြင်သံကြားစက်ပစ္စည်းများလိုအပ်မှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်မှု၊ ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများကို တင်ပြကြသည်။

အလားတူ ငါးခူရကျေးရွာနေ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များက မတူညီသည့် လူ့အဖွဲ့အစည်းများအကြား စိုးရိမ်စိတ်များဖြစ်ပေါ်နေမှု၊ လုံခြုံရေးလိုအပ်မှု၊ လူမှုစီးပွားတိုးတက်ရန်အတွက် အလုပ်အကိုင်များ ခက်ခဲနေမှု၊ နိုင်ငံသား စိစစ်ရေးကတ်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်ပေးရန် လိုအပ်နေမှုအခြေအနေများကို တင်ပြကြသည်။

ရွှေရင်အေး(နတလ)ကျေးရွာသူ ကျေးရွာသားများက ဩဂုတ် ၂၅ ရက်က အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရမှု၊ လုပ်ကိုင်စားသောက်ရန် ခက်ခဲနေမှု၊ ဒေသလုံခြုံရေးလိုအပ်မှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ရွှေရင်အေး(နတလ) ကျေးရွာမှတစ်ဆင့် စစ်တွေမြို့သို့ ရောက်ရှိပြီး စစ်တွေမြို့ပေါ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်သို့ သွားရောက်၍ ပရဟိတလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ အမှူးပြုသော ဆရာတော်များနှင့်တွေ့ဆုံကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ မတူညီသည့် လူ့အဖွဲ့အစည်းများအကြား ဖြစ်ပေါ်နေသည့် စိုးရိမ်စိတ်များ ပြေပျောက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြံဉာဏ်များ မေးမြန်းလျှောက်ထားသည်။

ဆက်လက်၍ ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် သက္ကယ်ပြင်ကျေးရွာသို့ သွားရောက်၍ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

ညနေပိုင်းတွင် ကုလသမဂ္ဂနိုင်ငံရေးရာ ဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

# (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

(၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အာဆီယံအထိမ်းအမှတ်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။




အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်မှာ နှစ် ၂၀ တိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ကွာဟချက်များ လျော့နည်းသွားစေရန်နှင့် သိပ္ပံနှင့် နည်းပညာနှင့်တီထွင်ဆန်းသစ်မှု အခန်းကဏ္ဍတွင် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များမြင့်မားစေရန် အတူတကွ ပူးပေါင်းလုပ်ဆောင်ရာတွင် အာဆီယံသိပ္ပံနှင့် နည်းပညာလှုပ်ရှားမှုများနှင့် အစည်းအဝေးများတွင် မြန်မာနိုင်ငံသည် တက်တက်ကြွကြွ ပူးပေါင်းပါဝင်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာရေးအဖွဲ့အစည်းများနှင့် သုတေသနဖွံ့ဖြိုးမှုလုပ်ငန်းများ မြင့်မားလာစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်ပညာကဏ္ဍတွင် အဖွဲ့အစည်းများ ခိုင်မာစေရန် ကြိုးပမ်းလုပ်ဆောင်ခြင်း၊ အခြေခံပညာရေးကဏ္ဍ၊ စက်မှုသက်မွေးပညာရေးကဏ္ဍ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများနှင့် ပညာရေးအရည်အသွေးမြင့်မားစေရန်၊ သိပ္ပံနှင့် နည်းပညာနှင့် ပတ်သက်သော အရည်အသွေးမြင့်မားသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရန်နှင့် နည်းပညာပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များကိုမွေးထုတ်ပေးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း။

ထို့ပြင် သိပ္ပံနှင့် နည်းပညာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် အမျိုးမျိုးသော သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းမြင့်မားလာစေရန် ရည်ရွယ်ပါကြောင်း၊ (၁၆) ကြိမ်မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးများမှ (SPASTI) ကို ချမှတ်ကျင့်သုံးခဲ့ပါကြောင်း။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ Siem Reap ၌ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပခဲ့သည့် (IAMMST-9) အစည်းအဝေး၌ ဝန်ကြီးများက (APASTI) ၂၀၁၆-၂၀၂၅ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းစီမံချက်ကို ချမှတ်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၂၅ (APASTI) ရည်မှန်းချက်များ ပြည့်မီစေရန်နှင့် ၂၀၁၆-၂၀၂၅ (APASTI)ဆောင်ရွက်ရမည့် စီမံချက်များကိုက်ညီမှုရှိစေရန် အာဆီယံနိုင်ငံအချင်းချင်း STI ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေရန် ရည်ရွယ်ပါကြောင်း။

၂၀၁၅ တွင် အာဆီယံနိုင်ငံများ၏ ရည်မှန်းချက်ဖြစ်သော ယှဉ်ပြိုင်မှု၊ ဆန်းသစ်တီထွင်မှု၊ အရှိန်အဟုန်မြင့်မားလာစေရန် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် အတူလက်တွဲလုပ်ဆောင်လျက်ရှိပါကြောင်း၊ အစည်းအဝေးပြုလုပ်ခြင်းဖြင့် ရရှိလာသော ရလဒ်ကောင်းများကြောင့် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးမှုတွင် တန်ဖိုးရှိသော၊ ခိုင်မာသောဆုံးဖြတ်ချက်များ၊ ပြီးပြည့်စုံသောရလဒ်ကောင်းများကို ရရှိလာမည်ဟု လေးလေးနက်နက် ယုံကြည်မိပါကြောင်း ပြောကြားသည်။

ထို့နောက် လက်ရှိ အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံ Ministry of Industry and Handicraft မှ Under Secretary of State ဖြစ်သူ Dr. Tung Ciny က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီဥက္ကဋ္ဌ Dr. Tung Ciny က မြန်မာနိုင်ငံမှ အလှည့်ကျတာဝန်ယူရမည့် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းပေးအပ်ရာ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က လက်ခံပြီး မိန့်ခွန်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် (၇၃) ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှ သိပ္ပံနှင့်နည်းပညာ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများက အာဆီယံနိုင်ငံများအကြား သိပ္ပံနဲ့ နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော အမေရိကန်၊ ရုရှား၊ အိန္ဒိယ၊ EU အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အာဆီယံအနေဖြင့် ကိုယ်စားပြုဆွေးနွေးတင်ပြကြမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာ အုပ်ချုပ်မှုကောင်စီအစည်းအဝေး(GC-AISTDF)နှင့် (၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ သိပ္ပံနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဆွေးနွေးပွဲ (AIWGST)ကို အောက်တိုဘာ ၁၈ ရက်တွင် လည်းကောင်း၊ (၈)ကြိမ်မြောက် အာဆီယံ-ရုရှား သိပ္ပံနှင့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဆွေးနွေးပွဲ (ARWGST)၊ (၇)ကြိမ်မြောက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အာဆီယံ-အမေရိကန်ဆွေးနွေးပွဲ(AUSCST)နှင့် (၇)ကြိမ်မြောက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အာဆီယံ-အီးယူ ဆွေးနွေးပွဲ (AEUDST)ကိုအောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း၊ (၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်တွင်လည်းကောင်း မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


**(သတင်းစဉ်)**

# ကမ္ဘာ့လက်ဆေးခြင်းနေ့ပွဲတော် အခမ်းအနားကျင်းပ

**မလှိုင် အောက်တိုဘာ ၁၇**

ကမ္ဘာ့လက်ဆေးခြင်းနေ့ ပွဲတော်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့တွင် အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက အထကမြို့သစ် စာသင်ကျောင်း၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးက အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း MNMA/ BHS က အမှာစကားပြောကြားသည်။ ဆက်လက်၍ လက်ဆေးနေ့ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခြင်း၊ လက်ဆေးခြင်းအဆင့်ဆင့်အား သရုပ်ပြခြင်းကို MNMA အဖွဲ့က ရှင်းလင်းပြသခဲ့သည်။ လက်ဆေးခြင်းသရုပ်ပြသခြင်းများ ပြုလုပ်ပြီး လက်ဆေးခြင်းပြိုင်ပွဲများကို ကလေးအဆင့်၊ လူကြီးအဆင့် နှစ်မျိုးခွဲ၍ ယှဉ်ပြိုင်ခဲ့သည်။ ဉာဏ်စမ်းမေးခွန်းပြိုင်ပွဲတွင် ဆုရရှိသော ပြိုင်ပွဲဝင်ကလေး၊ လူကြီးများအား MNMA အဖွဲ့က ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)




# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍ ပါဝင်ကူညီမည်

ရန်ကုန် အောက်တိုဘာ ၁၇

**မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဘက်စုံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဒေသများနှင့် ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိသည့် ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဦးဆောင်သော ညီနောင်အသင်းများအားလုံးနှင့် စီးပွားရေးလုပ်ငန်းရှင်များက အားသွန်ခွန်စိုက် ပါဝင်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။**



ကုန်သည်၊ စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ အနေဖြင့် နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) တွင် သက်ဆိုင်ရာ ကျွမ်းကျင်သည့်ကဏ္ဍမှ အားဖြည့်ပါဝင်ကာ "ပြည်သူက ပြည်သူကို စောင့်ရှောက်မျှဝေ ထောက်ပံ့ကူညီတဲ့ပုံစံနဲ့ ကူညီသွားမယ်" ဟု ပြောကြားသည်။

ကနဦး ဆောင်ရွက်ချက်အနေဖြင့် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များက ရခိုင်ပြည်နယ်သို့ မကြာမီကာလတွင် သွားရောက်ကာ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး လိုအပ်ချက်များအပြင် အထိရောက်ဆုံး ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းများကို ကွင်းဆင်းလေ့လာမည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကျွမ်းကျင်မှုနှင့် အထောက်အပံ့များကို စုစည်းကာ လုပ်ငန်းစီမံချက်များ ချမှတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရည်ရွယ်ချက်အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကုန်သည်၊ စက်မှုအသင်းချုပ် ဦးဆောင်သော ညီနောင်အသင်းများက ကိုယ်စားလှယ် လုပ်ငန်းရှင်များ အောက်တိုဘာ ၇ ရက်တွင် ကုန်သည်၊ စက်မှုအသင်းချုပ်ရုံး၌ တွေ့ဆုံခဲ့ရာ ဦးစားပေးလုပ်ငန်းများအဖြစ် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရေးနှင့် ဆေးပေးခန်းနှင့် စာသင်ကျောင်းများ တည်ဆောက်ခြင်းစသည့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။


လက်ရှိတွင် ကုန်သည်၊ စက်မှု အသင်းချုပ်၊ ညီနောင်အသင်းများ အပါအဝင် စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံတော် အစိုးရမှတစ်ဆင့် ငွေကြေး အထောက်အပံ့ ပံ့ပိုးကူညီခြင်းအပြင် ရခိုင်ပြည်နယ်သို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်များ ချမှတ်ဖော်ဆောင်ကြရန် ညီနောင်အသင်းများ အားလုံးနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍ အသီးသီးရှိ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များကို ကုန်သည်၊ စက်မှုအသင်းချုပ်က ဆော်ဩထားသည်။

အသင်းချုပ်နှင့် ညီနောင်အသင်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံပွဲတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် ရခိုင်ပြည်နယ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရေး၊ ဆန်စက်များ တည်ထောင်နိုင်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော အထောက်အကူပြုစက်ပစ္စည်းများ ထောက်ပံ့ရေး၊ စစ်တွေဆိပ်ကမ်းမြှင့်တင်ရေး၊ စာသင်ခန်းနှင့် ဆေးပေးခန်းများ တည်ဆောက်ရာတွင် လိုအပ်သော ပရိဘောဂပစ္စည်းများ ပံ့ပိုးရေး၊ ဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် ပြည်နယ်အတွင်းရှိ ဒေသခံ အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအား ဖေးမပေးရေးနှင့် ယုံကြည်ချက်မြင့်မားစေရေး အကူအညီများ ပေးအပ်နိုင်ရေးလုပ်ငန်းများနှင့် စီမံချက်များကို ပြင်ဆင် ဆောင်ရွက်သွားကြမည် ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း အောက်တိုဘာ ၁၂ ရက်က ပြည်သူသို့ တင်ပြချက်တွင် "တည်ငြိမ်အေးချမ်း တိုးတက်ဖွံ့ဖြိုးတဲ့ ရခိုင်ပြည်နယ် ဖြစ်ပေါ်လာရေးအတွက် လက်တွေ့တိုးတက်မှု ရလဒ်တွေနဲ့ ပြသဖို့..... စီးပွားရေး လုပ်ငန်းရှင်ကြီးတွေ ပူးပေါင်းပါဝင်ကြဖို့ အလေးအနက် မေတ္တာရပ်ခံပါတယ်" ဟု တိုက်တွန်းထားသည်။

အသင်းချုပ်၏ ယခင်ထောက်ပံ့မှုများအနေဖြင့် ငွေကျပ်သိန်း ၅၆၀ ကျော်တန်ဖိုးရှိ လူမှုအထောက်အကူပြုပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကတစ်ဆင့် ဩဂုတ် ၃၀ ရက်တွင် လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှတစ်ဆင့် လည်းကောင်း လှူဒါန်းခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ရခိုင်ပြည်နယ် အစိုးရထံမှတစ်ဆင့် ငွေကျပ် ၅၂၈ သိန်းကျော်ကို ကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာရေးသူ ဒေါက်တာ မြင့်ထွေး၏ Reflections of a Public Health Professional, Volume One စာအုပ်ထုတ်ဝေဖြန့်ချိ




**နေပြည်တော် အောက်တိုဘာ ၁၇**

စာရေးသူ ဒေါက်တာမြင့်ထွေး ရေးသားသည့် Reflections of a Public Health Professional, Volume one စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

အဆိုပါစာအုပ်မှာ ပြည်သူ့ကျန်းမာရေးနှင့် သုတေသနဆိုင်ရာ အကြောင်းအရာများကို စုစည်းတင်ပြထားသည့် စာအုပ်ဖြစ်ပြီး စာရေးသူ၏ ကျန်းမာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းအဖြစ် လုပ်သက် ၁၈ နှစ် (၁၉၇၆ မှ ၁၉၉၄) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် လုပ်သက် ၁၆ နှစ် (၁၉၉၄ မှ ၂၀၁၀) စုစုပေါင်းလုပ်သက် ၃၄ နှစ် အတွင်း ရရှိခဲ့သော အတွေ့အကြုံများနှင့် ယခင်က စာရေးသူရေးသားထုတ်ဝေခဲ့သော ဆောင်းပါးများကို စုစည်းဖော်ပြထားခြင်းဖြစ်ကြောင်း သိရှိရသည်။

စာအုပ်ကို Myanmar Book Centre က ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၁၇**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်ရှိ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တခိုလှုံလျက်ရှိသည့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ နေရပ်စွန့်ခွာ တိုင်းရင်းသားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် သွားရောက်၍ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောက်တော်မြို့နယ်ရှိ သရက်သပင်ကျေးရွာရှိ အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၃၄ ဦးနှင့် ပြည်တော်သာ ရပ်ကွက်ရှိ အိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၇ ဦးအား တွေ့ဆုံအားပေးစကား ပြောကြားပြီး အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငါးသေတ္တာ၊ ဆီ၊ ဆပ်ပြာ စသည်တို့ကို ထောက်ပံ့ပေးအပ်သည်။ ထို့အပြင် အသက် (၆၀ နှစ်)နှင့် အထက် ဘိုးဘွား ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်တစ်သိန်း ထောက်ပံ့ကူညီခဲ့သည်။

ထို့နောက် နေရပ်စွန့်ခွာတိုင်းရင်းသား ကလေးငယ်များအတွက် ကစားစရာများ ထောက်ပံ့ပေးအပ်ပြီး စိတ်ပိုင်းဆိုင်ရာ လူမှုပံ့ပိုးကူညီပေးခြင်းနှင့် ကလေးပျော်နေရာများ ဖန်တီးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။


လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ရှိသူများသည် အောက်တိုဘာ ၁၈ ရက်တွင်လည်း မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ဆက်လက်သွားရောက်ကာ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုပြုံးက ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အတွင်းရှိ မြို့တိုင်းရင်းသားများအတွက်နေအိမ်အဆောက်အအုံ ဆောက်လုပ်ပေးမည့် စီမံကိန်းစတင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေအိမ်များ ရွာလုံးကျွတ် ပျက်စီးဆုံးရှုံးသွားသည့် မောင်တောမြို့နယ် (မြောက်ပိုင်း)ရှိ မြို တိုင်းရင်းသားများ နေထိုင်သည့် ခုံတိုင်ကျေးရွာကို နယ်စပ်ရေးရာဝန်ကြီးဌာနက တည်ဆောက်ပေးရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်သွားမည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခုံတိုင်ကျေးရွာမှ မြိုတိုင်းရင်းသားများ၏ နေအိမ်များ တည်ဆောက်ပေးရေး စီမံကိန်းကို အောက်တိုဘာ ၁၆ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။



နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ခုံတိုင်ကျေးရွာ ပြန်လည်တည်ဆောက်ပေးရာတွင် ဒေသခံတိုင်းရင်းသားများ၏ ဆန္ဒနှင့်အညီ မီးလောင်ပျက်စီးသွားသည့် မူလ ခုံတိုင်ကျေးရွာ နေရာအစား မောင်တော - ဗန္ဓုလလမ်းဘေး ပဒကားချောင်းဆုံ ခန့်မှန်းမြေပုံအညွှန်း DU-၃၀၉၄၀၂ တွင် စနစ်တကျ အကွက်ချဆောင်ရွက်ပေးရန် လျာထားပြီး ပထမအဆင့်အနေဖြင့် နေအိမ် ၄၈ လုံး၊ ကျေးရွာအဝင်လမ်း (၁/၄) မိုင်၊ ကျေးရွာစုပေါင်းခန်းမ တစ်ဆောင်နှင့် ရေရရှိရေး လုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ခုံတိုင်ကျေးရွာကို စုစည်းကျေးရွာအဖြစ် ထူထောင်ပေးနိုင်ရန် လိုအပ်ပါက နိုင်ငံတော်၏ လမ်းညွှန်မှုခံယူကာနေအိမ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန်အတွက် လျာထားဆောင်ရွက်ထားပြီး အဆိုပါစီမံကိန်းတွင် ကျေးရွာစုပေါင်းခန်းမ၊ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ မူလတန်းကျောင်း၊ ဈေး၊ ရေတွင်းရေကန်များနှင့် ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်ပေးရန် လျာထားကြောင်းနှင့် ပထမအဆင့်စီမံကိန်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



❄*ကျောဖုံးမှ*

ငြိမ်းချမ်းရေးအတွက် သက်ဆိုင်ရာဘာသာအလိုက် ဆုတောင်းမေတ္တာပို့သကြသည်။

**ညီညီညွတ်ညွတ်ကြိုးပမ်း**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် “ကျွန်တော်တို့ရဲ့ အနာဂတ်ခရီးလမ်းဟာ ကျွန်တော်တို့ရဲ့ ညီညွတ်မှုခွန်အားတွေ၊ စိတ်ဓာတ်ခွန်အားတွေ၊ မေတ္တာတရားတွေ၊ သစ္စာတရားတွေကို ကိုင်စွဲသွားမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ပြည်ထောင်စုပန်းတိုင်ကြီးကို ရောက်ရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ ကြိုးပမ်းကြပါစို့။ ကျွန်တော်တို့ရင်ထဲက မေတ္တာတရားနဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းမှုကို ထူထောင်ကြပါစို့”ဟု တိုက်တွန်းပြောကြားသည်။

**ဆုတောင်းမေတ္တာပို့သ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း ဥက္ကဋ္ဌ ဦးမြင့်ဌေး၊ ဆုတောင်းပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းမြင့်၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများက ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သကြသည်။

**အတူတကွ ယှဉ်တွဲနေထိုင်**

အဆိုပါ ငြိမ်းချမ်းရေး ဆုတောင်းပွဲနှင့်ပတ်သက်၍ ဆုတောင်းပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းမြင့်က “ဒီပွဲမှာဆိုရင် ထေရဝါဒ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ မဟာယာနဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဘာသာဝင်တွေ ပါဝင်ပါတယ်။ ဘာသာပေါင်းစုံအနေနဲ့ ဘာသာကြီးလေးခုကို အခြေခံပြီး ကျင်းပတာဖြစ်ပါတယ်။ ဆုတောင်းပွဲမှာ ဘာသာပေါင်းစုံအနေနဲ့ သက်ဆိုင်ရာဘာသာအလိုက် အဆုံးမတွေနဲ့အညီ နိုင်ငံသူ၊ နိုင်ငံသားတွေ အေးချမ်းသာယာဝပြောစေဖို့အတွက် ဆုတောင်းကြတာပါ။ ဒီလိုဆုတောင်းပေးခြင်းအားဖြင့် ဘာသာပေါင်းစုံ ပြည်သူတွေအချင်းချင်း ပိုပြီးတော့ မေတ္တာထားလာနိုင်လိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး ဖေးမကူညီလာနိုင်ပြီး နိုင်ငံတော်ကြီးလည်း အေးချမ်းလာမှာ ဖြစ်တယ်။ ဒီပွဲကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူတွေအနေနဲ့ ငြိမ်းချမ်းရေးလိုလားမှုကို သိရှိနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘာသာပေါင်းစုံ စည်းစည်းလုံးလုံးနဲ့ အတူတကွ ယှဉ်တွဲနေထိုင်နေတယ်ဆိုတာကို ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့လည်း သိရှိသွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

**ငြိမ်းချမ်းရေးလိုလား**

အလားတူ အဆိုပါဆုတောင်းပွဲတွင်ပါဝင်သူ သဃ်န်းကျွန်း မြို့နယ်မှ အစ္စလာမ်ဘာသာဝင် မသဥ္ဇာခင်မျိုးဝင်းက “ကျွန်မကတော့ အစ္စလာမ်ဘာသာဝင်လူငယ်များအဖွဲ့ဆုတောင်းတဲ့ အထဲမှာ ပါဝင်ပါတယ်။ ဒီဆုတောင်းပွဲမှာ ဘာသာပေါင်းစုံက လူငယ်တွေပါတယ်။ တကယ်မင်္ဂလာရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး ရင်တွင်းက ဆုတောင်းမှုတွေကို ကြားရတဲ့အခါမှာ မေတ္တာတွေ ပိုပြီးပွားနိုင်တယ်။ တစ်ဦးနဲ့တစ်ဦးကြားမှာ စည်းလုံးမှုတွေရှိပြီး ယုံကြည်မှုတွေ ပိုရလာနိုင်ပါတယ်။ ဒီလိုပွဲတွေ လုပ်ခြင်းအားဖြင့် ငြိမ်းချမ်းရေးအတွက် လိုလားမှုကို ပြသရာရောက်ပါတယ်။ ဘာသာပေါင်းစုံရဲ့ ငြိမ်းချမ်းရေး လိုလားမှုကိုလည်း သိရှိနိုင်မှာ ဖြစ်ပါတယ်”ဟုပြောသည်။

**ကမ္ဘာ့နိုင်ငံအသီးသီးက သိရှိ**

“ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးက အင်မတန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆုတောင်းပွဲတွေဟာ နေရာအနှံ့ အပြားမှာ လုပ်သင့်ပါတယ်။ နိုင်ငံတကာအနေနဲ့လည်း ကျွန်မတို့ပြည်သူတွေအနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လောက်အထိ လိုလားနေတယ်ဆိုတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာ အနေနဲ့ ကျွန်မတို့နိုင်ငံကို မငြိမ်းချမ်းဘူးလို့ မြင်နေတာရှိတယ်။ အခုလိုလုပ်ပေးခြင်းအားဖြင့် လူထုခေါင်းဆောင် အမေစု လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးလမ်းစဉ်နဲ့ ပြည်သူတွေ လိုလားမှုကို ကမ္ဘာ့နိုင်ငံအသီးသီးက သိရှိသွားမှာဖြစ်ပါတယ်” ဟု အဆိုပါဆုတောင်းပွဲတွင် ပါဝင်သူ စမ်းချောင်းမြို့နယ်မှ ဒေါ်သန္ဒာက ပြောသည်။

ငြိမ်းချမ်းရေး ဆုတောင်းပွဲတွင် ငြိမ်းချမ်းရေးဖယောင်းတိုင်များကို ထွန်းညှိကိုင်ဆောင်ကာ ငြိမ်းချမ်းရေးအတွက် သံပြိုင်ဆုတောင်းမေတ္တာပို့သကြသည်။

ယနေ့ကဲ့သို့ ငြိမ်းချမ်းရေးဆုတောင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အောက်တိုဘာ ၁၀ ရက်ကလည်း အောင်ဆန်းအားကစားကွင်းတွင် ကျင်းပခဲ့ရာ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပြည်သူသုံးသောင်းခန့် တက်ရောက်ဆုတောင်း မေတ္တာပို့သခဲ့ကြသည့်အပြင် ယင်းကဲ့သို့ ဆုတောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ မြို့ကြီးများတွင်လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

## ယာဉ်တိုက်မှုကြောင့်ထိခိုက်ဒဏ်ရာရသည့် သားအမိနှစ်ဦးအား ထောက်ပံ့ငွေပေးအပ်

**တာချီလိတ် အောက်တိုဘာ ၁၇**

ယာဉ်မတော်တဆဖြစ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မမွန်မွန်နှင့် သားဖြစ်သူ မောင်အောင်ဇေယျာလင်း တို့အား တာချီလိတ်မြို့ စေတနာရှင်များက လှူဒါန်းသည့် ထောက်ပံ့ငွေများကို တာချီလိတ်မြို့နယ် လူမှုရေးနှင့် ကူညီထောက်ပံ့ရေးကော်မတီက အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ အဆိုပါ မမွန်မွန် မိသားစုငှားရမ်းနေထိုင်ရာ နေအိမ်တွင် လွှဲပြောင်းပေးအပ်သည်။ **(ယာပုံ)**



စက်တင်ဘာ ၂၉ ရက် ည ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆဖြစ်မှုတွင် မမွန်မွန်၏ ခင်ပွန်းဖြစ်သူနှင့် ရှစ်နှစ်အရွယ်သမီးတို့မှာ နေရာတွင်ပင် ကွယ်လွန်သွားခဲ့ပြီး မမွန်မွန်မှာ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။ နှစ်နှစ်ကျော်အရွယ် သားဖြစ်သူ မောင်အောင်ဇေယျာလင်းမှာမူ ဒဏ်ရာတစ်စုံတစ်ရာမျှ မရရှိခဲ့ပေ။ မမွန်မွန်အား ဆေးဝါးကုသရေးနှင့် မောင်အောင်ဇေယျာလင်းအား ပြုစုစောင့်ရှောက်ရေးတို့ကို တာချီလိတ်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံ အုပ်ကြီး ဒေါက်တာ ဇင်ကိုကိုအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဦးလှမိုး ဦးဆောင်သည့် လူမှုကူညီရေးအသင်းတို့က ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြပြီး ကွမ်းခြံကုန်းမြို့ ဇာတိဖြစ်သည့် မမွန်မွန်၏ မိဘဆွေမျိုးများထံ ဆက်သွယ်ခြင်းနှင့် အခြားလူမှုရေးဆိုင်ရာကိစ္စရပ်များကို မြို့နယ် လူမှုရေးနှင့် ကူညီထောက်ပံ့ရေးကော်မတီနှင့် ကိုသူရဇော် (အလှူရာဟိုတယ်)တို့မှ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြပြီး မမွန်မွန်အတွက် စေတနာရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းပေးခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေကျပ် နှစ်သိန်းနှင့် ထိုင်းဘတ်ငွေသုံးသောင်းအား မြို့နယ် လူမှုရေးနှင့် ကူညီထောက်ပံ့ရေးကော်မတီ နာယက၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနု၊ ကော်မတီဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်၊ ကော်မတီ ပြန်ကြားရေးမှူး ဦးဝင်းအောင်ဇော်တို့က မမွန်မွန်ထံ လက်ရောက်ပေးအပ်ခဲ့ပြီး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာချိန်တွင် ဇာတိဖြစ်သည့် ကွမ်းခြံကုန်းမြို့သို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်နိုင်ရေး ကိစ္စရပ်များအား မမွန်မွန်၏ ဆွေမျိုးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်များကို အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့တွင် ပြတ်သားသည့်ရလဒ်ထွက်ပေါ်လာခြင်းမရှိသောကြောင့် ဒုတိယအကျော့ပွဲများမှာ အကြိတ်အနယ်ဖြစ်ဖွယ် ရှိနေသည်။

ဒုတိယအကျော့ပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီတွင် ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောက်တိုဘာ ၁၉ ရက် ညနေ ၅ နာရီတွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စက်တင်ဘာ ၂၉၊ ၃၀ ရက်က ကျင်းပသည့် ပထမအကျော့ပွဲစဉ်များတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့ပြီး ရန်ကုန်အသင်းမှာမူ အိမ်ကွင်း၌ ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ရောဝတီအသင်းတွင် လူစုံပါဝင်နိုင်မည်ဖြစ်သော်လည်း ရှမ်းယူနိုက်တက်အသင်း ဘယ်နောက်ခံလူ ဟိန်းသီဟဇော်မှာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ယခုပွဲကို လွဲချော်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တစ်ကြိမ်သာ တက်ရောက်ဖူးပြီး ရောဝတီအသင်းမှာမူ ချန်ပီယံဆု သုံးကြိမ်အထိ ရရှိဖူးကြောင်း သိရသည်။

ပြည်တွင်းနည်းပြများ ကိုင်တွယ်နေသည့် အသင်းနှစ်သင်း၏ အားပြိုင်မှုဖြစ်ပြီး ဖလားနှစ်လုံးလမ်းကြောင်းပေါ်တွင်ရှိနေသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲကျပ်များဆက်တိုက်ကစားနေရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ကိုးရက်အတွင်း တောင်ကြီး၊ ပုသိမ်နှင့် မန္တလေးမြို့သို့ သွားရောက်ကစားနေရပြီး ယခုပွဲအပြီးတွင် အမှတ်ပေးချန်ပီယံဆုအတွက် အရေးပါသည့်ပွဲအဖြစ် ရတနာပုံအသင်းနှင့် အဝေးကွင်းပွဲကစားရမည်ဖြစ်သည်။ ရောဝတီအသင်းသည် ယခုရာသီတွင် ရှမ်းယူနိုက်တက်အသင်းနှင့် လေးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး တစ်ပွဲသရေ၊ နှစ်ပွဲ ရှုံးနိမ့်ထားသည်။

အိမ်ကွင်း၌ အနိုင်ရခဲ့သည့် ရန်ကုန်အသင်းသည် အဝေးကွင်း၌ သရေကျရုံဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်ပြီး ရတနာပုံအသင်းမှာမူ အနိုင်ရမှ အခြေအနေကောင်းမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ပထမအကျော့ အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့အိမ်ကွင်းပွဲတွင် သုံးဂိုးပြတ်အနိုင်ရခဲ့ရာ ယခုရှုံးထွက်ပွဲတွင်လည်း မျှော်လင့်ချက်ရှိနေသည်။ နှစ်သင်းစလုံးတွင် အမာခံကစားသမားအစုံအလင်ပါဝင်နိုင်မည်ဖြစ်ပြီး ရတနာပုံအသင်းသည် ပြီးခဲ့သည့်တစ်ပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) တွင် အမာခံကစားသမားအချို့ကို အနားပေးခဲ့သည်။ ထို့ကြောင့် ရတနာပုံအသင်းသည် ရှုံးထွက်ပြိုင်ပွဲကို အာရုံစိုက်နေပြီး ရန်ကုန်နှင့်ပွဲတွင် မဖြစ်မနေအနိုင်ရရန် ကြိုးပမ်းသွားဖွယ် ရှိနေသည်။ ယခုရာသီတွင် ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ အသင်းကြီးများအားလုံး စုံလင်စွာ တက်ရောက်လာရာ ချန်ပီယံဆုမရဖူးသေးသည့် ရတနာပုံနှင့် ရှမ်းယူနိုက်တက်တို့ အခြေအနေကောင်းမလား၊ ရောဝတီနှင့် ရန်ကုန်အသင်းတို့ကပဲ ထပ်ဆင့်ချန်ပီယံဆုအတွက် ဗိုလ်လုပွဲတက်ရောက်နိုင်မလားဆိုတာ---။

**ညီမြတ်သော်တာ**

## မြစ်ကြီးနားမြို့မှ နှစ်လောင်းပြိုင် လူသတ်မှုနှင့်ပတ်သက်၍ မသင်္ကာသူနှစ်ဦးကို ရမန်ယူစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

မြစ်ကြီးနားမြို့မှ နှစ်လောင်းပြိုင်လူသတ်မှုနှင့် ပတ်သက်၍ မသင်္ကာသူနှစ်ဦးကို ရမန်ယူစစ်ဆေးနေကြောင်း မြစ်ကြီးနား နယ်မြေရဲစခန်းမှ သိရသည်။

မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် နယ်မြေ (၄) တောင်သူကြီးလမ်း အမှတ် (၄၁၄)တွင် အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲခန့်က အဆိုပါနေအိမ်တွင် နေထိုင်သော ဒေါ်ခင်မြင့် (၇၅ နှစ်)သည် ထိုးသွင်းဒဏ်ရာ ၁၃ ချက်နှင့် ဒေါ်ခင်မြင့်၏ သမီး ဒေါ်ခင်စန်းရီ (၅၁ နှစ်) မှာ ထိုးသွင်းဒဏ်ရာ ခြောက်ချက်ဖြင့် နေအိမ်ထဲရှိ မီးဖိုချောင်ဘေး ရေချိုးခန်းအနီးတွင် အသတ်ခံရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

“တရားခံကတော့ စုံစမ်းဖော်ထုတ်ဆဲပါပဲ၊ တရားသူကြီးဆီမှာ ချုပ်မိန့်ရမန်တောင်းပြီး စစ်ဆေးနေတဲ့ မသင်္ကာစရာ လူနှစ်ယောက်ကိုတော့ စစ်ဆေးနေပါတယ်” ဟု နယ်မြေရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သိန်းဇော်က ပြောသည်။

အဆိုပါ မသင်္ကာသူနှစ်ဦးကို အောက်တိုဘာ ၁၆ ရက်မှ စတင်စစ်ဆေးနေပြီး ၎င်းတို့ နှစ်ဦးမှာ တရားလို ဦးမြင့်ဦး၏ ကုန်စုံဆိုင်မှ အလုပ်သမား အောင်မြင့်ထွန်းနှင့် အခင်းဖြစ်ပွားရာနေအိမ်တွင် သေဆုံးသူများကို စတင်တွေ့ရှိသူ အိမ်ငှား မယဉ်မော်တို့ ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ သုံးသပ်ချက်အရတော့ ဒီအမှုက ပစ္စည်းလိုချင်လို့ လုပ်တာဖြစ်တယ်။ လူကိုလည်း အပြီးအစေးတော့ ရှိချင်ရှိနိုင်ပါတယ်။ သို့သော် အထဲမှာ မွှေနှောက်ရှာဖွေထားတဲ့ အနေအထားလည်းတွေ့တယ်။ ပစ္စည်းက ရှာတော့ရှာတယ်၊ မတွေ့သွားတဲ့ သဘောပါ၊ ဒီအိမ်က ခိုင်ခံ့လုံခြုံတဲ့ အိမ်ပါ၊ ဒီအိမ်ကိုဝင်ထွက်နေကျ မသင်္ကာစရာ လူတော့ရှိတယ်”ဟု ရဲမှူးကြီးထွန်းဦးက ပြောသည်။

အဆိုပါ အခင်းဖြစ်ပွားရာ ခြံဝင်းအတွင်းတွင် တရားလို ဦးမြင့်ဦး (ဒေါ်ခင်မြင့်၏သား) သေဆုံးသူ နှစ်ဦးနှင့် ၎င်းတို့နေအိမ်၏ နောက်ဖေးဘက်တွင် နှစ် ၂၀ ခန့်ကြာပြီဖြစ်သော အိမ်ငှားနေထိုင်သူ မယဉ်မော်တို့ သားအမိနှင့် စုစုပေါင်း ငါးဦး နေထိုင်ကြကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို နယ်မြေရဲစခန်းတွင် လူသတ်မှုဖြင့်အမှုဖွင့်၍ အမှုစစ်စခန်းမှူး ဒုရဲမှူး သိန်းဇော်နှင့် နယ်မြေ စခန်းမှ ဒုရဲအုပ်များပူးပေါင်း၍ တရားခံပေါ်ပေါက်စေရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

## သက်ငယ်မုဒိမ်းမှုကျူးလွန်သူအား အလုပ်နှင့်ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်

**မိတ္ထီလာ အောက်တိုဘာ ၁၇**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မောင်းခွက်ကျေးရွာအနီးတွင် သက်ငယ်မုဒိမ်းမှုကျူးလွန်ခဲ့သူ အမျိုးသားတစ်ဦးအား အောက်တိုဘာ ၁၇ ရက်က အလုပ်နှင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံရန် မိတ္ထီလာခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးသိန်းဇော်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**တရားစွဲဆိုတင်ပို့**

ဖြစ်စဉ်အကျဉ်းမှာ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက ဝမ်းတွင်းမြို့နယ် ဆူးပန်းကျေးရွာအုပ်စု မောင်းခွက်ကျေးရွာနေ မ--- (၁၆ နှစ်)၊ မ---(၁၁ နှစ်) ညီအစ်မနှစ်ယောက် အဆိုပါ ရွာနှင့် နှစ်မိုင်ခန့် ကွာဝေးသည့်နေရာသို့ ရေခပ်သွားခဲ့သည်။ ထိုသို့ ရေခပ်သွားစဉ် မ--- (၁၁ နှစ်)အား ရဲဝင်း (၃၄ နှစ်) မြင်းကျကျေးရွာနေသူက ဖမ်းဆီးချုပ်နှောင်ကာ သားမယားအဖြစ် ပြုကျင့်ခဲ့သည်။ သက်ငယ်မုဒိမ်းမှုကျူးလွန်သူ ရဲဝင်းအား အရေးယူဆောင်ရွက်ပေးရန် မိခင်ဖြစ်သူက အမှုဖွင့်တိုင်ကြားခဲ့သဖြင့် ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးကာ မတ် ၃ ရက်က မိတ္ထီလာခရိုင် ရုံးသို့ အမှုအား တရားစွဲ၍ တင်ပို့ခဲ့ခြင်း ဖြစ်သည်။

မိတ္ထီလာခရိုင်တရားရုံးမှ ရာဇသတ်ကြီးအမှု အမှတ် ၁၈/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ရဲဝင်းအား ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ( တစ်သက်တစ်ကျွန်း)၊ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်တို့အား တစ်ပေါင်းတည်းကျခံစေရန် ခရိုင်တရားသူကြီးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# လက်နက်ရှစ်လက် ထပ်မံသိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အောက်တိုဘာ ၁၅ရက် ညပိုင်းက ဦးဖြိုးကိုကိုတင့်ဆန်းပါ သုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်များကို ဖမ်းဆီးရမိပြီးနောက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးရရှိမှုများနှင့်ပတ်သက်၍ ယနေ့လွှတ်တော်အစည်းအဝေးများကျင်းပပြီးချိန်တွင် သတင်းထောက်များ၏မေးမြန်းမှုကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပထမနေ့ကလည်း လက်နက်များ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ယနေ့တွင် လက်နက်ရှစ်လက် ထပ်မံသိမ်းဆည်းရမိပါကြောင်း၊ ယနေ့အထိ ပါဝင်ပတ်သက်သူ ၁၂ ဦး ဖမ်းဆီးထားပြီး ဖြစ်ပါကြောင်း၊ ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်ပြီး လက်နက်များကိုလည်း ဆက်လက်ဖော်ထုတ်သိမ်းဆည်းလျက်ရှိပါကြောင်း၊ ကွင်းဆက်ပါဝင်ပတ်သက်သူများကိုလည်း ဆက်လက်ဖော်ထုတ်နေပါကြောင်း၊ ရရှိသည့်အချက်အလက်များကို သတင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကျန်ရှိနေသည့် လက်နက်များနှင့် ကွင်းဆက် ပါဝင်ပတ်သက်သူများကို ဆက်လက်ဖမ်းဆီးနိုင်ရေးသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုအားလုံးကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြလျက်ရှိပါကြောင်း၊တည်ဆဲဥပဒေအပေါ်တွင် ချိုးဖောက်သည့်လုပ်ငန်းစဉ်များအားလုံးကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**မျိုးသူဟိန်း**

# စမ်းချောင်းမြေနီကုန်းဈေးလမ်းအတွင်း မီးလောင်



**စမ်းချောင်း အောက်တိုဘာ ၁၇**

စမ်းချောင်းမြို့နယ် မြေနီကုန်း မြောက်ရပ်ကွက် မြေနီးကုန်းဈေးလမ်းအတွင်း အောက်တိုဘာ ၁၇ ရက်နံနက် ၆နာရီခန့်က RC နှစ်ထပ်တိုက်တစ်လုံး မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်မှုသတင်းအရ စမ်းချောင်းမြို့နယ်မှ မီးငြိမ်းသတ်ရေးယာဉ်သုံးစီးနှင့်အတူ နီးစပ်ရာမြို့နယ်တို့မှ မီးငြိမ်းသတ်ရေးယာဉ် စုစုပေါင်း ၂၂ စီး တို့က ရောက်ရှိငြိမ်းသတ်ပေးခဲ့ကြသည်။

မီးလောင်ရခြင်းမှာ တိုက်အပေါ်ထပ်သို့တက်သည့် လှေကားအနီးတွင် ထားရှိသော မီးအားမြှင့်စက်အပူလွန်ကဲရာမှ စတင်မီးလောင်ရခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

စတင်လောင်နေသော မီးကို ရပ်ကွက်နေပြည်သူများက မီးသတ်ဆေးဘူးများဖြင့် ကနဦးငြိမ်းသတ်နေစဉ် မီးငြိမ်းသတ်ရေးယာဉ်များ ရောက်ရှိလာကြောင်း ရပ်ကွက်နေသူတစ်ဦးက ပြောပြ၍ သိရသည်။

"မိုးထဲရေထဲ သူတို့အမြန်ဆုံးရောက်ရှိလာပါတယ်။ လမ်းရဲ့ အရှေ့ဘက်ကရော အနောက်ဘက်ကပါ ပိုက်တွေနဲ့ ဝိုင်းပက်ကြတဲ့ အတွက် နာရီဝက်အတွင်း ငြိမ်းသွားပါတယ်" ဟု ၎င်းက ပြောသည်။

လောင်အားကောင်းခဲ့သော မီးကို နံနက် ၆ နာရီ ၂၄ မိနစ်တွင် ထိန်းပေးနိုင်ခဲ့ပြီး ၆ နာရီ ခွဲတွင် လုံးဝငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တွင်းပစ္စည်းများဆုံးရှုံးခဲ့သည်။ မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်ဝင်း ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇၀ ကျော် လာရောက် ငြိမ်းသတ်ပေးခဲ့ကြသည်။

မီးလောင်မှုကြောင့် တိုက်ပိုင်ရှင် ဦးအောင်မော်အား စမ်းချောင်းမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**

# သန်လျင်မြို့အထွေထွေရောဂါကုဆေးရုံကြီး၌ မီးလောင်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ဆေးကုသဆောင်အတွင်းရှိ မိန်းဘုတ်ခုံမှ ဝိုင်ယာရှော့ခ်ဖြစ်၍ အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွတ်နှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် ဝန်ထမ်းများ၊ ပြည်သူများက မီးသတ်ယာဉ်ရှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုအား သန်လျင်မြို့မရဲတပ်ဖွဲ့စခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါဆေးရုံသစ်ကြီးမှာ မေ ၃၀ ရက်ကဖွင့်လှစ်ခဲ့သောအဆောက်အအုံဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မိုးကောင်း-ဖားကန့်သွား ကားလမ်းဘေးတွင် မိုင်းတစ်လုံးပေါက်ကွဲ၊ တစ်ဦးဒဏ်ရာရ

**ကာမိုင်း အောက်တိုဘာ ၁၇**

မိုးညှင်းခရိုင် ကာမိုင်းမြို့နယ် မိုးကောင်း- ဖားကန့်သွား အဝေးပြေးလမ်းမပေါ်တွင် ထောင်ထားသော မိုင်းပေါက်ကွဲမှုကြောင့် ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာမိုင်းနယ်မြေရဲစခန်းမှ သိရသည်။

အောက်တိုဘာ ၁၇ ရက် နံနက်၈နာရီခန့်တွင် ယာဉ်မောင်းအေးမင်းထွန်း မောင်းနှင်လာသော ပရိဘောက်ယာဉ်နှင့် ၎င်း၏နောက်မှ ဦးဖကော်ဖော်မြင့် မောင်းနှင်လာသော ဆိုင်ကယ်ကြားတွင် မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

"ကာမိုင်းမြို့အထွက်က ကားလမ်းဘေးမှာ မိုင်းပေါက်တော့ ဆိုင်ကယ်မောင်းလာတဲ့လူက ဝဲဘက်ဒူးခေါင်းမိုင်းစထိမှန်ဒဏ်ရာ နှစ်ချက်ရရှိပြီး မြစ်ကြီးနားဆေးရုံကြီးကို ခေါ်သွားပါပြီ"ဟု ကာမိုင်းစခန်းမှူး ဦးဇာမဲဖုန်ရမ်က ပြောသည်။ ကာမိုင်းမြို့အထွက် မိုင်တိုင်အမှတ်(၂၂/၅) ဖာလုံအနီးတွင် မိုင်းပေါက်ကွဲမှုဖြစ်ပြီး အဆိုပါ မိုင်းထိလူနာ ဦးဖကော်ဖော်မြင့် (၆၂နှစ်)သည် မန်ဒင်ကျေးရွာနေသူဖြစ်သည်။

"မိုင်းပေါက်ကွဲတာ ဟုတ်ပါတယ်၊ မိုးကောင်း- ဖားကန့်သွားတဲ့ ကတ္တရာလမ်းမပေါ်မှာ ဖြစ်တာပါ၊ ဒေသခံပြည်သူတစ်ဦး မိုင်းထိသွားတယ်။ မစိုးရိမ်ရပါဘူး"ဟု ကာမိုင်းဌာနေ ပြည်သူ့စစ်ခေါင်းဆောင် ကိုထူးအောင်က ပြောသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ပရိဘောက်ယာဉ် AD/ ----သည် ယာဉ်နောက်ဖုံးမှန် မိုင်းစထိမှန်ခဲ့သော်လည်း ယာဉ်ပေါ်မှ ခရီးသည်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# ပျော်ဘွယ်၌ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူး(ရွာခွဲတာဝန်ခံ)တို့အား တရားစွဲဆို

**နေပြည်တော် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် လွှဲပေါက်ကုန်းကျေးရွာအုပ်စု ပင်းတားကျေးရွာနေ နစ်နာသူတို့က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် လွှဲပေါက်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတွာဟင်(ခ)ဦးသန့်ဇင်နှင့် ပင်းတားကျေးရွာရာအိမ်မှူး(ရွာခွဲတာဝန်ခံ) ဦးမောင်နုတို့အပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပျော်ဘွယ်မြို့နယ် လွှဲပေါက်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတွာဟင် (ခ) သန့်ဇင်သည် တရားခံသုံးဦးအား ရမန်ဖြင့် ချုပ်နှောင်ထားစဉ် အမှုမှလွတ်မြောက်အောင်ဆောင်ရွက်ပေးမည်ဟု ပြော၍ ငွေကြေးတောင်းခံရယူခဲ့ကြောင်းနှင့် မြေယာပိုင်ဆိုင်မှုပုံစံ(၇) ခွဲထုတ်ပေးခြင်းတို့အား ဆောင်ရွက်ပေးမည်ဟုပြော၍ ငွေကြေးတောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ပင်းတားကျေးရွာရာအိမ်မှူး (ရွာခွဲအုပ်ချုပ်ရေးမှူး) ဦးမောင်နုသည် ဦးတွာဟင် (ခ) ဦးသန့်ဇင်က ငွေကြေးလက်ခံရယူရာတွင် ၎င်းနေအိမ်၌လက်ခံတွေ့ဆုံခြင်း၊ ငွေပေးရန်ကမ်းလှမ်းခြင်း၊ ကတိပြုခြင်းနှင့် ငွေများလက်ခံရယူရာတွင် အတူရှိနေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ယနေ့တွင် တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်-ရန်ကုန်(၃၂)အစုန် လူစီးအမြန်ရထား လူစီးတွဲတစ်တွဲ ပိန်းဇလုပ်အဝင် လမ်းချော်

**ပိန်းဇလုပ် အောက်တိုဘာ ၁၇**

နေပြည်တော်ဘူတာမှ ရန်ကုန်သို့ထွက်ခွာလာသော လူစီးအမြန်ရထား (၃၂)အစုန်သည် အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီ ၉ မိနစ်ခန့်က ပိန်းဇလုပ်ဘူတာအဝင် မိုင်တိုင်အမှတ် (၁၀၁/၂၄-၂၃) ကြားအရောက်၌ လူစီးရထားတွဲ တစ်တွဲ လမ်းချော်သွားကြောင်း သိရသည်။

လမ်းချော်သွားသည့် လူစီးတွဲမှာ BDUEZ -12307 တွဲဖြစ်ပြီး စက်ခေါင်းမောင်း ဦးမျိုးထိုက်ဦး၊ ဦးအောင်ဇော်ထွန်းတို့မောင်းနှင်လာသော စက်ခေါင်းအမှတ် D.F 2090 နေပြည်တော်-ရန်ကုန် (၃၂) အစုန် လူစီးအမြန်ရထားဖြစ်ပြီး ရထားတွဲထိန်းမှာ ဦးထွန်းမင်းလတ်ဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် ခရီးသည်များ ဆက်လက် ထွက်ခွာနိုင်ရေးအတွက် ပိန်းဇလုပ်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ကျော်ကျော်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ ပိန်းဇလုပ်ရုံပိုင် ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

လမ်းချော်နေသော တွဲများကို အချိန်မီပြုပြင်နိုင်ရေးအတွက် လမ်းဗိုလ် ဦးမိုးကျော်အောင်၊ ရုံပိုင် ဦးအောင်ကျော်စိုးတို့က သက်ဆိုင်ရာသို့ တင်ပြကာ ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါဘူတာအနီးဝန်းကျင်တွင် အောက်တိုဘာ ၁၂ ရက် ညနေပိုင်းက ရန်ကုန်-သာစည်-ရွှေညောင် အမှတ်(၉) အဆန် လူစီးရထားလမ်းချော်မှုဖြစ်ပွားခဲ့ပြီး ယခုတစ်ဖန် ထပ်မံဖြစ်ပွားရာ ခြောက်ရက်အတွင်း နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွှန့်**

# ဖလမ်း၌ အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံး

**ဖလမ်း အောက်တိုဘာ ၁၇**

ဖလမ်းမြို့တွင် အောက်တိုဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီခန့်က အငြိမ်းစားကျောင်းဆရာမတစ်ဦး ကြိုးဆွဲချသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျင်မွာလ်ရပ်ကွက် အိမ်အမှတ်(က/၁၀၄)အိမ်ရှင် ဦးငွန်ဇလိန်း၏ ညီမဖြစ်သူ ဒေါ်ဆွေဟိန်း အသက်(၆၁နှစ်) ကျောင်းဆရာမ(ငြိမ်း)သည် နေအိမ်အိပ်ခန်း၌ အမြင့်ကိုးပေခန့်ရှိ ထုပ်တန်းမှ နိုင်လွန်ကြိုးဖြင့် လည်ပင်းချည်၍ ကြိုးဆွဲချသေဆုံးခဲ့သည်။ ဒေါ်ဆွေသိန်း၏ အလောင်းကို ဖလမ်းမြို့ ပြည်သူ့ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် သေမှုသေခင်းရေးဖွင့်ပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



နေပြည်တော် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်ခိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်၍ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းမပေါ်ရှိ ဝဏ္ဏသိဒ္ဓိအဝိုင်းအနီးတွင် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအား အောက်တိုဘာ ၁၆ ရက်ညပိုင်းက နယ်မြေမှုခင်းကျဆင်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးစဉ် ကိုပေါက်(ဥက္ကာမြေ)



မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူးစိုးမြင့် ဦးစီးပြီး ဒုရဲမှူး သက်နိုင်ဦး၊ ဒုရဲမှူး ချစ်ကိုကိုတို့ပါ ပူးပေါင်းအဖွဲ့သည် မှုခင်းကျဆင်းရေးအတွက် အောက်တိုဘာလ ဒုတိယပတ်က ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာ မက်စ်မြန်မာကုမ္ပဏီ ရော်ဘာစိုက်ခြံဝင်းအတွင်း၌ ခြံဝန်ထမ်းများနှင့် အလုပ်သမားများအား မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်း ဆောင်ရွက်စဉ်

မောင်မွေး

# မင်းဘူးမြို့၌ အပျော်တမ်းလှေလှော်ပြိုင်ပွဲကျင်းပ

**မင်းဘူး အောက်တိုဘာ ၁၇**

မင်းဘူးမြို့ အမှတ်(၄)နယ်မြေ သူဌေးကုန်းရပ်ကွက် ကိုးတောင်ပြည့် ရှစ်မျက်နှာ မဟာသကျမုနိ ဆုတောင်းပြည့်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲ အထိမ်းအမှတ်အဖြစ် အပျော်တမ်းလှေလှော်ပြိုင်ပွဲကို ထည့်သွင်းကျင်းပရာ ပြိုင်ပွဲသို့ အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုနှင့် ဒုတိယဆုကို အောက်တိုဘာ ၁၉ရက်တွင် ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီထံမှ သိရသည်။

**ဖိုးပြည့်(မင်းဘူး)**



## လှိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်အားကစားနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက်က လှိုင်မြို့နယ် (RC-2) မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ လှိုင်မြို့နယ် မဲဆန္ဒနယ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၊ မဲဆန္ဒနယ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းမှ အားကစားမောင်မယ်များ တက်ရောက်ကြ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲ ဖွင့်ပွဲအမှတ်တရ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း (ရန်ကုန်) ကျောင်းသားကျောင်းသူများ၏ ဝူရှူး၊ တိုက်ကွမ်ဒို၊ ကျွမ်းဘားကစားသရုပ် ဖော်ပြသခြင်းနှင့် ဖူဆယ်ဘောလုံးသရုပ်ဖော်ယှဉ်ပြိုင်ခြင်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**


**ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street ရန်ကုန်**
**စနေ-တနင်္ဂနွေစာအုပ်လမ်းအတွက် ဆိုင်ခန်းစာရင်းပေးသွင်းရန် နှိုးဆော်လွှာ**

၁။ ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် ထွက်ရှိမည့် စာအုပ်ဆိုင်များ အနေဖြင့် အောက်တိုဘာလ ၂၇ ရက် သောကြာနေ့ ညနေ ၄ နာရီအချိန်ထိ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ ဆိုင်ခန်းနေရာမဲနှိုက်သည့် အစီအစဉ်အား နိုဝင်ဘာ ၁ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ကုန်သည်လမ်းရှိ စာပေဗိမာန် အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

၃။ သိမ်ဖြူလမ်း YMCA အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှူး ဒေါ်ခင်သန်းဦး (ဖုန်း-၀၉-၃၀၀၀၂၃၁၁) ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။


## မြန်မာ ယူ-၁၉ အသင်း ဂျပန်ခရီးစဉ် ဒုတိယခြေစမ်းပွဲ ယနေ့ကစားမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

အာရှ ယူ-၁၉ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာယူ-၁၉ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၁၈ ရက် **(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဂျပန်ကလပ် ဂမ်ဘာအိုဆာကာလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် အောက်တိုဘာ ၁၁ ရက်မှစ၍ အိုဆာကာမြို့၌ လေ့ကျင့်လျက်ရှိပြီး အောက်တိုဘာ ၁၅ ရက်တွင် ပထမဆုံး ခြေစမ်းပွဲအဖြစ် ဟန်နာတက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ဂျပန်နိုင်ငံ၌ နှစ်ပတ်နီးပါး သွားရောက်လေ့ကျင့်လျက်ရှိပြီး ခြေစစ်ပွဲမတိုင်မီ ကစားသမားများ အတွေ့အကြုံရစေရန် ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင် ကစားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ဂမ်ဘာအိုဆာကာအသင်းနှင့် ခြေစမ်းပွဲအပြီး အောက်တိုဘာ ၂၀ ရက်တွင် ဟန်နာတက္ကသိုလ်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးချစ်နိုင်က ကိုင်တွယ်နေပြီး ကစားသမား ၂၅ ဦးခေါ်ဆောင်သွားကာ နောက်ဆုံးခြေစမ်းပွဲအပြီးတွင် အပြီးသတ် ၂၃ ဦးစာရင်းထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ဂျပန်နိုင်ငံမှတစ်ဆင့် အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စု (G) ပွဲစဉ်များ ကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## KBZ Bank Women's League ပြိုင်ပွဲ အား/ကာသိပ္ပံအသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၂) ပထမနေ့အဖြစ် YREO အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယအကျော့တွင် ခြေစွမ်းပိုင်းသိသိသာသာ တိုးတက်လာသည့် YREO အသင်း၏ ကစားပုံကြောင့် အား/ကာသိပ္ပံအသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ဒုတိယပိုင်းတွင် သွင်းယူခဲ့သည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၆၀ တွင် ကေဇင်မြင့်က သွင်းယူခဲ့သည်။ ဒုတိယနေ့ကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဇွဲကပင်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**


**တေဇ(၁၄)ပုလဲရတု နှစ်ပတ်လည် အခမ်းအနားဖိတ်ကြားလွှာ**

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၄)၏ (၂၃-၁၀-၂၀၁၇)ရက်တွင် ကျရောက်မည့် နှစ်(၃၀)ပြည့်နှစ်၊ ပုလဲရတုနှစ်ပတ်လည် အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မိသားစုမိတ်ဆုံညစာစားပွဲနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား**

**နေ့ရက်။** ၂၁-၁၀-၂၀၁၇ရက်(စနေနေ့)
**အချိန် ။** ၁၈း၀၀နာရီမှ ၂၁း၀၀နာရီအထိ
**နေရာ ။** မင်္ဂလာသီရိဟိုတယ်၊ ဟိုတယ်ဇုန်(၂)၊ နေပြည်တော်

**ဆွမ်းကျွေးအလှူနှင့် ဆရာကန်တော့ပွဲ အခမ်းအနား**

**နေ့ရက်။** ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)
**အချိန် ။** ၁၀း၀၀ နာရီမှ ၁း၀၀ နာရီအထိ
**နေရာ ။** မင်္ဂလာသီရိဟိုတယ်၊ ဟိုတယ်ဇုန်(၂)၊နေပြည်တော်

**ဆက်သွယ်ရန်။** ရဲနိုင်စိုး(ရန်ကုန်) ဖုန်း-၀၉-၄၂၀၀၈၈၂၅၀၊
တင်ထွန်းဦး(မန္တလေး) ဖုန်း-၀၉-၂၀၅၉၇၇၅
မိုးကျော်စွာ(နေပြည်တော်) ဖုန်း-၀၉-၄၂၉၂၀၃၉၀၆



**Yangon Metropolitan Development Public Co.,Ltd**
**ရန်ကုန်တိုင်းဒေသကြီး**

နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်းအဆောက်အဦတည်ဆောက်ရေးလုပ်ငန်း တင်ဒါခေါ်ယူခြင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပင်စင်စား၊ နိုင်ငံ့ဝန်ထမ်း အိမ်ရာစီမံကိန်းဧရိယာအတွင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အငှားအိမ်ရာအိမ်ရာစီမံကိန်း၌ ၁၂ခန်း တွဲ၅ထပ်(ခြေတံရှည်) လူနေအဆောက်အဦ(၅)လုံးတည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(၁) **တင်ဒါအဆိုပြုလွှာပုံစံ၊ စည်းကမ်းချက်များနှင့် Master Plan, Architectural Drawing, Structural Drawing များ စတင်ထုတ်ယူနိုင်သည့်ရက်** ၁၉-၁၀-၂၀၁၇ရက်
(၂) **တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းကို လက်ခံမည့်ရက်** ၃၁-၁၀-၂၀၁၇ရက်
(၃) **တင်ဒါပုံစံဝယ်ယူရန်နှင့်တင်သွင်းရမည့်နေရာ** Yangon Metropolitan Development Public Co.,Ltd ရုံးခန်း၊ အခန်းအမှတ် (၂၂၂)၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

**Yangon Metropolitan Development Public Co.,Ltd**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၀၆၆၅၆၉**



**အသိပေးကြေညာချက်**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၏ နှစ်ချုပ်စာရင်းတွင် မြီရှင်ဖြစ်ပေါ်နေသော ဘဏ္ဍာနှစ်အဆက်ဆက်မှ ဂါဒီယန်သတင်းစာတိုက်၊ New Light of Myanmar သတင်းစာတိုက် တို့မှ ကိုယ်စားလှယ်များ၏ စာအုပ်ဖိုးရငွေ၊ မဂ္ဂဇင်းဖိုးကြိုတင်ရငွေ၊ ကြော်ငြာခရငွေ ငွေလက်ကျန် စုစုပေါင်းကျပ်(၆၁၂၅၅.၅၉)ဖြစ်ပါသည်။

အဆိုပါ ကိုယ်စားလှယ်များမှ အထက်ဖော်ပြပါ စာအုပ်ဖိုး၊ ကြော်ငြာခများအား၊ လက်ခံပြေစာများနှင့်အတူ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း ရုံးချုပ်သို့ လာရောက်ထုတ်ယူရန်နှင့် သတ်မှတ်ကာလအတွင်း ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်၏ဘဏ္ဍာငွေစာရင်းသို့ လွှဲပြောင်းပေးသွင်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်(ရုံးချုပ်)ငွေစာရင်းဌာနသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရုံးချုပ်(ရန်ကုန်)**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**



**အမည်ပြောင်း**

ဦးဟိန်းမင်းကျော်၏သား မြောင်းမြမြို့ အထက(၁) အဋ္ဌမတန်း(စံပယ်ခန်း)မှ မောင်စွမ်းပြည့်ဟိန်းထက်အား မောင်ဖွဲ့ထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖွဲ့ထက်နိုင်**



**ဖခင်အမည်မှန်**

ဦးဆန်းဦး၏သား သံဖြူဇရပ်မြို့ အထက(၁)သတ္တမတန်းမှ မောင်ကောင်းထက်ဝေလျှံဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၁၀/သဖရ(နိုင်)၀၅၂၉၂၀ ဖြစ်ပါကြောင်း။

**ဦးကျော်ဦး**



**ဖခင်အမည်မှန်**

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ကွင်းကြီးအုပ်စု၊ ဂရက်ဝန်းကြီးကျေးရွာနေ မောင်မင်းလွင်ဦး ၁၄/ကကန(နိုင်) ၁၂၀၅၆၃၏ ဖခင်အမည်မှန်မှာ ဦးမျိုးရွှေ (ခ)ဦးမျိုးဆွေ ဖြစ်ပါကြောင်း။



**ပြင်ဆင်ဖတ်ရှုပါရန်**

၁၅-၁၀-၂၀၁၇ရက် စာမျက်နှာ ၃၀ပါ မုဟမ္မဒ်အရွတ်ခန်း(ခ)ဦးအောင်ကြည်နှင့် အများသိစေရန် ကြော်ငြာတွင် ၂၀-၁-၂၀၁၄တွင် လက်ထပ်ပေါင်းသင်းခဲ့ကြပြီး အစား ၂၀-၁-၂၀၀၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၁)၊ ကရင်ပြည်နယ် ဦးစီးမှူးရုံးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းတစ်ရပ်လုံး ဆောင်ရွက်လိုသူနှင့်လုပ်ငန်းသုံးပစ္စည်းပေးသွင်းလိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်းနှင့်စိစစ်ရွေးချယ်နေရာ** ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဒေသ(၁၁)၊ ဘားအံမြို့
**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** ၂၀-၁၀-၂၀၁၇ရက်(ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** ၂၀-၁၁-၂၀၁၇ရက်၊ ၁၂း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** ၂၀-၁၁-၂၀၁၇ရက်၊ ၁၄း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့်အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဒေသ(၁၁)၊ ဘားအံမြို့၊ ဖုန်း(၀၅၈-၂၂၅၀၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/5294 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**



**ပျောက်ဆုံးကြောင်း**

ကျွန်မဒေါ်ခင်ချိုအေး ၁၀/မဒန(နိုင်) ၁၈၂၇၅၉အမည်ဖြင့် သွင်းကုန်ပါမစ်မူရင်း ISP IDV8 16-17 35932 နှင့် ၎င်းပါမစ်၏ ပါမစ် Amend No-(ISPIDV816-17 A2430-06/01/2017) အပါအဝင် Declaration No-100018257950 ၏ Release Order မူရင်းများပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph-09-5008470, 09-5404030**



**ကန့်ကွက်နိုင်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နတ်မော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၅၁၇/ခ)ပြာကတတ်မြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၈၉)၊ (၁၉၀)၊ (၁၉၁)၊ (၁၉၂)ကေရှိ မြေကို ဦးမင်းလွင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဤဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**



**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မြေကွက်အမှတ် ၉၁၀၊ ဒဂုံရွှေမျှား(၃)လမ်း၊ ဧရိယာ ပေ(၄၂×၆၀)၏ မြေအမည်ပေါက် ဒေါ်အေးမြတ်နွယ် ၁၀/မလမ(နိုင်) ၀၀၀၁၃၁ထံမှ ဒေါ်နှင်းစုပိုင် ၁၂/အလန(နိုင်)၀၄၄၅၁၁က အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နှင်းစုပိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဦးအောင်သိန်း)B.A(Geog)H.G.P.R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၃၄)**
**ဖုန်း-၀၉-၇၈၅၀၁၉၆၆၁၊ ၀၉-၅၀၁၉၆၆၁**



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်အိမ်ရာ၊ (၆)လမ်း(A)၊ တိုက်(၁၀)၊ အခန်း(၄၀၃)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မျိုးမာခိုင် ၁၁/စတန(နိုင်)၀၆၇၅၂၉ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခိုင်မျိုးဦး ၇/ပခန(နိုင်)၁၉၁၅၈၀က ၁၀-၁၀-၂၀၁၇ရက်တွင် အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်း၊ ကျူးကျော်ခြင်းများ မပြုကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈)**
**(ရုံး)ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်**
**ဖုန်း-၀၉-၄၂၀၈၈၈၇၀၄**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၄ ၊ မြေကွက်အမှတ်-၁၉၅/ခ ဒေါ်အေးမေ အမည်ပေါက်နှစ်(၆၀)မြေငှား ဂရန်မြေနှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမြင့်အောင်(LL.B)စဉ်-၂၅၁၆၅ ဦးအေးမင်းသူ(LL.B)စဉ်-၂၆၁၉၉**
**အထက်တန်းရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**



# နယူးဒေလီရှိ ဝန်ကြီးချုပ် မိုဒီ၏ ရုံးအဆောက်အအုံ မီးလောင်မှုဖြစ်ပွား

**နယူးဒေလီ အောက်တိုဘာ ၁၇**
အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ ဝန်ကြီးချုပ် ရှရီနာရန်ဒြာရာမိုဒီ၏ ရုံးအဆောက်အအုံ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောခဲ့သည်။

ဝန်ကြီးချုပ်ရုံး မီးလောင်မှုဖြစ်ပွားချိန်တွင် နာရန်ဒြာရာမိုဒီသည် ၎င်း၏ရုံး၌ မရှိဘဲ လာမည့်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ရန် သူ၏မွေးရပ်မြေဖြစ်သည့် ဂူဂျာရတ်ပြည်နယ်သို့ ရောက်ရှိနေကြောင်း သိရသည်။

ထို့အတူ ရေစီနာတောင်ကုန်း တောင်ဘက် ဘလောက်၌ တည်ရှိသောဝန်ကြီးချုပ်ရုံး မီးလောင်မှုဖြစ်ပွားချိန်တွင် ရုံးဖွင့်ချိန်မဟုတ်သေးသောကြောင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

မီးလောင်မှုသည် ဝန်ကြီးချုပ်ရုံး၏ ရုံးခန်းအမှတ် (၁၄၂)တွင် ဖြစ်ပွားနေကြောင်း သတင်းပေးချက်အရ မီးသတ် ဝန်ထမ်းများကို ချက်ချင်းစေလွှတ်ခဲ့ကြောင်း ပြည်တွင်း မီးသတ်ဌာန အရာရှိ ဂါမက်ခ်ဆင်းဂ်က မီဒီယာများကို ပြောကြားခဲ့သည်။

မီးလောင်မှုကို မိနစ် ၂၀ အတွင်း ထိန်းချုပ်နိုင်ခဲ့သော်လည်း လေအေးပေးစက်ကဲ့သို့သော လျှပ်စစ်ပစ္စည်း တချို့နှင့် ရုံးမှတ်တမ်းတချို့ မီးလောင်ပျက်စီးခဲ့ကြောင်း နောက်ထပ် မီးသတ်အရာရှိတစ်ဦးက ပြောခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာအခန်းသည် ဝန်ကြီးချုပ်ရုံးဌာနမှူးတစ်ဦး၏ အခန်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုသည် ဝိုင်ယာရှော့ခ်ဖြစ်ရာမှ လောင်ကျွမ်းခဲ့ခြင်းဖြစ်နိုင်ကြောင်း ကနဦး စုံစမ်းစစ်ဆေးမှုများအရ ပြည်တွင်းမီးသတ်ဌာနအရာရှိ ဂါမက်ခ်ဆင်းဂ်က ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ဒိန်းမတ်နိုင်ငံ၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျရာ လူနှစ်ဦးသေဆုံး

**ကိုပင်ဟေဂင် အောက်တိုဘာ ၁၇**
ဒိန်းမတ်နိုင်ငံ မြို့တော်ကိုပင်ဟေဂင်မြို့အနောက်ဘက် ကီလိုမီတာ၇၀ အကွာ ဟိုဘိတ်ခ်မြို့အနီး၌ အပေါ့စားလေယာဉ်တစ်စင်း ယမန်နေ့ကပျက်ကျခဲ့ရာ အမျိုးသား နှစ်ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျသည့်သတင်းကို ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၈ မိနစ်ခန့်တွင် ဇီလန်မြို့အလယ်ပိုင်းနှင့် အနောက်ပိုင်း ရဲတပ်ဖွဲ့ကရရှိခဲ့ကြောင်း ဒိန်းမတ်သတင်းဌာနတစ်ခုဖြစ်သည့် ရစ်ဇ်ဗူက ဖော်ပြခဲ့သည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသားနှစ်ဦးမှာ အသက် (၅၆) နှစ်နှင့် (၆၁) နှစ်တို့ဖြစ်ကြပြီး နှစ်ဦးစလုံးသေဆုံးသွားခဲ့ကြောင်းနှင့် ၎င်းတို့၏မိသားစုဝင်များကို အကြောင်းကြားထားကြောင်း သိရသည်။ ပျက်ကျမှုမဖြစ်ခင် လေယာဉ်သည် ကိုပင်ဟေဂင်မြို့အနောက်ဘက် ၄၀ ကီလိုမီတာအကွာရှိ ရိုစ်ကီဒီ လေဆိပ်မှ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ထွက်ခွာလာခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသော်လည်း ဖိလစ်ပိုင်သမ္မတက မာရဝီလွတ်လပ်ပြီဟု ကြေညာ

**မနီလာ အောက်တိုဘာ ၁၇**
ဖိလစ်ပိုင်တောင်ပိုင်းရှိမာရဝီမြို့သည် အိုင်အက်စ်အစွန်းရောက်အဖွဲ့ကို ထောက်ခံသည့် စစ်သွေးကြွများလက်မှ လွတ်မြောက်သွားပြီဖြစ်သည်ဟု ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ကြေညာခဲ့ကြောင်းသိရသည်။

သမ္မတဒူတာတေးက ထိုသို့ကြေညာခဲ့သော်လည်း အဆိုပါဒေသတွင် ဓားစာခံ အယောက် ၂၀ ကို ဖမ်းဆီးထားသည့် သူပုန်အယောက် ၂၀ မှ ၃၀ အထိ ရှိနေသေးကြောင်း တပ်မတော်က ပြောကြားခဲ့သည်။ အကြမ်းဖက်အဖွဲ့ခေါင်းဆောင်နှစ်ဦးကို သုတ်သင်ချေမှုန်းခဲ့ပြီးနောက် တစ်ရက်အကြာတွင် တပ်ဖွဲ့ဝင်များအားနှိုးဆော် တိုက်တွန်းသည့်အနေဖြင့် ဒူတာတေးကဇင်းအနေဖြင့် စစ်သွေးကြွများအားလက်နက်များစွာတို့ကို အရန်ထားရှိရန် နောက်ထပ်ဘယ်သောအခါမှ ခွင့်ပြုလိမ့်မည် မဟုတ်ကြောင်း၊ သို့သော် မာရဝီမြို့သည် ထိခိုက်ပျက်စီးခဲ့မှုများကို ကုစားရန်နှင့်ပြန်လည် တည်ဆောက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မာရဝီမြို့သည် အကြမ်းဖက်သမားများ၏ လွှမ်းမိုးမှုအောက်မှလွတ်မြောက်ပြီဖြစ်သည်ဟု မိမိကြေညာလိုက်ပါကြောင်း၊ ယခုကြေညာမှုသည်ပင်လျှင် ပြန်လည် ထူထောင်ရေးစတင်သည့် အထိမ်းအမှတ်တစ်ခုဖြစ်ကြောင်း သမ္မတဒူတာတေးက ပြောကြားခဲ့သည်။



ဖိလစ်ပိုင်တောင်ပိုင်းတွင် ၁၄၈ ရက်ကြာအောင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခတိုက်ပွဲများအတွင်း လူတစ်ထောင်ကျော် သေဆုံးခဲ့ပြီဖြစ်ပြီး အများစုမှာ သူပုန်များဖြစ်သည်။ လူပေါင်းနှစ်သိန်းနေထိုင်သည့်မြို့သည် လေကြောင်းတိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယားနိုင်ငံ ရက်ကွာမှ အိုင်အက်စ်တို့ကို အပြီးရှင်းလင်း

**ရက်ကွာ အောက်တိုဘာ ၁၇**
အမေရိကန်က ကျောထောက်နောက်ခံပေးထားသည့် အရေးပေါ်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံရှိ ရက်ကွာမြို့ကို အိုင်အက်စ်စစ်သွေးကြွများ၏ လက်မှ အပြီး ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဆီးရီးယား ဒီမိုကရက်တစ်အင်အားစုများသည် ပြီးခဲ့သည့်ဇွန်လကစတင်ကာ ရက်ကွာမြို့အတွင်း၌ အိုင်အက်စ် စစ်သွေးကြွများနှင့် တိုက်ခိုက်ခဲ့သည်။

**(ရိုက်တာ)**

# ပေါ်တူဂီနိုင်ငံ၌ ဖြစ်ပွားခဲ့သော တောမီးလောင်မှုကြောင့် စုစုပေါင်း ၃၆ ဦးအထိ သေဆုံး



**လစ္စဘွန်း အောက်တိုဘာ ၁၇**
မကြာသေးမီက ပေါ်တူဂီနိုင်ငံ၌ ဖြစ်ပွားခဲ့သော တောမီးလောင်မှုကြောင့် စုစုပေါင်း လူ ၃၆ ဦးအထိ သေဆုံးခဲ့ကြောင်း၊ သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်သည်ဟု မျှော်လင့်ရကြောင်း အမျိုးသားပြည်သူ့ကာကွယ်ရေး အာဏာပိုင်အဖွဲ့က ယမန်နေ့တွင် ပြောခဲ့သည်။

ပေါ်တူဂီနိုင်ငံအနှံ့အပြား၌ လွန်ခဲ့သည့် ရက်များ အတွင်းက တောမီးလောင်မှု ၅၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့အနက် အဆိုးဆုံးလောင်ကျွမ်းခဲ့သော တောမီးများမှာ နိုင်ငံမြောက်ပိုင်းနှင့်အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့ကြောင်း ၎င်းအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။ ကွိုင်ဘရာ၊ အဗွီရို၊ ကတ်တီလိုဘရန်ကိုနှင့်ဗီဆူးတို့တွင် ဖြစ်ပွားသော တောမီးလောင်ကျွမ်းမှုများကြောင့် ၃၆ ဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ထို့အပြင် လူ ၅၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းအနက် ၁၆ ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း အမျိုးသားပြည်သူ့ကာကွယ်ရေးအာဏာပိုင်အဖွဲ့က ပြောခဲ့သည်။

တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် မီးသတ်သမားများကြိုးစားခဲ့ကြောင်း၊ လွန်ခဲ့သော ဇွန်လအတွင်းကလည်း ပေါ်တူဂီနိုင်ငံအလယ်ပိုင်း ပီထရိုဂို ဂရန်ဒီရေိယာ၌ ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုကြောင့်လည်း လူပေါင်း ၆၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ယခင် ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဖြစ်စဉ်များကို လေ့လာပြီး ကြိုတင်ပြင်ဆင်မှုလုပ်ရန်ပျက်ကွက်မှုကြောင့် ပေါ်တူဂီအစိုးရသည် စွပ်စွဲပြစ်တင်မှုများနှင့် ရင်ဆိုင်နေရကာ အဆိုပါဖြစ်စဉ်များကြောင့် ပြည်ထဲရေးဝန်ကြီးအား တာဝန်မှနုတ်ထွက်ရန် တောင်းဆိုမှုများရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆီးရီးယားနိုင်ငံ ဒမတ်စကက်မြို့သို့ အစိုးရဆန့်ကျင်ရေးအဖွဲ့များက အမြောက်ဖြင့်ပစ်ခတ်

**ဒမတ်စကက် အောက်တိုဘာ ၁၇**

ယမန်နေ့က ဆီးရီးယားအရှေ့ပိုင်းကို အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရမှုကြောင့် အနည်းဆုံး လေးဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

အစိုးရဆန့်ကျင်ရေးအဖွဲ့သည် ဒမတ်စကက်မြို့ အရှေ့ပိုင်းသို့ အမြောက်လေးချက် ပစ်ခတ်ခဲ့သောကြောင့် ယခုလို သေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ဒဏ်ရာရရှိသူများမှာ စိုးရိမ်ဖွယ်ကောင်းကြောင်း ဆီးရီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူတစ်ဦးက ပြောခဲ့သည်။

ယင်းမြို့တွင် ယခုရက်ပိုင်း၌ တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း၊ လွန်ခဲ့သော အောက်တိုဘာ ၁၁ ရက်ကလည်း ရဲဌာနချုပ်တွင် ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သို့သော်လည်း လုံခြုံရေးအခြေအနေမှာ ကျိုးပေါက်သွားခြင်းမရှိဘဲ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်မှုရှိနေကြောင်း သိရသည်။ **(ဆင်ဟွာ)**

### မြောက်ကိုရီးယားအရေးကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းလိုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် မြောက်ကိုရီးယားအရေးကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းလိုကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး တေလာဆန်က ယမန်နေ့တွင် ပြောခဲ့သည်။

စစ်ရေးနည်းဖြင့် ချဉ်းကပ်ဖြေရှင်းမှု မပြုလုပ်ဘဲ သံတမန်နည်းလမ်းဖြင့် ဖြေရှင်းနိုင်မည့် နည်းလမ်းကို အမေရိကန်သမ္မတအနေဖြင့် ရှာဖွေလျက်ရှိကြောင်း၊ ထိုနည်းကိုလည်း ၎င်းအနေဖြင့် ထောက်ခံအားပေးကြောင်း တေလာဆန်က သတင်းမီဒီယာ၏တွေ့ဆုံမေးမြန်းမှုကို ဖြေကြားခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်း၏ ဆန့်ကျင်မှုကို လျစ်လျူရှုပြီး မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားနှင့် ဒုံးလက်နက်အမြောက်အမြားကို မကြာခဏ စမ်းသပ်ပစ်လွှတ်လျက်ရှိရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မကြာသေးမီတွင် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုအသစ်များ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအရေးကိုဖြေရှင်းရာတွင် သံတမန်နည်းသည် ဦးစားပေးဖြေရှင်းနည်းဖြစ်သော်လည်း အကယ်၍ အဆိုပါနည်းလမ်းမအောင်မြင်ခဲ့ပါက စစ်ရေးအရ ဖြေရှင်းမည့်နည်းလမ်းကို အရန်နည်းလမ်းအနေဖြင့် ရွေးချယ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီတွင် ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# မေးခွန်းထုတ်စရာဖြစ်လာတဲ့ ဆီးရီးယားဓာတုလက်နက်စုံစမ်းစစ်ဆေးမှု

**ချူးစန္ဒီမွေး**



ဆီးရီးယားပြည်တွင်းစစ်ဟာ အချိန်တွေသာ တရွေ့ရွေ့ကုန်ဆုံးသွားတယ် ပြီးဆုံးမယ့်အရိပ်အယောင်တောင် မရှိသေးပါဘူး။ ရုရှားက ကျောထောက်နောက်ခံပြုထားတဲ့ ဆီးရီးယားအစိုးရတပ်ဖွဲ့နဲ့ အမေရိကန်နဲ့မဟာမိတ်တပ်တွေ ကျောထောက်နောက်ခံပြုထားတဲ့ အတိုက်အခံအုပ်စုကြား တိုက်ပွဲတွေ အဆုံးမသတ်နိုင်ရုံမျှမက ကြားထဲမှာ အိုင်အက်စ်တွေပါ တိုက်ထုတ်နေရတော့ စစ်ပွဲပြီးဆုံးမယ့်ကာလဟာ အလှမ်းဝေးလို့နေပါတယ်။

ဆီးရီးယားစစ်ပွဲမှာ အရပ်သားတွေကို သေစေနိုင်တဲ့ ဓာတုလက်နက်တွေသုံးတယ် ဆိုတာကတော့ ဆီးရီးယားအစိုးရတပ်ဖွဲ့အတွက် နောက်ထပ်ထိုးနှက်ချက်တစ်ခုပါပဲ။ ဆီးရီးယားစစ်ပွဲအတွင်း အစိုးရတပ်ဖွဲ့ဝင်တွေဟာ ဓာတုလက်နက်တွေ အကြိမ်နှစ်ဒါဇင်မက အသုံးပြုခဲ့တယ်။ ၂၀၁၇ ခုနှစ် ဧပြီလအတွင်းမှာလည်း ကြောက်မက်ဖွယ်တိုက်ခိုက်မှုအတွင်း ဓာတုလက်နက်အသုံးပြုခဲ့တယ်လို့ ကုလသမဂ္ဂ စစ်ရာဇဝတ်မှုစောင့်ကြည့်ရေးအဖွဲ့က ပြောပါတယ်။

ဆီးရီးယားအစိုးရရဲ့စစ်လေယာဉ်တွေဟာ ဆာရင် အဆိပ်ဓာတ်ငွေ့ကို အီဒလစ်ပြည်နယ်မှာရှိတဲ့ မြို့တစ်မြို့မှာ ကြဲချခဲ့တဲ့အတွက် အရပ်သား ၈၀ ကျော်သေဆုံးခဲ့ရတယ်လို့ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင်က ပြောပါတယ်။ ဒါပေမယ့်လည်း ဆီးရီးယားအစိုးရဘက်ကတော့ သူတို့အနေနဲ့ ဓာတုလက်နက်သုံးတာမျိုးမရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ လာမယ့်လအတွင်းမှာပဲ ဓာတုလက်နက်သုံးစွဲမှုနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးသူတွေဟာ သူတို့ရဲ့ အစီရင်ခံစာအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တင်သွင်းရမှာဖြစ်ကာ ဓာတုလက်နက်စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ အနာဂတ်နဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ရတော့မှာပဲဖြစ်တယ်။

အောက်တိုဘာ ၁၃ ရက်မှာတော့ ရုရှားဟာ ဓာတုလက်နက်စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့ပါတယ်။ ဓာတုလက်နက်နဲ့ တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး ဘယ်သူကို အပြစ်တင်ရမှာလဲလို့ မေးခွန်းထုတ်ခဲ့ပါတယ်။ နောက်လအတွင်း အစီရင်ခံစာ တင်သွင်းလို့အပြီးမှာ ဒီစုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့လုပ်ပိုင်ခွင့်တွေကို တိုးချဲ့သင့် မသင့် ဆုံးဖြတ်ရတော့မှာပဲဖြစ်တယ်။

ကုလသမဂ္ဂနဲ့ ဓာတုလက်နက် တားဆီးကာကွယ်ရေးအဖွဲ့အစည်းတို့ ပူးပေါင်းဖွဲ့စည်းထားတဲ့ (JIM) လို့ ခေါ်တဲ့ ပူးတွဲစစ်ဆေးရေးယန္တရားကို ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံရဲ့ ထောက်ခံမှုနဲ့အတူ ဖွဲ့စည်းခဲ့တာဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာလည်း သက်တမ်းတိုးခဲ့ပါတယ်။ သူ့ရဲ့သက်တမ်းဟာ အခုလာမယ့် နိုဝင်ဘာလလယ်လောက်မှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။

ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ လက်နက်ထိန်းချုပ်ရေးနဲ့ လက်နက်မပြန့်ပွားရေးဌာနက ညွှန်ကြားရေးမှူးဖြစ်သူ Mikhail Ulyanov က ဓာတုလက်နက်အသုံးပြုမှုနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးရာမှာ ပြဿနာတွေရှိတယ်လို့ ဆိုပါတယ်။ ဒီစုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့သက်တမ်းကို ထပ်တိုးဖို့ဆိုရင် အောက်တိုဘာ ၂၆ ရက်မှာတင်သွင်းမယ့် အစီရင်ခံစာကို စောင့်ကြည့်ပြီး အကဲခတ်ဖို့ လိုလိမ့်မယ်လို့လဲ ပြောခဲ့ပါတယ်။ ဒီအဖွဲ့ဟာ သူ့ရဲ့လုပ်ငန်းဆောင်တာကို ပြီးမြောက်အောင် လုပ်ဖို့ မစွမ်းဆောင်နိုင်ဘူးဆိုရင် ဘာလို့များ သူ့ရဲ့သက်တမ်းကို ထပ်တိုးဖို့ လိုဦးမှာလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတယ်လို့ သူက ဆက်ပြောပါတယ်။ ကျွန်တော်တို့ရဲ့ ရပ်တည်မှုကို သိရဖို့ အစီရင်ခံစာကို စောင့်ကြည့်ရမှာပဲဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဆီးရီးယားမှာ ဓာတုလက်နက်အသုံးပြုမှုနဲ့ ပတ်သက်ပြီး ရုရှားရဲ့အမြင်ကို ထုတ်ဖော်ပြောကြားဖို့ ပြုလုပ်တဲ့ ဒီပွဲကို ကုလသမဂ္ဂ သံတမန်အချို့တက်ရောက်ခဲ့ကြပါတယ်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန် နစ်ကီဟေယ်လီကတော့ JIM ရဲ့ သက်တမ်းကို တိုးမြှင့်ဖို့က လုံခြုံရေးကောင်စီရဲ့ အဓိကဦးစားပေးအစီအစဉ်ပဲလို့ လွန်ခဲ့တဲ့သီတင်းပတ်က ပြောခဲ့ပါတယ်။ ဓာတုလက်နက်စုံစမ်းစစ်ဆေးမှုကို တိုးချဲ့ဖို့အတွက် အမေရိကန်က စီစဉ်ထားသလားဆိုတာကတော့ မသေချာပါဘူး။ ကုလသံတမန်အချို့ကတော့ JIM ရဲ့ နောက်ထပ်အစီရင်ခံစာမတင်မီ မူကြမ်းကို မဲပေးမှုတွေ ပြုလုပ်ဖို့ ပြောကြားခဲ့ပါတယ်။

ဒီမူကြမ်းကို ရှေ့ဆက်ခွင့်ပြုပေးဖို့ဆိုရင် ရုရှား၊ အမေရိကန်၊ တရုတ်၊ ပြင်သစ်၊ ဗြိတိန်တို့ရဲ့ဗီတိုအာဏာမပါဘဲ ထောက်ခံမဲ ကိုးမဲရရှိရမှာပဲဖြစ်တယ်။ JIM ဟာ ဆီးရီးယားအစိုးရတပ်ဖွဲ့အနေနဲ့ ၂၀၁၅ နဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ ကလိုရင်းဓာတ်ငွေ့နဲ့ သုံးကြိမ်တိုက်ခိုက်ခဲ့တာကို တွေ့ရှိခဲ့ပြီး အိုင်အက်စ်စစ်သွေးကြွတွေကတော့ Mustard ဓာတ်ငွေ့ အသုံးပြုတာကို တွေ့ရှိခဲ့ပါတယ်။ ဧပြီ ၄ ရက်က အတိုက်အခံအုပ်စုတွေ ထိန်းချုပ်ထားတဲ့ ခန်ရှိတ်ခ်ဟွန်မြို့မှာ ဓာတုလက်နက်သုံးစွဲခဲ့တာနဲ့ ပတ်သက်ပြီး ဘယ်သူမှာ အဓိကတာဝန်ရှိတာလဲ ဆိုတာကို အစီရင်ခံစာမှာ တင်ပြရမှာပဲ ဖြစ်တယ်။ ခန်ရှိတ်ခ်ဟွန်မြို့မှာ ဓာတုလက်နက်အသုံးပြုပြီး တိုက်ခိုက်ခဲ့မှုကြောင့် လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရပါတယ်။

**အမေရိကန်နဲ့ ရုရှားတို့ရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုနဲ့ ဆီးရီးယားဟာ ၂၀၁၃ ခုနှစ်ကတည်းက ဓာတုလက်နက်တွေဖျက်သိမ်းဖို့ သဘောတူပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ဆီးရီးယားသမ္မတဟာ သူတို့ရဲ့ တပ်ဖွဲ့ဝင်တွေအနေနဲ့ ခြောက်နှစ်ကြာပြည်တွင်းစစ်အတွင်းမှာ ဓာတုလက်နက်ကို လုံးဝမသုံးပါဘူးလို့ အခိုင်အမာငြင်းဆိုခဲ့**

(OPCW) ရဲ့ အချက်အလက်ရှာဖွေရေးအဖွဲ့ကတော့ အမေရိကန်ဦးဆောင်တဲ့ တပ်ဖွဲ့က ဆီးရီးယားလေတပ်အခြေစိုက်စခန်းတွေကို ဒုံးကျည်နဲ့ ပစ်ခတ်တိုက်ခိုက်မှုအပြီးမှာ ဆာရင် အဆိပ်ဓာတ်ငွေ့နဲ့ ချက်ချင်းဆိုသလို တုံ့ပြန်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တယ်လို့ ဇွန်လအတွင်းက ကောက်ချက်ချခဲ့ပါတယ်။ ဒါပေမယ့်လည်း ခန်ရှိတ်ခ်ဟွန်မြို့မှာ ဓာတုလက်နက်အသုံးပြုမှုနဲ့ပတ်သက်လို့ကတော့ (OPCW) ဓာတုလက်နက်ပြန့်ပွားမှု တားဆီးရေးအဖွဲ့က ဒီဖြစ်ရပ်မှာ ဘယ်သူက အဓိကလက်သည်ဆိုတာ ထုတ်ဖော်မပြောခဲ့ပါဘူး။

ကုလသမဂ္ဂအစီရင်ခံစာမှာတော့ ဆီးရီးယားအစိုးရတပ်တွေဟာ အတိုက်အခံအုပ်စုတွေထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ ဓာတုလက်နက်ကိုအသုံးပြုပြီး တိုက်ခိုက်မှုတွေရှိတယ်၊ အထူးသဖြင့် အရပ်သားတွေထိခိုက်မိတယ်လို့ ဖော်ပြထားပါတယ်။ အမေရိကန်နဲ့ ရုရှားတို့ရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုနဲ့ ဆီးရီးယားဟာ ၂၀၁၃ ခုနှစ်ကတည်းက ဓာတုလက်နက်တွေဖျက်သိမ်းဖို့ သဘောတူပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ဆီးရီးယားသမ္မတဟာ သူတို့ရဲ့တပ်ဖွဲ့ဝင်တွေအနေနဲ့ ခြောက်နှစ်ကြာပြည်တွင်းစစ်အတွင်းမှာ ဓာတုလက်နက်ကို လုံးဝမသုံးပါဘူးလို့ အခိုင်အမာငြင်းဆိုခဲ့တာပါ။ ဒါပေမယ့်လည်း ကုလသမဂ္ဂက စုံစမ်းစစ်ဆေးသူတွေကတော့ ဆီးရီးယားအစိုးရတပ်ဖွဲ့ဟာ ဓာတုလက်နက်ကို အသုံးပြုခဲ့တယ်လို့ ပြောခဲ့ပါတယ်။ ဓာတုလက်နက်ဒဏ်ကို ခံစားရတဲ့ ရွာသားတွေဟာ အသက်ရှူဖို့အတွက် ခဲခဲယဉ်းယဉ်းရှူရှိုက်ရပြီး ပါးစပ်ကလည်း အမြှုပ်တွေထွက်နေခဲ့တယ်လို့ ဆိုပါတယ်။ ဆီးရီးယားအစိုးရကတော့ ဝန်မခံခဲ့ပါဘူး။ ဒါဟာစွပ်စွဲမှုတွေလို့ပဲ တစ်စိုက်မတ်မတ်ပြောဆိုခဲ့ပါတယ်။ ဓာတုလက်နက်သုံးစွဲမှု ရှိ မရှိ စုံစမ်းစစ်ဆေးသူတွေနဲ့ ဆီးရီးယားအစိုးရတပ်ဖွဲ့ကြား ဘယ်သူက မှန်တယ်၊ ဘယ်သူက မှားတယ် ဆိုတာ ဘယ်လိုဆုံးဖြတ်ရမှာလဲ။

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တွေကတော့ ဆီးရီးယားစစ်ပွဲမှာ အစိုးရတပ်ဖွဲ့တွေနဲ့ အတိုက်အခံတွေကြား တိုက်ပွဲတွေဖြစ်ရင်ပဲဖြစ်ဖြစ်၊ အစိုးရတပ်ဖွဲ့တွေနဲ့ အိုင်အက်စ်တွေကြား တိုက်ပွဲတွေဖြစ်ရင်ပဲဖြစ်ဖြစ် အရပ်သားတွေကပဲ အများဆုံးထိခိုက်ရတာပါလို့ အမြဲလိုလို သတိပေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း တိုက်ပွဲတွေကတော့ ဆက်လက်ဖြစ်ပွားနေဆဲပါပဲ။ အိုင်အက်စ်တွေ အဓိကထိန်းချုပ်နေတဲ့ နယ်မြေတွေကို တိုက်ထုတ်ဖို့ လေကြောင်းတိုက်ခိုက်မှုတွေ ပြုလုပ်ရင်လည်း အရပ်သားတွေကို ထိတာပါပဲ။ ဘာလို့လဲဆိုရင် အိုင်အက်စ်တွေနေထိုင်တဲ့နေရာမှာ အရပ်သားတွေလည်း နေထိုင်နေကြလို့ပါပဲ။ ဆီးရီးယားတပ်ဖွဲ့အနေနဲ့ ဓာတုလက်နက်တွေ အသုံးပြုတယ်လို့ စွပ်စွဲမှုတွေရှိနေပေမယ့် အိုင်အက်စ်တွေကို ထိထိရောက်ရောက် တိုက်ခိုက်နိုင်တာကိုတော့ ငြင်းလို့မရပါဘူး။ အစိုးရတပ်ဖွဲ့နဲ့ အတိုက်အခံတွေကြား ငြိမ်းချမ်းရေး ဆွေးနွေးဝိုင်းတွေက စစ်ပွဲချုပ်ငြိမ်းဖို့အတွက် အဖြေဆိုပေမယ့် အခုချိန်ထိတော့ အလှမ်းကွာဝေးဆဲပါပဲ။

ဆီးရီးယားတပ်ဖွဲ့ဝင်တွေအနေနဲ့ ဓာတုလက်နက် သုံး မသုံး ဧပြီလအတွင်းက ခန်ရှိတ်ခ်ဟွန်မြို့မှာ ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုရဲ့လက်သည်ဟာ ဘယ်သူလဲဆိုတာကို နိုဝင်ဘာလလယ်မှာတင်ပြမယ့် စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့အစီရင်ခံစာမှာ စောင့်ကြည့်ရမှာပါပဲ။ ရုရှားတို့ မေးခွန်းထုတ်ထားသလို ပူးတွဲစုံစမ်းစစ်ဆေးရေးယန္တရားရဲ့ သက်တမ်းတိုးချဲ့ သင့် မသင့်ကလည်း ဒီအစီရင်ခံစာကိုကြည့်ပြီး အဖြေထုတ်ဆုံးဖြတ်သွားရမှာပဲ ဖြစ်ပါတယ်။

**ကိုးကား- ရိုက်တာ**

# မိတ္ထီလာမြို့၌ တန်ဆောင်တိုင်ဝက်ပါပွဲတော်မုခ်ဦးအား ရာမလက်ညှိုးပုဂံမုခ်ဦးပုံစံတည်ဆောက်

**မိတ္ထီလာ အောက်တိုဘာ ၁၇**

မိတ္ထီလာတွင် ထီးသုံးဆင့်၊ ရွှေမြင်မိ၊ လေးမျက်နှာဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် ယခုနှစ် (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာတန်ဆောင်တိုင် ဝက်ပါပွဲတော်မုခ်ဦးအား ရာမလက်ညှိုးပုဂံမုခ်ဦးပုံစံဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းမုခ်ဦးကိုတာဝန်ယူဆောင်ရွက်သည့် ပန်းချီဆရာ ဦးဝင်းမြင့် (ပန်းချီ-ဝင်းမြင့် )က ပြောသည်။

"မိတ္ထီလာမြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင် ဝက်ပါပွဲတော် မုခ်ဦးကို ဝက်ပါတောင်ပုံစံနဲ့တည်ဆောက်လာတာ နှစ်ကြာပြီဆိုတော့ ဒီနှစ်တော့ ရာမလက်ညှိုးပုဂံမုခ်ဦးပုံစံတည်ဆောက်သွားမှာပါ။ မုခ်ဦးတည်ဆောက်တဲ့အပိုင်းကတော့ တော်တော်အပြီးသတ်နေပါပြီ။ မိတ္ထီလာ တန်ဆောင်တိုင်ဝက်ပါပွဲတော် မုခ်ဦးပုံစံကို ဝက်ပါတောင်အပြင် သကြိန်တောင်၊ မန္တလေးနန်းတော်မုခ်ဦး၊ ဇော်ဂျီမုခ်ဦး၊ ဆင်ကြီးနှစ်ကောင်မုခ်ဦးစတဲ့ ပုံစံတွေကို လည်းတည်ဆောက်ခဲ့ဖူးပါတယ်။ ဒီဝက်ပါပွဲတော်မှာ ဝက်ပါမုခ်ဦးနဲ့ ရုပ်ပြခန်းပြကွက်တွေအတွက်လိုအပ်တဲ့ ဒီဇိုင်းပုံစံတွေကို အဖွဲ့သားတွေအားလုံးနဲ့အတူ



ပညာရှင်ခ မယူဘဲ အခမဲ့ကုသိုလ်ဖြစ်ဆောင်ရွက်ပေးတာပါ"ဟု ပန်းချီဆရာ ဦးဝင်းမြင့်က ပြောသည်။

မိတ္ထီလာတန်ဆောင်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်ကျင်းပရန် ဝက်ပါလမ်းကြောင်းများ တည်ဆောက်ခြင်း၊ ရုပ်သေပြခန်းပြကွက်များအတွက် ဇာတ်စင်များတည်ဆောက်ခြင်းကိုအောက်တိုဘာ ၂၀ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်သည့် မုခ်ဦးဒီဇိုင်းနှင့် နောက်ခံပန်းချီဒီဇိုင်းများ ရေးဆွဲခြင်းကို စက်တင်ဘာလဆန်းပိုင်းက စတင်ကာရေးဆွဲတည်ဆောက်လျက်ရှိသည်။ (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာ တန်ဆောင်တိုင် ဝက်ပါပွဲတော်ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်(တန်ဆောင်မုန်းလဆန်း ၁၂ရက်မှ လပြည့်ကျော် ၃ ရက် ) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ဝက်ပါပွဲတော်တွင် ကုဏ္ဍလကေသာထေရီရဟန်းမ၏ ဇာတ်တော်ကြီးနှင့် ဘုရားအလောင်းတော် မဟာဇနကဇာတ်တော်ကြီးတို့ကို ကျောင်းသားကျောင်းသူကလေးငယ် ၁၂၀ ကျော်က ရုပ်သေပြခန်းပြကွက်များဖြင့် ပါဝင်သရုပ်ဆောင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

# မြေနီလမ်းခင်းခြင်းဆောင်ရွက်

**ပေါင်းတည် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် အုပ်ဖို(၂)ရပ်ကွက်တွင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၁ သိန်းဖြင့် မြေနီလမ်းခင်းခြင်းကို အောက်တိုဘာ ၁၅ ရက်ကဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းမှာ ပေါင်းတည်မြို့မှတ်တိုင်လမ်းမှ မီးရထားဘူတာရုံသို့ သွားရောက်သည့်လမ်းဖြစ်ပြီး နေ့စဉ် ရန်ကုန်-ပြည်အမြန်ရထား၊ ရန်ကုန်-ပုဂံရထား၊ ကြည့်မြင်တိုင်-ပြည်ရထား၊ လက်ပံတန်း-ပြည်ကားရထား လေးစင်းမှာ ဆိုက်ရောက်လျက်ရှိသည့်အပြင် လမ်းမှာ မြေနိမ့်ပိုင်းဖြစ်ကာ ရေဝပ်ခြင်းများရှိနေသည့်အတွက် ခရီးသွားပြည်သူများ သွားလာရေး ပိုမိုအဆင်ပြေလွယ်ကူစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယခုကဲ့သို့ ဦးစားပေးအနေဖြင့် လမ်းအားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# သီပေါ၌ မီးငြိမ်းသတ်ရေး သရုပ်ပြ

**သီပေါ အောက်တိုဘာ ၁၇**

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြို့မရဲစခန်းဝင်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြသခြင်းကို အောက်တိုဘာ ၁၅ ရက်က မြို့မရဲစခန်း၌ ကျင်းပရာမြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး မြင့်ကျော်၊ စခန်းမှူးဒုရဲမှူးဝင်းတင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲတွင် မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ကျော် ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ် မီးငြိမ်းသတ်မှုနှင့် ပတ်သက်၍ မီးသတ်ဆေးဘူးများအား ရှင်းလင်းပြသခြင်း၊ လက်တွေ့မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် သရုပ်ပြသဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်



**သထုံ အောက်တိုဘာ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးစောဝင်းမောင်သည် အောက်တိုဘာ ၁၅ ရက်က သထုံမြို့နယ်ရှိ ခရိုင်နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ရောက်ရှိပြီး မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာပေးနိုင်ရေး၊ အန္တရာယ်ကင်းရှင်းရေး စဉ်ဆက်မပြတ်လျှပ်စစ်မီးရရှိရေးအလေးပေးဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် အင်ဂျင်နီယာချုပ်သည် မြို့နယ်လျှပ်စစ်ဓာတ်အားပေးဖြန့်ဖြူးပေးသော 33/11 KV၊10 MVA X ! mer ရှိ Electrical equipments များနှင့် Switch gears များကို အသေးစိတ်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၁၇**

စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စိမ်းပြာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်များ စုစုပေါင်း ၄၇၀ ကျော်သည် အောက်တိုဘာ ၁၄ ရက်က စေတီတော်ရင်ပြင်ဆေးကြောခြင်း၊ ပရိဝုဏ်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

"ပြည်နယ်မီးသတ်ဦးစီးမှူးနဲ့ မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကျော်က ဘုရားရင်ပြင်သန့်ရှင်းရေးကို တာဝန်ယူဆောင်ရွက်ပါတယ်။ မီးသတ်ကားတွေနဲ့လည်း ရင်ပြင်တော်ပေါ်ရှိ အညစ်အကြေးတွေကို ဆေးကြောကြပါတယ်။ ပွင့်လင်းရာသီဖြစ်တဲ့အတွက် ဘုရားဖူးလာပြည်သူတွေစိတ်အေးချမ်းမြေ့စွာတရားအားထုတ်နိုင်ဖို့ ယခုလိုပါဝင် ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်" ဟု မြို့နယ်မီးသတ်စခန်းမှူး ဦးဆန်းဝင်းလှိုင်က ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝါးစိုက်ပျိုးရေးစီမံချက် ဒုတိယအကြိမ်စတင်အကောင်အထည်ဖော်

**မုံရွာ အောက်တိုဘာ ၁၇**

တစ်အိမ်ထောင်လျှင်ဝါး ၁၀ ရုံစိုက်ပျိုးရေးစီမံချက်ကို မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒုတိယအကြိမ် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းကို ၂၀၁၅ ခုနှစ်ကစတင် တည်ထောင်ခဲ့ပြီး ဝါးစိုက်ဖို့ပျိုးဖို့အတွက် ဝါးပင်ကိုအခမဲ့ ဖြန့်ဝေပေးတာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီးထဲက ၃၇ မြို့နယ်မှာ ကန့်ဘလူ၊ ကျွန်းလှ၊ ရွှေဘိုတို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ အခု နှစ်မှာဝင္ဂုကျော်ဖောင်ဒေးရှင်းနဲ့ပူးပေါင်းပြီး ဝါးမျိုးစုံအပင်သုံးသောင်းကို ကန့်ဘလူ၊ ကျွန်းလှ ၊ ကောလင်း၊ ဝန်းသို၊ ရွှေဘို၊ ခင်ဦး၊ ရေဦးနဲ့ တန့်ဆည်မြို့တွေက အိမ်ထောင်စုတွေကို ပေးဝေစိုက်ပျိုးသွားစေမှာ ဖြစ်ပါတယ်"ဟု ဝါးစိုက်ပျိုးရေး အသင်းတာဝန်ရှိသူက ပြောပြသည်။

ဝါးထွက်ကုန်များကိုအခြေခံ၍ ဝါးမီးသွေး၊ ဝါးဗင်နီကာ၊ ဝါးအလှကုန်ပစ္စည်း ဝါးအိမ်၊ ဝါးခေါင်းလျှော်ရည်စသော လူသုံးကုန်ပစ္စည်းကုန်ချောများ ထုတ်လုပ်နိုင်အောင်လည်း မြန်မာနိုင်ငံဝါး စိုက်ပျိုးရေးအသင်းက သင်တန်းများပေးနေကြောင်း သိရသည်။

"အရင်ကဘုန်းကြီးကျောင်းတွေကို ဦးတည်ရာမှ အခုအိမ်တွေမှာ စိုက်ချင်သူတွေအတွက် တစ်အိမ်ထောင်ကို ဝါး ၁၀ ရုံပေးမှာပါ။ တိုင်းဒေသကြီးမှာ ကြသောင်းဝါးကို စမ်းစိုက်တာ အောင်မြင်လို့အပင် ၁၇၀၀၀ ကို ဖြန့်ဝေမှာဖြစ်ပါတယ်။ အဓိကကတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျှော့ချရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးတို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဝါးကနေ လူသုံးကုန်ပစ္စည်းထုတ်လုပ်နိုင်တဲ့ သင်တန်းတွေပေးနေပါတယ်။ ဝါးပြန်ဝယ်ဖို့ ဈေးကွက်တွေလည်း ရှိပါတယ်" ဟု မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း အမှုဆောင်တစ်ဦးက ပြောပြသည်။

လာမည့်၂၀၁၈ ခုနှစ်တွင် ဝါးစိုက်ပျိုးရေးစီမံချက်ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ဆိုင်ကယ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်

**ဖြူး အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်တင်ဦး ဦးဆောင်သော ဝန်ထမ်းများသည် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကိုကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်က ဖြူးမြို့နယ် ဘန်းလောင်ကျေးရွာအုပ်စု လက်ပံတန်းဘုန်းတော်ကြီးကျောင်း၌ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို ခရိုင်ဦးစီးမှူး ဦးအောင်တင်ဦးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၅ ရက်တွင် ဖြူးမြို့ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ဒုတိယအကြိမ် ရခိုင်ပြည်နယ် လူငယ်ညီလာခံကျင်းပရေးဆွေးနွေး

**စစ်တွေ အောက်တိုဘာ ၁၇**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေး ဗဟိုကော်မရှင်၊ ဗဟိုလူငယ်လုပ်ငန်းကော်မတီ (CWC) နှင့် ရခိုင်ပြည်နယ် ခရိုင်၊ မြို့နယ်ကော်မရှင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်က စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရခိုင်ပြည်နယ် ဗဟိုကော်မတီဝင် ဦးမင်းအောင်၊ ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင် ဦးမြင့်ဌေး ၊ ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေး ဗဟိုကော်မတီ(CWC) အဖွဲ့ဝင် ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရခိုင်ပြည်နယ်ဗဟိုကော်မတီဝင် ဦးမင်းအောင်က အမှာစကားပြောကြားပြီး ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင်က လူငယ်ညီလာခံ ကျင်းပရေး လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေး ဗဟိုကော်မတီ(CWC) အဖွဲ့ဝင်က အမှာစကားပြောကြားပြီး ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေး ပြည်နယ်ကော်မရှင်ဥက္ကဋ္ဌက ပြည်နယ်၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်/မြို့နယ်ကော်မရှင်များက လူငယ်ညီလာခံဖြစ်မြောက်ရေး နှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်းနှင့် သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ဗဟိုကော်မရှင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# အသက်ကြီးသူများ သတိထား၊ ချော်လဲကျရင် အရိုးကျိုးမယ်

**တင်မောင်အေး(ကန့်ဘလူ)**

ယခုနှစ်ဆန်းက မြန်မာပြည်ကို အလည်ပြန်ရင်း ရန်ကုန်သို့ ရောက်တုန်းရောက်ခိုက်မှာ စာရေးသူတို့၏ ဇာတိမှ အသက်ရာကျော်ဘွားဘွားတစ်ဦးထံ သွားရောက်ကန်တော့ခဲ့ပါသည်။

ပြီးခဲ့သော တစ်နှစ်ကျော်က စာရေးသူသွားရောက်ကန်တော့ခဲ့စဉ် ဘွားဘွား၏ ကျန်းမာရေးအခြေအနေများနှင့် များစွာကွာခြားသွားသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်မိခဲ့ရသည်။ ဘွားဘွားအသက် (၁၀၃) နှစ်ပြည့်သော မနှစ်က အမှတ်မထင် ချော်လဲကျသဖြင့် ပေါင်ထိပ်ရိုးကျိုးပြီးအိပ်ရာပေါ်မှာ လဲနေရရှာပြီဖြစ်သည်။

လွန်ခဲ့သော တစ်နှစ်ကျော်က ဘွားဘွားသည် အသက်ရာကျော်ရှိသော်လည်း သူ့ဘာသာလွတ်လွတ်လပ်လပ် သွားနိုင်လာနိုင်ဆဲ။ သူ့အတွက် လိုအပ်သော အခြေခံနိစ္စဓူဝကိစ္စများကိုလုံးဝအကူအညီမလိုဘဲ သူ့ဘာသာလုပ်နိုင်နေဆဲ။ စာရေးသူတို့ အလည်ရောက်လာသဖြင့် အိမ်အနောက်ဘက်မှ သူ့ဘာသာလမ်းလျှောက်ထွက်လာပြီး ည့်ခန်းက ကုလားထိုင်တွင် ခြေနှစ်ဖက်ကို ကျုံ့ကျုံ့လေးတင်ထိုင်ကာ ည့်ခံစကားပြောခဲ့သည်များကို ယနေ့တိုင်မြင်ယောင်နေမိပါသေးသည်။

ထိုမျှမကသေး။ ဘွားဘွား၏ မှတ်ဉာဏ်နှင့်စဉ်းစားတွေးခေါ်နိုင်စွမ်း (cognitive functions)တို့မှာ အသက်အရွယ်နှင့် မလိုက်အောင်ပင် ထက်ထက်မြက်မြက်ရှိနေဆဲဖြစ်ကြောင်းကိုလည်း စာရေးသူတွေ့ရှိခဲ့ရပါသည်။ စာရေးသူအား မည်သူဖြစ်ကြောင်း နာမည်နှင့်တကွ ပြောပြနိုင်ရုံမက မိဘအမည်များနှင့် စာရေးသူ၏ မိခင်ဘက်မှ ညီအစ်ကိုမောင်နှမ ၁၁ ဦး၏ အမည်များကို ကြီးစဉ်ငယ်လိုက်အမှားအယွင်းလုံးဝမရှိဘဲ ပြောပြနိုင်လေရာ စာရေးသူတို့ တအံ့တသြကြီးဖြစ်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြရသည်။

သို့သော် ယခုနှစ်ဆန်းကမူ အိပ်ရာပေါ်လဲနေသော ဘွားဘွားသည် စာရေးသူကိုပင် မမှတ်မိနိုင်ရှာလေတော့။ သူ့ဘာသာမဆိုထားနှင့် ဘေးလူအကူအညီနှင့်ပင် လမ်းကောင်းစွာ မလျှောက်နိုင်ရှာလေတော့။ ပေါင်ထိပ်ရိုးကျိုးခြင်းသည်အသက်ကြီးသူတစ်ဦး၏ ရုပ်ပိုင်းနှင့် မှတ်ဉာဏ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အားသည်မျှအထိ ရက်ရက်စက်စက်ဆွဲချပစ်နိုင်ကြောင်းကို သတိသံဝေဂရမိပါသည်။

ပေါင်ထိပ်ရိုးကျိုးသူ ၁၀ ယောက်တွင် ကိုးယောက်မှာ



အသက် ၆၀ နှင့်အထက်ဖြစ်ကြပါသည်။ အသက်ကြီးသူများသည်များသောအားဖြင့် ချော်လဲကျလေ့ရှိတတ်ကြသည်။ ယင်းသို့ ချော်လဲကျခြင်းနှင့် အရိုးကျိုးခြင်းတို့မှာ အောက်ပါတို့ကြောင့် အဓိက ဖြစ်ရလေသည်။

၁။ အရိုးပွဆတ်ခြင်း (Osteoporosis)

၂။ မျက်စိအမြင်အား မှုန်ဝါးချို့ယွင်းခြင်း (Impaired vision)

၃။ အစာအာဟာရ မပြည့်ဝခြင်း (Malnutrition)

၄။ အထွေထွေနှင့် ကြွက်သားများအားနည်းခြင်း

၅။ ခန္ဓာကိုယ်ချိန်ဆထိန်းကျောင်းနိုင်မှု (balance, equilibrium)မကောင်းခြင်း

၆။ ဦးနှောက်၊ အာရုံကြောနှင့် ကြွက်သားများအကြား ပူးပေါင်းဆောင်ရွက်နိုင်စွမ်း (coordination) ကျဆင်းလာခြင်း

၇။ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း (Decreased physical activity)

၈။ ဆေးဝါးအချို့သုံးစွဲရသဖြင့် ခေါင်းမူးဝေခြင်း၊

ယူနိုက်တက်ကင်းဒန်း (UK)တွင် အသက်အရွယ်ကြီးရင့်သူများ ဆေးရုံတက်ကြရခြင်းအကြောင်းများကို လေ့လာကြည့်သောအခါ ပေါင်ထိပ်ရိုးကျိုးခြင်း (Fracture Neck of Femur -NOF) ဖြစ်သဖြင့် ဆေးရုံတက်ရခြင်းသည် ဒုတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်ဆို၏။ အသက်(၅၀)နှင့်အထက် အသက်ကြီးသူများတွင် အမျိုးသမီး ၁၁ ရာခိုင်နှုန်းနှင့် အမျိုးသားသုံးရာခိုင်နှုန်းဖြစ်တတ်ကြသည်။

လူများ၏ ပျမ်းမျှအသက်အရွယ် (average age)နှင့် လူ့သက်တမ်း (life expectancy)တိုးလာရှည်လာသည်နှင့်အမျှ ပေါင်ထိပ်ရိုးကျိုးသူ အရေအတွက်မှာလည်း များလာခဲ့ရသည်။ အမေရိကန်နိုင်ငံတွင် ယခုအခါနှစ်စဉ်ပေါင်ထိပ်ရိုးကျိုးသူ ၂၅၀၀၀၀ မှ ၂၈၀၀၀၀ အထိ ရှိပြီး ၂၀၄၀-၂၀၅၀ ပြည့်နှစ်များသို့ ရောက်သောအခါ ပေါင်ထိပ်ရိုးကျိုးသူပေါင်း ငါးသိန်းအထိရှိ လာကြမည်ဟု ခန့်မှန်းထားလေသည်။ ထိုသို့သော လူနာများအား ပြုစုကုသပေးရန် အမေရိကန်နိုင်ငံအနေဖြင့် နှစ်စဉ် ဒေါ်လာရှစ်ဘီလီယံကျော် ကုန်ကျမည်ဖြစ်သည်။

သို့ဖြစ်ရာ အသက်ကြီးသူများတွင် ဖြစ်လေ့ဖြစ်ထရှိသော ဤအမျိုးအစားအရိုးကျိုးခြင်းသည် တိုးတက်ပြီးနိုင်ငံများတွင် အဖြစ်များရုံမက မသန်စွမ်းဖြစ်မှု၊ သေဆုံးရမှုနှင့် လူမှုစီးပွားရေးထိခိုက်မှုတို့ကို သိသိသာသာကြီးဖြစ်စေကြောင်း (Reginster et al. 1999)နှင့် အရိုးကျိုးပြီး တစ်နှစ်အကြာတွင် လူနာသေဆုံးနှုန်းမှာလည်း ၂၃ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း (Schurch et al.1996) သိရှိရပါသည်။

ပေါင်ထိပ်ရိုးကျိုးခြင်းသည် များသောအားဖြင့် မတ်တတ်ရပ်အနေအထားမှဖြစ်ဖြစ်၊ လမ်းလျှောက်နေရင်းဖြစ်ဖြစ် အိပ်ရာမှအထိုင်အထပြုလုပ်ရာမှာပဲဖြစ်ဖြစ် ချော်လဲကျသောကြောင့် ဖြစ်ရလေသည်။ ပေါင်ရိုး၏ အပေါ်ပိုင်း လေးပုံတစ်ပုံနေရာတွင် ကျိုးခြင်း ဖြစ်သည်။

ချော်လဲကျခြင်း အလွန်နာကျင်မှုဝေဒနာကို ခံစားရတတ်ပြီး ခြေထောက်လုံးဝမထောက်နိုင်တော့ခြင်းတို့သည် ပေါင်ထိပ်ရိုးကျိုးသည့် ထင်ရှားသော လက္ခဏာများဖြစ်ကြသည်။ လူနာအား အရေးပေါ်ဌာနသို့ ခေါ်သွားလျက် ဆရာဝန်မှ ဓာတ်မှန်ရိုက်ကြည့်ခြင်းဖြင့် အရိုးကျိုးကြောင်း သိနိုင်လေသည်။

ပေါင်ထိပ်ရိုးကျိုးသော လူနာများသည် ခွဲစိတ်ကုသရသည်ဖြစ်စေ၊ မခွဲစိတ်ရသည်ဖြစ်စေ အကြောအဆစ်ဆိုင်ရာကုသမှုများ (Physiotherapy treatment)ကို စောစီးစွာပြုလုပ်ရန် လိုအပ်ပါသည်။ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးများသည် လူနာများကို အောက်ဖော်ပြပါလှုပ်ရှားလေ့ကျင့်ကုသမှုများပြုလုပ်ရန် အကြောအဆစ်ကုဌာန (Physio -therapy Department)များသို့ စေလွှတ်တတ်ပါသည်။ ဌာနတွင်ရှိသော အကြောအဆစ်ကု ပညာရှင် (Physiothera - pist)များက စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီး လိုအပ်သော လေ့ကျင့်ကုသမှုများကို ပြုလုပ်ပေးကြမည်ဖြစ်သည်။

၁။ ခြေလက်နှင့် ခန္ဓာကိုယ် (trunk)ကြွက်သားများ အားနည်းသွားခြင်းမှ ဟန့်တားလျက် ပိုမိုသန်စွမ်းလာစေရန်

၂။ အဆစ်လှုပ်ရှားမှုများ ချောမွေ့ခိုင်မာကောင်းမွန်လာစေရန်

၃။ လမ်းလျှောက်ခြင်း၊ အထိုင်အထပြုလုပ်ခြင်း အစရှိသော သွားလာလှုပ်ရှားမှုများ ပြုလုပ်နိုင်စေရန်

၄။ အဆုတ်နှင့် နှလုံးတို့အားကောင်းအောင် ကြိုတင်ကာကွယ်ရန်

အသက်အရွယ်ကြီးသူများ ချော်လဲကျကာ ပေါင်ထိပ်ရိုးကျိုးရခြင်းသည် အဖြစ်များလေ့ရှိပြီး လူနာများ၊ မိသားစုဝင်များနှင့် နိုင်ငံတော်ကိုပါ ပြုစုစောင့်ရှောက်ရေးနှင့် ကုသရေးတို့အတွက် လူအင်အားအချိန်နှင့် ငွေရေးကြေးရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ရလေသည်။

သို့ဖြစ်ပေရာ အသက်ကြီးသူများ အလွယ်တကူချော်လဲကျခြင်းမဖြစ်စေရန် အောက်ဖော်ပြပါ ဆောင်ရန်ရှောင်ရန်များကို အထူးဂရုပြုကြရန် လိုအပ်ပါသည်။

၁။ ခလုတ်တိုက်ခြင်းဖြစ်စေနိုင်သော ဝိုင်ယာကြိုး၊ ခြေသုတ်အဝတ်၊ ကြမ်းပေါ်ရှိ အဖုထစ်အစရှိသည်များကို ဖယ်ရှားပစ်ရန်

၂။ မျက်စိအာရုံမကောင်းသော၊ ခေါင်းမူးဝေတတ်သော၊ လမ်းကောင်းစွာ မလျှောက်နိုင်သော အသက်ကြီးသူများအား အိမ်တွင်းအိမ်ပြင် သွားလာရာတွင် အမြဲလက်တွဲကာ ဖေးကူမပေးရန်

၃။ ကျန်းမာရေးနှင့် ညီညွတ်ပြီး ချော်လဲမကျနိုင်သော ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ (exercises and physical activity)မှန်မှန်ပြုလုပ်ပေးရန်

၄။ အရိုးပွဆတ်ခြင်း ရှိ မရှိ ဆရာဝန်နှင့် ပြသတိုင်ပင်ရန်

အသက်ကြီးသူ ဘိုးဘိုးဘွားဘွားများ ချော်လဲကျခြင်းမှ လုံးဝကင်းဝေးပြီး ဘေးကင်းကျန်းမာစွာရှိကြစေရန် ဝိုင်းဝန်းဂရုစိုက်ကူညီကြပါစို့။ ။

**အသက်အရွယ်ကြီးသူများ ချော်လဲကျကာ ပေါင်ထိပ်ရိုးကျိုးရခြင်းသည် အဖြစ်များလေ့ရှိပြီး လူနာများ၊ မိသားစုဝင်များနှင့် နိုင်ငံတော်ကိုပါ ပြုစုစောင့်ရှောက်ရေးနှင့် ကုသရေးတို့အတွက် လူအင်အားအချိန်နှင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်ရ**

## အပျော်တမ်းကလပ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ ကြီးမှူး၍ Myanmar Brewery မှ အဓိက ပံ့ပိုးကူညီပေးသော WE ARE ONE CUP 2017 အပျော်တမ်းကလပ်အသင်း ချန်ပီယံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ (Grand Final)ကို အောက်တိုဘာ ၁၄ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားပြိုင်ကွင်း၌ ပြုလုပ်ရာ GLORY FC (မန္တလေး)အသင်းနှင့် TKA Frinship FC (ရန်ကုန်) အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားကြရာ GLORY FC က TKA Friship FC ကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

အဆိုပါပွဲစဉ်မကျင်းပမီတွင် ပထမပွဲစဉ်၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် များဖြင့် ဖွဲ့စည်းထားသော Actors Star FC အသင်းနှင့် မန္တလေးတိုင်းဒေသကြီး လက်ရွေးစင်အားကစားသမားဟောင်းများဖြင့် ဖွဲ့စည်းထားသော Mandalay Old Star FC ဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အထက်မြန်မာပြည် Operation Manager ဦးခိုင်ဘွားက ပုသိမ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်များသို့ ထောက်ပံ့ငွေနှင့် ဂုဏ်ပြုငွေများပေးအပ်သည်။ ဆက်လက်၍ ဆုရရှိသည့် အသင်းများကို ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြစ်သားမြို့ ရေဘေးသင့်ကျေးရွာများ၌ ထမင်းထုပ်များနှင့် ဆန်အိတ်များပေးအပ်

**မြစ်သား အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ကျေးရွာအုပ်စုများအတွင်း ရေများဝင်ရောက်ခဲ့ရာ ရေဘေးသင့်ကျေးရွာများအား မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် ဆန်စက်များမှ ထမင်းထုပ်များ၊ ဆန်အိတ်များကို အောက်တိုဘာ ၁၃ရက်မှ ၁၆ ရက်အထိ ဆက်လက်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၅ ရက်က ဆန်စက်များမှ လှူဒါန်းသောဆန်အိတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့များက နွားကူးလေး၊ လောင်းတော်ဦးကျေးရွာများသို့လည်းကောင်း၊ မြို့မစခန်းမှူးဒုရဲမှူးစိုးလွင်ဦး ဦးဆောင်သောရဲတပ်ဖွဲ့ဝင်မိသားစုများက ကရုဏာရှင်ပရဟိတအဖွဲ့ (လမ်းခွ)၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့မစည်ပင်သာယာဈေးမိသားစု၊ နှလုံးလှလူငယ်ပရဟိတအဖွဲ့၊ ဖြူမပါလ ပရဟိတအဖွဲ့(ကူမဲ)နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များက ရေဘေးကြုံတွေ့နေရသော ကျေးရွာများသို့ နံနက်စာ ညနေစာများကို စက်လှေ၊ ကားစသည်တို့ဖြင့် အဆက်မပြတ် ပေးပို့ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

ကျေးရွာအုပ်စုများ အတွင်းသို့



အောက်တိုဘာ ၁၁ ရက်မှ စတင်ဝင်ရောက်ခဲ့သော မိုးရေများသည် အောက်တိုဘာ ၁၆ ရက်တွင် ပြန်လည်လျော့ကျလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# လူငယ်များအကြိုက် Water Zonic EDM ပွဲ ကျင်းပမည်




**ရန်ကုန် အောက်တိုဘာ ၁၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် Water Zonic EDM ပွဲတော်ကြီးကို မြန်မာနိုင်ငံတွင်လည်း နိုဝင်ဘာ ၁၁ ရက် ညနေ ၄ နာရီတွင် The One Entertainment Park ပေါ်ဆန်းမွှေးလမ်း သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်ပြီး မုန့်စျေးတန်းများ၊ ဂိမ်းအစီအစဉ်များလည်း ပါဝင်မည်ဟု သိရသည်။

"Water Zonic က ထိုင်းကနေ Franchise ယူထားတာပါ။ ရန်ကုန်နဲ့ ထိုင်းဘက်က ဆက်သွယ်မှုကို အဓိက လုပ်ပေးပါတယ်။ ထိုင်းမှာလုပ်နေကျပုံစံအတိုင်း စတိတ်စင်ကအစ တူညီမှုရှိအောင် လုပ်နေပါတယ်။ ပထမပွဲက Road to Water Zonic ပါ။ အဓိကပွဲရဲ့ထူးခြားမှုက တခြား EDM နဲ့ မတူစေရဘူးလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေက ရေကိုအလွန်နှစ်သက်တဲ့အတွက် ဒီ Water Zonic ပွဲကိုလုပ်တာပါ။ တခြားပွဲ တွေနဲ့မတူအောင် မွန်းလွဲ ၃ နာရီလောက် ကတည်းက စျေးတန်းတွေ၊ ကစားတာတွေ၊ တခြားလက်ဆောင်တွေလည်း ပေးမှာပါ''ဟု စီစဉ်သူ ကိုစိုးလှိုင် (Brave Entertainment ) ကပြောသည်။

အဆိုပါ ပွဲလက်မှတ်များကို Early Bird GAကို ငွေနှစ်သောင်းခွဲ၊ GA ကို ငွေကျပ်လေးသောင်း၊VIP လက်မှတ်ခမှာ ငွေကျပ်တစ်သိန်းခွဲ၊ VVIP ကို နှစ်ပိုင်းခွဲကာ ငွေကျပ်သိန်း ၃၀ နှင့် ၁၆ သိန်းဖြစ်ကြောင်း၊ ပြည်ပ DJ ပညာရှင်လေးဦး၊ ပြည်တွင်း DJ ပညာရှင်ရှစ်ဦးတို့ တီးခတ်ဖျော်ဖြေသွားမည်ဖြစ်ပြီး လုံခြုံရေးပိုင်းကိုလည်း အကောင်းဆုံးလုပ်ဆောင်သွားမည်ဟု ပွဲစီစဉ်သူတို့ထံမှသိရှိရသည်။ မြန်မာနိုင်ငံတွင် EDM ပွဲများ ခေတ်စားလာခဲ့ပြီး လူငယ်အများစုမှာလည်း လက်ခံပျော်ဝင်ကြသည်။ သို့သော် စျေးနှုန်းများ မြင့်မားခြင်းကိုလည်း လူငယ်အများစုက လျှော့ချပေးရန် မျှော်လင့်နေကြသည်ကိုလည်း မြင်တွေ့ရသည်။

**ကိုလင်း**

# ရုပ်ရှင်အသိုင်းအဝိုင်းထဲက ဖြစ်ရပ်တွေကို ဟာသအဖြစ် မြင်တွေ့ရမည့် ပရိုဂျူဆာ မကြီးစိုး

**ရန်ကုန် အောက်တိုဘာ ၁၇**



အနုပညာလောကသားများ အချင်းချင်း ခေါင်းပုံဖြတ်ခြင်း၊ နှိမ့်ချစွာဆက်ဆံမှုများ ပြုလုပ်ခြင်းစသည့် ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ မန်နေဂျာ၊ မင်းသား၊ မင်းသမီးများအကြား ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်များကို သရော်သည့်အနေဖြင့် ရိုက်ကူးထားသည့် ''ပရိုဂျူဆာ မကြီးစိုး''ရုပ်ရှင်ဇာတ်ကားကို ယခုလ ၁၃ ရက်မှစတင်ကာ ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသခဲ့သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ပြည်ဟိန်းသီဟက ဖန်တီးရိုက်ကူးပြီး ခန့်စည်သူ၊ နေဒွေး၊ ဒိန်းဒေါင်၊ လူရွှင်တော် 5 Star အဖွဲ့၊ ကျော်ထူး၊ ဆင်မနှင့် စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်၊ တက္ကသိုလ်ဂွမ်းပုံ၊ ကစ်ကစ်နှင့် အနုပညာရှင်များစွာ ပါဝင်ကြသည်။

ဇာတ်လမ်းတွင် ရုပ်ရှင်ရိုက်ကွင်းတစ်ခုကို စိုးမြတ်သူဇာနှင့် ညီအစ်မဖြစ်သူ တက္ကသိုလ်ဂွမ်းပုံတို့နှစ်ဦး ရောက်ရှိသွားခဲ့ပြီး ပရိုဂျူဆာအမျိုးသမီးတစ်ဦးကို ရုပ်ရှင်လောကသားများ ဝန်းရံကာ မျက်နှာသာပေးဆက်ဆံနေကြပုံကို တွေ့ရှိခဲ့ရာမှတစ်ဆင့် စိုးမြတ်သူဇာတစ်ယောက် ပရိုဂျူဆာဖြစ်ချင်သော စိတ်ဆန္ဒများ ထိန်းမရအောင် ဖြစ်လာခဲ့သည်။ သူ့ကိုယ်သူ ပရိုဂျူဆာအဖြစ် ရပ်တည်နိုင်ရန် ညီမဖြစ်သူနှင့်တိုင်ပင်ပြီး လက်ရှိနေထိုင်သော နေအိမ်တိုက်ကို ရောင်းချလိုက်သည့်အပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရနေသော အငှားကားလေးကိုပါ ရောင်းချပြီး ရရှိသည့်ပိုက်ဆံဖြင့် ရုပ်ရှင်တစ်ကားရိုက်ကူးရန် ကြံစည်တော့သည်။ အပြင်တွင် အိမ်တစ်အိမ်ကို ငှားရမ်းကာ ကားအမျိုးအစား အကောင်းစားတစ်စီးကိုပါငှားရမ်းပြီး ပရိုဂျူဆာ မကြီးစိုးဘဝကို ခံယူလိုက်တော့သည်။

မင်းသား၊ မင်းသမီးနှင့် ဇာတ်ပို့၊ ဇာတ်ရံ အနည်းငယ်သုံးပြီး မကြီးစိုးတို့ ညီအစ်မနှင့် ရှူတင်မန်နေဂျာ ခွက်ကြီးတို့ ရုပ်ရှင်တစ်ကားကို နယ်တွင်ရိုက်ကူးရန် ထွက်လာခဲ့ကြသည်။ ရှူတင်မန်နေဂျာ ခွက်ကြီးကလည်း ကပ်စေးနဲလှသော ပရိုဂျူဆာ မကြီးစိုးအတွက် ဇာတ်ပို့၊ ဇာတ်ရံများနှင့် စက်အဖွဲ့သားများအား ပုံမှန်ရနေကျ အနုပညာကြေးထက် အဆမတန်စျေးနှိမ်ပေးပြီး ဇာတ်ကားတစ်ကားမှာ အဓိကအရေးပါဆုံး မင်းသား၊ မင်းသမီးများအား သူတို့ စိတ်တိုင်းကျအလိုလိုက် အကြိုက်ဆောင်ပေးရသည် ။ ရှူတင်မန်နေဂျာ ခွက်ကြီးက ရုပ်ရှင်အတွက် အတတ်နိုင်ဆုံး စရိတ်နည်းအောင်ကြိုးစားပေးသော်လည်း သူ့အတွက်ကို မကြီးစိုးမသိအောင် စာရင်းလိမ်ပြပြီး အကြံအဖန်လုပ်ရသည်။

ဇာတ်ပို့၊ ဇာတ်ရံ သရုပ်ဆောင်များနှင့် ရှူတင်အဖွဲ့သားများကိုလည်း နှစ်ယောက်ခန်းတွင် လူသုံးလေးယောက်ခန့် စုပေါင်းအိပ်စေခြင်း၊ ရှူတင် ထမင်း၊ ဟင်းများတွင်လည်း အသားဟင်းမပါ။ အသီးအရွက်များနှင့်သာ ကျွေးမွေးခြင်းများကြောင့် ဒေါသပေါက်ကွဲလာကြသည်။ တစ်ဖက်မှာလည်း မင်းသားနှင့် မင်းသမီးက နောက်တစ်ကား ဆက်ရိုက်ရန်အတွက် ပရိုဂျူဆာမကြီးစိုး၏ ဇာတ်ကားကို မြန်မြန်ပြီးအောင် ရိုက်ပေးရန် ဒါရိုက်တာကို ဖိအားပေးလာကြသည်။ ရှူတင်အဖွဲ့သားများကလည်း သူတို့၏ ရပိုင်ခွင့်များအတွက် ပရိုဂျူဆာ မကြီးစိုးကို ဆန္ဒပြရန် ဆုံးဖြတ်လိုက်ကြပြီး ဒါရိုက်တာ၊ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံများ၏ ရှေ့ဆက်ဖြစ်ပုံအစုံစုံကို ပိတ်ကားပေါ်တွင် ကြည့်ရှုသုံးသပ်နိုင်သည်။ အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ယနေ့ဖြစ်ပေါ်နေသော ရုပ်ရှင်ရိုက်ကူးမှု စျေးကွက်အတွင်းရှိ အဖြစ်အပျက်များကို ရိုက်ကူးထားခြင်းဖြစ်သည်ကို မြင်တွေ့ရသည်။

**ကိုလင်း**

# လူမှုကွန်ရက်ကနေ ဇာတ်ကားရိုက်ဖို့ ကမ်းလှမ်းခံခဲ့ရသည့် အလှမယ် ချောကလျာ



Miss Heritage 2016 Winner ဆုရှင် ပြင်ဦးလွင်သူ အလှမယ် ချောကလျာအနေဖြင့် အလှမယ်တစ်ဦးဘဝကနေ သရုပ်ဆောင်တစ်ယောက်အဖြစ် ကူးပြောင်းခဲ့ပြီး ယခုဆိုလျှင် Myanmar Media 7 ကနေ ရိုက်ကူးခဲ့သည့် ''ကိုယ်စောင့်နတ်'' ရုပ်ရှင်ဇာတ်ကားကြီးတွင် ပထမဆုံး ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ''ချိန်ခွင်''၊ ''တည်ကြက်''၊ ''ပီဇာ''၊ ''ချွန်း''စသည့် ဇာတ်ကားများ ရိုက်ကူးထားပြီးဖြစ်သည်။ ခေါင်းဆောင်မင်းသမီးအဖြစ် ''မ ရဲ့ အေးခဲသွားကြသူများ'' အမည်ဖြင့် ယခုလ ၁၄ ရက်မှ စတင်ကာ ရတနာကျော်စိုး ရုပ်ရှင်ထုတ်လုပ်ရေးတွင် ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း အာကာမိုးနီ၊ ဒါရိုက်တာ သီဟကျော်စိုးရိုက်ကူးလျက်ရှိပြီး သရုပ်ဆောင်မင်းသား အောင်မင်းခန့်၊ ဥက္ကာမင်းမောင်၊ ထူးအောင်၊ ကောင်းစစ်သွေးတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**မေး ။ ဒီဇာတ်ကားရိုက်ကူးဖြစ်ခဲ့ပုံကိုပြောပြပေးပါဦး။**

ဖြေ ။ ပြီးခဲ့တဲ့ မတ်လလောက်ကတည်းက ဒီကားလေးရိုက်ဖို့ ကမ်းလှမ်းထားတာပါ။ ကျွန်မကို Facebook ကနေ စပြီး သူတို့ဘက်က ဒီကားလေးရိုက်ချင်ပါတယ်ဆိုပြီး ကမ်းလှမ်းလာတယ်။ ကျွန်မနဲ့လည်း လိုက်ဖက်တဲ့ဇာတ်လမ်းလေးတွေ ရိုက်ဖို့ရှိတယ်ဆိုပြီး ပြောလာတာနဲ့ သွားတွေ့ဖြစ်ပါတယ်။ နောက်ပိုင်းမှာ သူတို့ရဲ့ ဇာတ်လမ်းကို ကျွန်မကို ရှင်းပြတယ်။ ဒီကာရိုက်တာကို လုပ်နိုင်လားဆိုပြီးမေးတယ်။ ကျွန်မကလည်း ရအောင်သရုပ်ဆောင်မယ်။ သင်ကြားပြသပေးပါ။ ကြိုးစားပြီး လုပ်မယ်ဆိုလို့ ရိုက်ဖြစ်တာပါ။ ကိုယ့်အတွက် မစိမ်းတော့ပေမယ့် ပထမဆုံး အဓိကသရုပ်ဆောင်နေရာကဆိုတော့ တာဝန်အများကြီး ပိုရှိလာတယ်၊ ကိုယ့်လက်ထဲရောက်နေတဲ့ အခွင့်အရေးလည်း အလွတ်မခံချင်ဘူးလေ။ ကြိုးစားဆဲ ကိုယ့်လိုလူတစ်ယောက်ကို ယုံယုံကြည်ကြည်နဲ့ လာအပ်တာကို လက်ခံပြီး အကောင်းဆုံး သရုပ်ဆောင်သွားမှာပါ။

**မေး ။ ကာရိုက်တာက ဘယ်လိုမျိုးတွေလဲ၊ အဲဒီအတွက်ရော ပြင်ဆင်ထားပြီးပြီလား။**

ဖြေ ။ ကာရိုက်တာက သာမန်မိန်းကလေးတစ်ယောက်ကနေ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ဖြတ်သန်းနေတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သရုပ်ဆောင်မှာပါ။ ပညာပေးဇာတ်ကားလေးပါ။ ဘဝရဲ့အခက်အခဲတွေ ဘယ်လောက်ပဲ ရင်ဆိုင်လာရပါစေ အကောင်းဆုံးရင်ဆိုင်ဖြေရှင်းသွားဖို့ ဆိုတဲ့အကြောင်းလေးပါ။ ဇာတ်လမ်းကိုတော့ ဒါရိုက်တာက သိပ်မပြောခိုင်းသေးဘူး ပေါ့သွားမှာစိုးလို့ပါ။ ကျွန်မက ကာရိုက်တာသုံးမျိုးနဲ့ သရုပ်ဆောင်မှာပါ။ ဇာတ်လမ်းလေးကတော့ အဆန်းလေးတွေပါပါတယ်။ ကာရိုက်တာအားလုံးအတွက် အဝတ်အစားပိုင်း၊ သရုပ်ဆောင်ပိုင်း၊ အနေအထားစတာတွေအားလုံးကို ဒီဇိုင်နာတွေ၊ ဒါရိုက်တာတွေဆီကနေ သင်ယူတိုင်ပင်ပြီး ကြိုးစားသရုပ်ဆောင်ဖို့ ပြင်ဆင်နေပါတယ်။

**မေး ။ အလှမယ်တစ်ယောက်ဖြစ်တော့ သရုပ်ဆောင်ပိုင်းမှာလိုအပ်ချက်တွေ ရှိနေမလား။**

ဖြေ ။ ကျွန်မက လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက အန်တီ ဒေါ်မြင့်မြင့်ခိုင်ဆီမှာ သရုပ်ဆောင်သင်တန်း တက်ခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ အသက်ကလည်းငယ်တော့ သရုပ်ဆောင်ပိုင်းကို သေချာဂရုတစိုက်မလုပ်ဖြစ်ခဲ့ဘူး။ နောက်ပိုင်းအလှမယ်ပွဲကနေ ဆုရပြီးနောက်မှာ ကြော်ငြာလေးတွေ ဆက်တိုက်ဆိုသလို ရိုက်ကူးဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်ကနေစပြီး သရုပ်ဆောင်ဘက်ကို ပိုအားစိုက်မိလာတယ်။ အစကတည်းက သရုပ်ဆောင်ဘက်ကိုပဲ ပိုအားသန်ခဲ့တာလေ။ အဆက်အသွယ်ကလည်းမရှိတော့ ဒီလောကထဲကိုဝင်ဖို့အတွက် အလှမယ်ပြိုင်ပွဲကို အရင်ကြိုးစားခဲ့တယ်လို့ ပြောရင်ရပါတယ်။ ကိုယ့်ဘဝရဲ့ ပထမဆုံးခြေလှမ်းကလည်း အလှမယ်နဲ့ဆိုတော့ သရုပ်ဆောင်ဘက်ပိုင်းကူးတဲ့အခါ ဆရာသမားအဆက်အသွယ်ကောင်းတွေနဲ့ တွေ့ခဲ့လို့ အခက်အခဲကြီးကြီးမားမားတော့ မရှိခဲ့ပါဘူး။

**မေး ။ ဇာတ်ကားလေးထဲက ''မ''ဆိုတဲ့ကောင်မလေးက ဘယ်လိုကာရိုက်တာလဲ။**

ဖြေ ။ ဇာတ်ကားထဲက ကောင်မလေးတစ်ယောက်ရဲ့ နာမည်ကို ''မ''လို့ ပေးထားတယ်။ လူတွေက ဝိုင်းကဲ့ရဲ့တာကို ခံရတဲ့ကောင်မလေးပါ။ ဒါပေမယ့် လူတွေရဲ့ တံတွေးခွက်မှာ ဘယ်လောက်ပဲ မျောပါစေ၊ ဘဝမှာ ဘယ်လောက်ပဲ မှားနေပါစေ ဘယ်လိုနေရာမျိုးကနေ ဘယ်လိုအကောင်းဆုံးပြင်ဆင်ပြီး နေထိုင်သွားရမယ်ဆိုတဲ့စိတ်နဲ့ ရပ်တည်သွားမယ်ဆိုတဲ့ ပုံစံလေးပါ။

**မေး ။ ပရိသတ်တွေက ဝေဖန်လာခဲ့မယ်ဆိုရင်ရော အဲဒီအတွက် ခံနိုင်ရည်တွေ ပြင်ဆင်ထားသေးလား။**

ဖြေ ။ လူတိုင်းလူတိုင်းမှာ ဝေဖန်မှုတွေဆိုတာကတော့ ခံရစမြဲပါပဲ။ အကောင်းမြင်တဲ့သူရှိသလို အဆိုးမြင်တဲ့သူဆိုတာလည်းရှိတာပဲလို့ ထင်ပါတယ်။ အဆိုးမြင်တဲ့သူတွေကို ကျွန်မတို့အနေနဲ့ ရန်တုံ့ပြန်ဖို့ အကြောင်းမရှိပါဘူး။ အကောင်းဆုံးကတော့ ဝေဖန်တယ်ဆိုတာ ကိုယ့်ကိုနေရာတစ်ခုမှာ အမှားထပ်မလုပ်ရအောင် ထောက်ပြပြောဆိုတယ်လို့ပဲ သတ်မှတ်ပါတယ်။

**ကိုလင်း**

# Talents & Models ၏ ၂၃ နှစ်ပြည့်ခဲ့ပြီ




**ရန်ကုန် အောက်တိုဘာ ၁၇**

နှစ်ပေါင်း ၂၃ နှစ်တိုင်တိုင် မြန်မာပြည်၏ မော်ဒယ်လောကတွင် ရပ်တည်နေနိုင်ခဲ့သော Talents & Models သင်တန်း၏သင်တန်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ကို ယခုလ ၂၃ ရက် နံနက် ၁၁ နာရီမှ ည ၈ နာရီအထိ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာပလာဇာတွင် ကျင်းပပြုလုပ်သွားမည်ဟု သိရသည်။

''ဒီပွဲလေးကတော့ ကျွန်မကြိုးစားခဲ့တဲ့အထိမ်းအမှတ်ပွဲလေးပေါ့။ ကျွန်မအနေနဲ့ တက္ကသိုလ်ဝင်တန်းအောင်ကတည်းက ကြိုးစားပြီး ကိုယ်ဝါသနာပါတဲ့ ဒီအလုပ်ကို တစိုက်မတ်မတ်နဲ့ လုပ်ခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၂၃ နှစ်တိုင်ခဲ့ပါပြီ။ တင်မိုးလွင်ဆိုပြီး ရပ်တည်လာခဲ့တာနဲ့အတူ Talents & Models သင်တန်း ရပ်တည်မှုကို ပေါင်းလိုက်ရင် (၂၃) နှစ်ပြည့်ပါပြီ။ ဒါကြောင့် အခုလို ဒီအလုပ်ကို လုပ်ကိုင်ခဲ့တာကတော့ နိုင်ငံတကာရဲ့ စင်မြင့်ထက်မှာ ကိုယ့်တိုင်းပြည်ကလူငယ်တွေ လျှောက်လှမ်းနိုင်ဖို့နဲ့ လူငယ်တွေ ယုံကြည်ချက်အပြည့်နဲ့ လျှောက်လှမ်းနိုင်စေချင်တဲ့ စိတ်ဆန္ဒနဲ့လုပ်ခဲ့တာပါ''ဟု တည်ထောင်သူ ဒေါ်တင်မိုးလွင်က ပြောသည်။

အဆိုပါပွဲတွင် သင်တန်းမှတစ်ဆင့် အနုပညာလောကသို့ ရောက်ရှိနေသူများ၊ ပြည်ပတွင်ရောက်ရှိနေသူများက ဆန်းသစ်သော ဖက်ရှင်များ၊ သရုပ်ပြတင်ဆက်မှုများ ခေတ်အဆက်ဆက်အောင်မြင်ခဲ့သော အက၊ အလှများ၊ တေးသရုပ်ဖော်မှုများနှင့်အတူ နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများနှင့် ကုမ္ပဏီများ၏ အရောင်းပြခန်းများကိုလည်း ဖွင့်လှစ်ရောင်းချသွားမည်ဟု သိရသည်။

**ကိုလင်း**

# ဖိလစ်ပိုင်သမ္မတ ဒူတာတေးနဲ့ တွေ့ခဲ့တဲ့ စတီဗင်ဆီးဂဲလ်




အမေရိကန်ရုပ်ရှင်သရုပ်ဆောင် စတီဗင်ဆီးဂဲလ်ဟာ မနီလာမြို့ကို ခရီးထွက်စဉ်အတွင်း ဖိလစ်ပိုင်သမ္မတရိုဒရီဂို ဒူတာတေးနဲ့တွေ့ဆုံခဲ့ပါတယ်။ အသက်(၆၅)နှစ်အရွယ်ရှိ ဆီးဂဲလ်ဟာ သူ့ရဲ့နောက်ထပ်ရိုက်ကူးမယ့်ရုပ်ရှင်အတွက် ရိုက်ကွင်းနေရာရှာရင်း ဖိလစ်ပိုင်ကို လာရောက်ခဲ့တာဖြစ်တယ်လို့ သမ္မတနန်းတော်က ပြောပါတယ်။ သူနောက်ထပ်ရိုက်ကူးမယ့် ဇာတ်ကားရဲ့အမည်ကတော့ တရားမဝင် မူးယစ်ဆေးဝါးများနှင့်အခြားသော ရာဇဝတ်မှုများ ဖြစ်လိမ့်မယ်လို့လည်း ဆိုပါတယ်။ အခုအချိန်ခါမှာလည်း ဖိလစ်ပိုင်မှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွေလုပ်နေတော့ အံကိုက်ပါပဲ။ ဒူတာတေးကတော့ ဒီရုပ်ရှင်ဟာ လူတွေရဲ့ဘဝကို ထင်ဟပ်စေတယ်၊ သူထပ်ခါထပ်ခါပြောခဲ့သလို မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ သူ့ရဲ့ရပ်တည်ချက်ကို ထင်ဟပ်စေတယ်လို့ ဒူတာတေးက ပြောပါတယ်။

ယခုသီတင်းပတ် အစောပိုင်းက မနီလာမြို့မှာ ပြုလုပ်ခဲ့တဲ့သတင်းစာရှင်းလင်းပွဲမှာလည်း ဆီးဂဲလ်က သူ့အနေနဲ့ ဖိလစ်ပိုင်ဟာကြောက်စရာ ကောင်းတဲ့နယ်မြေလို့ မမြင်ပါဘူးလို့ဆိုပါတယ်။ စတီဗင်ဆီးဂဲလ်ဟာ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က လူစွမ်းကောင်းဇာတ်ကားတွေမှာ သူ့ရဲကောင်းအဖြစ် ပါဝင်သရုပ်ဆောင်ရင်းကျော်ကြားခဲ့သူလည်း ဖြစ်ပါတယ်။ သူအောင်မြင်ခဲ့တဲ့ဇာတ်ကားတွေကတော့ Under Siege နဲ့ Hard To Kill ဆိုတဲ့ ဇာတ်ကားတွေပဲဖြစ်ပါတယ်။ Steven Seagal : Lawman ဆိုတဲ့ ရုပ်သံဇာတ်လမ်းတွဲမှာလည်း ပါဝင်ခဲ့ပါတယ်။

သူဟာ ရုပ်ရှင်သရုပ်ဆောင်အပြင် ထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာနဲ့ ဂီတပညာရှင်တစ်ဦးလည်းဖြစ်ပါတယ်။ နိုင်ငံသားအနေနဲ့ကတော့ အမေရိကန်၊ ရုရှားနဲ့ ဆားဗီးယား နိုင်ငံသားလက်မှတ်များ ကိုင်ဆောင်ထားပါတယ်။

**ရိုက်တာ (ခြူး)**

# ဂျိုဂျိုနာ့စ်နဲ့ ဆိုဖီယာတာနာတို့စေ့စပ်



Games of Throne ဇာတ်ကားထဲမှ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆိုဖီတာနာနဲ့ အဆိုတော်တစ်ဦးဖြစ်သူ ဂျိုဂျိုနာ့စ်တို့ဟာ ၎င်းတို့စေ့စပ်ကြောင်းလမ်းပြီးဖြစ်ကြောင်းကြေညာပြီးတဲ့အခါ လူမှုကွန်ရက်တစ်ခွင်မှာ ဒီကိစ္စကို လူပြောများနေပါတယ်။ သူတို့နှစ်ဦးရဲ့အင်စတာဂရမ်ပေါ်မှာ စေ့စပ်လက်စွပ်ဝတ်ထားတဲ့ပုံကို သူတို့ရဲ့ပရိသတ်တွေကို မျှဝေခဲ့ပါတယ်။ ဂျိုဂျိုနာ့စ်က သူ့ကျွန်တော့်ကို လက်ခံတယ်ဆိုတဲ့ စာတိုလေးရေးထားပါတယ်။ သူတို့ရဲ့ ပရိသတ်တွေကတော့ ဒီသတင်းကြောင့် အံ့အားသင့်ကြပြီး ဂုဏ်ပြုကြောင်းပြောဆိုခဲ့ကြပါတယ်။ သူတို့နှစ်ဦးတွဲနေကြောင်းကို လွန်ခဲ့တဲ့ နိုဝင်ဘာလကတည်းက ပရိသတ်တွေသိရှိခဲ့တာဖြစ်ပါတယ်။

ဂျိုဂျိုနာ့စ်ကတော့ ဆိုဖီ အရင်က စူပါမော်ဒယ်တစ်ဦးနဲ့တွဲခဲ့ဖူးပါတယ်။ ဂျိုနာ့စ်ရဲ့ ညီအစ်ကိုတွေကလည်း ဒီသတင်းကိုကြားလျှင်ကြားချင်း ဝမ်းသာကြောင်း ပြောခဲ့ပါတယ်။ အငယ်ဆုံးညီငယ်လေးဖြစ်တဲ့ နစ်ခ်ကတော့ သူတို့နှစ်ဦးရဲ့ဓာတ်ပုံကိုဝေမျှခဲ့ပြီး အစ်ကိုနဲ့အစ်မကို အလွန်ချစ်ကြောင်းစာရေးသားခဲ့ပါတယ်။ ကီဗင်ဂျိုနာ့စ်ကတော့ မိသားစုဝင်အသစ်ကို ကြိုဆိုပါတယ်လို့ပြောခဲ့ပါတယ်။

ဂျိုနာ့စ်ဘရားသားအဖွဲ့ဟာ အမေရိကန်ပေါ့ပ်နဲ့ ရော့ခ်တေးဂီတအဖွဲ့ဖြစ်ပြီး ၂၀၀၅ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့တာပဲဖြစ်ပြီး ဒစ္စနေလ်းဝေါလ်ရဲ့စင်တင်မှုနဲ့အတူ လူသိများကျော်ကြားလာခဲ့ပါတယ်။ ပေါလ်ကီဗင် ဂျိုဂျိုနာ့စ်၊ ဂျိုးဇက် အဒမ်ဂျိုဂျိုနာ့စ်နဲ့ နစ်ခ်ကိုလပ်စ် ဂျယ်ရီဂျိုဂျိုနာ့စ် ဆိုတဲ့ညီအကိုသုံးဦးနဲ့ဖွဲ့စည်းခဲ့တာပဲဖြစ်ပါတယ်။ ဒစ္စနေးလ်ဝေါလ်ချန်နယ်ကရိုက်ကူးတဲ့ Camp Rock နဲ့ Camp Rock 2 ဇာတ်ကားတွေရိုက်ကူးခဲ့ပါတယ်။ ဆိုဖီယာတာနာကတော့ Game of Thrones ဇာတ်လမ်းတွဲနဲ့ လူသိများကျော်ကြားလာသူပဲဖြစ်ပါတယ်။

**ဟယ်လို (ခြူး)**

# မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားကောင်းမွန်စွာသုံးစွဲနိုင်ရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဥက္ကဋ္ဌ ဦးသောင်းဟန်၊ အမှုဆောင်အရာရှိချုပ် ဦးသိန်းလှိုင်တို့နှင့်အတူ အောက်တိုဘာ ၁၅ ရက်က မန္တလေးမြို့အတွင်းရှိ ၁၃၂ ကေဗွီနှင့် ၃၃ ကေဗွီခွဲရုံများသို့ရောက်ရှိပြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ စက်မှုဇုန်နှင့် ရပ်ကွက်နေပြည်သူများကို ဓာတ်အားတိုးတက်ဖြန့်ဖြူးနိုင်ရန်၊ ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ရန်အတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် ၁၃၂/၁၁ ကေဗွီ ၄၅ အမ်ဗွီအေ ထရန်စဖော်မာအား တည်ဆောက်ထားရှိမှုနှင့် လက်ရှိဓာတ်အားပေးထားသော စက်မှုဇုန်(၁)(၂)ခွဲရုံများ၏ ထရန်စဖော်မာများ အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့ပြင် ၃၃ ကေဗွီခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားရှိသည့် ၃၃ ကေဗွီ၊ ၁၁ကေဗွီ ဓာတ်အားလိုင်းများဖြင့် ချမ်းမြေ့သာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်တို့တွင် လက်ရှိဗို့အားအခြေအနေ၊ ရပ်ကွက်နေပြည်သူများ ဓာတ်အားသုံးစွဲနေမှုများကို စစ်ဆေး၍ ၃၃ ကေဗွီ ဟေမာဇလ၊ ဗားကရာ၊ ထွန်းတုံး၊ ၅၉ ခွဲရုံများတွင်ဗို့အား အတက်အကျ ဖြစ်ပွားနေမှုများကို ထိန်းညှိဆောင်ရွက်ပေးခြင်း၊ ၃၃ကေဗွီ ခွဲရုံနှင့် ဗို့ ၄၀၀လိုင်းများတွင် ဗို့အားကျဆင်းမှုများအတွက် ဗို့အားမြှင့်တင်သည့်ကိရိယာတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သီပေါမြို့နယ် ကျေးရွာ ၃၃ ရွာ၌ ဆိုလာမီးလင်းရေး ဆောင်ရွက်

**သီပေါ အောက်တိုဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်သူ့လူထုထည့်ဝင်ငွေဖြင့် အမျိုးသားလျှပ်စစ်မီးရရှိရေး (NEP) စီမံကိန်း ဆိုလာမီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာ ၁၃ အုပ်စုမှ ကျေးရွာပေါင်း ၃၃ ရွာ၌ Complant LEMI Co.,Ltd မှ လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများကို အောက်တိုဘာ ၁၃ ရက်က ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးရဲကျော်သူ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ထားဝယ်ခရိုင် စာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၇**

ထားဝယ်ခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ထားဝယ်မြို့မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်စားတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး အခြေခံပညာရေးကျောင်းသားကျောင်းသူများက “တို့အင်အား” တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# သဘာဝဘေးလျှော့ပါးရေးနေ့နှင့် သဘာဝဘေးအသိပညာပေးဟောပြော

**ဖျာပုံ အောက်တိုဘာ ၁၇**

၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသတစ်ခုဖြစ်သည့် ဖျာပုံခရိုင် ဘိုကလေးမြို့ ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် world Vision Myanmar (ဘိုကလေးမြို့) တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က ဘိုကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သီသီချိုက ဌာနမှဆောင်ရွက်ပေးနေသည့် သဘာဝ ဘေးဆိုင်ရာလုပ်ငန်းများအကြောင်းကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသို့ အသိပေးရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းအကြံပေးအရာရှိ ဦးအောင်ကိုကိုထွန်းက သဘာဝဘေးအန္တရာယ်မှ ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့ ခေါင်းစဉ်ဖြင့် သဘာဝဘေးဆိုင်ရာအသိပညာများ ဟောပြောခဲ့ကြောင်း သိရသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အခမ်းအနားကို ထိတွေ့ဘေးဒဏ်လျှော့ချမှု လုံခြုံစိတ်ချ တို့ဘဝဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသူများ လေ့လာကြည့်ရှုနိုင်ရန် သဘာဝဘေးအန္တရာယ်လျှော့ချရေး လှုပ်ရှားဆောင်ရွက်မှု ဓာတ်ပုံများ ပြသထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဂစ်တာပြုလုပ်သူများ ကျွန်းသစ်ရှားပါးလာသည့်အတွက် အခြားသစ်သားဖြင့် အစားထိုးပြုလုပ်နေရ

**မုံရွာ အောက်တိုဘာ ၁၇**

လက်ရှိမြန်မာနိုင်ငံ ကျွန်းသစ်ရှားပါးလာမှုသည် စစ်ကိုင်းဂစ်တာလုပ်ငန်းလုပ်ကိုင်သူများအတွက်ပြဿနာမဟုတ်ဘဲ နည်းပညာ၊ အတတ်ပညာပိုင်းဖြင့် ကြံဆကာ ရသည့်သစ်သားဖြင့်ရအောင်ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း စစ်ကိုင်း ဂစ်တာထုတ်လုပ်ရောင်းချနေသူ ကိုဇော်နောင်ဟိန်း(ဟိန်းမင်း-ဂစ်တာ) ထံမှ သိရသည်။

“ဂစ်တာကုန်ကြမ်းကိုလက်ရှိမှာ ဂစ်တာအိုးကိုသုံးထပ်သားနဲ့လုပ်ပြီး လက်တံကိုကျွန်းသစ်နဲ့လုပ်နေတာပါ။ ကျွန်းသစ် မသုံးရလည်းအခြားသစ်တွေသုံးမှာပဲဆိုပြီး ရတဲ့သစ်နဲ့ဖြစ်အောင်သုံးမယ်လို့ ဆုံးဖြတ်ထားကြပါတယ်။ သစ်သားရှားပါးမှုက ဂစ်တာလုပ်ကိုင်နေသူတွေအတွက် ပြဿနာမဟုတ်သေးပါဘူး။ ကျွန်းသစ်အစားထင်းရှူးသားသုံးရင်လည်း အရည်အသွေးပိုင်းမှာကောင်းပါတယ်။ ကိုယ်ကအသားရဲ့အကြောကို နိုင်နင်းအောင် နည်းပညာ၊ အတတ်ပညာတွေသုံးပြီး ကိုင်နိုင်ဖို့က အဓိကပါ” ဟု ကိုဇော်နောင်ဟိန်းက ပြောသည်။

စစ်ကိုင်းဂစ်တာဈေးကွက်သည် ပုံမှန်နှစ်များက သီတင်းကျွတ်လျှင် ကောင်းခဲ့သော်လည်း ယခုနှစ်တွင် အရောင်းဈေးကွက်မှာ အခြားလုပ်ငန်းများနှင့်အတူ စစ်ကိုင်းဂစ်တာလုပ်ကိုင်သူ ၂၀ ကျော်သည်လည်း အရောင်းပါးနေကြောင်း သိရသည်။

“စစ်ကိုင်းမှာဂစ်တာလုပ်တဲ့သူ ၂၀ကျော်ရှိတယ်။ အဲဒီမှာဆိုင်ကြီးက နှစ်ဆိုင်သုံးဆိုင်ပဲရှိတယ်။ ကျန်တာကအကြမ်းထည်လုပ်တဲ့သူ၊ အကြမ်းရော အချောပါလုပ်တဲ့သူစတဲ့ ဆိုင်ငယ်လေးတွေ ရှိပါတယ်” ဟု ဝါရင့်စစ်ကိုင်း ဂစ်တာပြုလုပ်နေသူတစ်ဦးက ပြောသည်။

စစ်ကိုင်းဂစ်တာများအဖြစ် ဟော်လို ဂစ်တာ၊ လျှပ်စစ်ဂစ်တာ၊ လေးကျိုးတပ်ယူကလီဂစ်တာ၊ အသေးမယ်ဒလင်၊ တယောများကို သီတင်းကျွတ်ကာလ၊ တန်ဆောင်တိုင်ကာလနှင့် ကျောင်းပိတ်ရာသီများတွင် ရောင်းအားကောင်းလေ့ရှိ ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု

**မောင်သန်းဝင်းရွှေ**



လူ့စွမ်းအားအရင်းအမြစ် (human resources)၊ သဘာဝအရင်းအမြစ် (natural resources)နှင့် ဘဏ္ဍာရေးအရင်းအမြစ်(financial resources)တို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် လိုအပ်သော အရင်းအမြစ်များဖြစ်သည်ဟု မျက်မှောက်ခေတ် ဖွံ့ဖြိုးမှုပညာ၊ ပညာရှင်များက သတ်မှတ်လာကြပါသည်။ ယင်းအရင်းအမြစ်သုံးခုအနက် လူ့စွမ်းအားအရင်းအမြစ်သည် စီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် ဘက်စုံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် အထူးအရေးပါလှပေသည်။ သဘာဝအရင်းအမြစ်၊ ဘဏ္ဍာရေးအရင်းအမြစ်များ မည်မျှပင် ကြွယ်ဝစေကာမူ စနစ်တကျ ဖော်ထုတ်အသုံးပြုနိုင်စွမ်းရည်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုမရှိပါက ဖွံ့ဖြိုးမှုကို မည်သို့မျှ အခိုင်အမာတည်ဆောက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို လူမှုစီးပွားရေးဖွံ့ဖြိုးရေးအတွက် လူ့အရင်းအနှီး(human capital)ဖြင့် တည်ဆောက်နေကြခြင်းဖြစ်ပါသည်။

အခြေခံအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုသည် နည်းပညာတိုးတက်မှု(technological progress)နှင့် ဆက်စပ်လျက်ရှိသည်။ တစ်ဖန် နည်းပညာတိုးတက်မှုသည် လူ့အရင်းအနှီးမြှုပ်နှံမှုဖြင့်တည်ဆောက်သော လူ့စွမ်းအားအရင်းအမြစ်အပေါ် မူတည်နေပေသည်။ လူ့အရင်းအနှီးမြှုပ်နှံမှု၏ တိုက်ရိုက်ရရှိသော အကျိုးအမြတ်သည် ပညာရေးနှင့် အမြော်အမြင် အတွေ့အကြုံ ရင့်သန်စေမှုပင်ဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်သားအင်အား အပိုအလျှံ (man power surplus) ရှိနေတတ်သည်ဖြစ်ရာ ယင်းပိုလျှံလုပ်သားအင်အားကို အပြည့်အဝအသုံးချနိုင်အောင် စွမ်းဆောင်နိုင်ခြင်းကြောင့် လူနေမှုအဆင့်အတန်း(standard of living)မြင့်မားမှု အကျိုးရလဒ်ကို ရရှိနိုင်ပေသည်။

လုပ်သားအင်အားစု၏ တစ်ဦးချင်းအတွေ့အကြုံ (individual experence) ကျွမ်းကျင်မှု၊ လုပ်ရည်ကိုင်ရည် စသည်တို့သည် လူအရင်းအနှီး(ဝါ)လူ့စွမ်းအားစုဖွံ့ဖြိုးမှု၏ အရင်းအမြစ်များတွင် ပါဝင်သည်။ လူ့စွမ်းအားအရင်းအမြစ်သည် အရေအတွက်ထက် အရည်အချင်းနှင့် ပို၍သက်ဆိုင်သည်။ ထို့အတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် လူဦးရေ အနည်းအများပေါ် မူမတည်ဘဲ အတွေ့အကြုံရင့်ကျက်မှု၊ ကျွမ်းကျင်မှု၊ တီထွင်ကြံဆမှုများအပေါ် မူတည်နေပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၏ အကျိုးအမြတ်သည် ရုပ်ဝတ္ထုပစ္စည်းဖွံ့ဖြိုးမှုကဲ့သို့ တိုင်းတာရန် ခက်ခဲလှပါသည်။ ထို့ကြောင့် အထင်ရှားဆုံးသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၏ ခက်မများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းနှင့် လူမှုဖူလုံရေးအတွက် စွမ်းဆောင်ချက်လုပ်ငန်းများ ပါဝင်သည်ဟု မျက်မှောက်ခေတ်တွင် အသိအမှတ်ပြုလာကြခြင်းပင် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုတွင် သန္ဓေကာလ(gestation period) ကြာရှည်သော်လည်း အကျိုးကျေးဇူးကို အတိုင်းအဆမရှိ ပြန်လည်ရရှိခံစားနိုင်ခြင်းပင်ဖြစ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်းအရင်းအနှီးတွင် ပျက်စီးယိုယွင်းမှုအရ နှစ်စဉ်တန်ဖိုးလျော့မှု ရှိစေကာမူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအတွက် မြှုပ်နှံမှုတွင်မူ ပြန်းတီးမှု(depreciation)တန်ဖိုးလျော့ မရှိပေ။ လူ့စွမ်းအားအရင်းအမြစ် မြှုပ်နှံမှုတွင် ရုပ်ဝတ္ထုပစ္စည်းအရင်းမြှုပ်နှံမှုထက် အကျိုးသက်ရောက်မှု ကြီးမားချက်မှာ ဆင့်ပွားအကျိုးသက်ရောက်မှုများရှိခြင်းပင်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် မြှုပ်နှံမှု၏ ရလဒ်များတွင် လုပ်သားတို့၏ အတွေးအခေါ် အမြော်အမြင် အတွေ့အကြုံ မြင့်မားစေခြင်းအပြင် အိမ်ထောင်စုများအကြား ဝင်ငွေဖြန့်ဖြူးမှု (income distribution) ပိုမိုကောင်းမွန်စေခြင်းပင် ဖြစ်သည်။

ခေတ်သစ်လူမှုစီးပွားရေး ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ပဓာနကျသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေမှုမှာ အရည်အသွေးတောက်ပြောင်လာလေလေ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်လေလေဖြစ်သဖြင့် လူ့ဘောင်တိုးတက်မှုညွှန်ကိန်းများကို ပို၍မြင့်မားစွာ ရရှိလာကြပေသည်။ အထူးသဖြင့် လူ့အင်အားစု(ဝါ)လူ့စွမ်းအားအရင်းအနှီး ဖွံ့ဖြိုးမှုသည် မျက်မှောက်ကာလ၌ ပညာရေး၊ ကျန်းမာရေးနှင့် အာဟာရဓာတ်ပြည့်ဝမှုများပေါ်တွင် လုံးဝတည်မှီနေသည်ကို ထင်ထင်ရှားရှား ဖော်ထုတ်နိုင်လာကြပြီဖြစ်သည်။

**ခေတ်သစ်လူမှုစီးပွားရေး ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ပဓာနကျသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေမှုမှာ အရည်အသွေးတောက်ပြောင်လာလေလေ ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်လေလေဖြစ်သဖြင့် လူ့ဘောင်တိုးတက်မှုညွှန်ကိန်းများကို ပို၍မြင့်မားစွာ ရရှိလာကြပေသည်။ အထူးသဖြင့် လူ့အင်အားစု(ဝါ)လူ့စွမ်းအားအရင်းအနှီးဖွံ့ဖြိုးမှုသည် မျက်မှောက်ကာလ၌ ပညာရေး၊ ကျန်းမာရေးနှင့် အာဟာရဓာတ်ပြည့်ဝမှုများပေါ်တွင် လုံးဝတည်မှီနေသည်ကို ထင်ထင်ရှားရှား ဖော်ထုတ်နိုင်လာကြပြီဖြစ်သည်။**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုတွင် ပညာရေးအရ လိုအပ်ချက်သည် စာတတ်မြောက်မှုရာခိုင်နှုန်း မြင့်မားစေရေး၊ အထက်တန်းပညာ၊ အဆင့်မြင့်ပညာများ တတ်ကျွမ်းစေမှုရှိရုံသာမက လိုအပ်သော လက်တွေ့ကျမှု၊ အတွေ့အကြုံရင့်ကျက်မှုများဖြင့် ပြန်လည်မျှဝေပေးနိုင်ခြင်းတို့သည် ပဓာနကျသည်ဟု ဆိုရပေမည်။ အတွေ့အကြုံရှိမှု၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ရင့်ကျက်မှုများသည် အဖိုးမဖြတ်နိုင်သော ပြန်ရချက်(ဝါ) အကျိုးပြုမှုများ ဖြစ်ပေသည်။ ထို့အတူ အရွယ်ရောက်သူများ ကျောင်းပညာသင်ကြားနိုင်ရေးနှင့် ကျောင်းနေအရွယ်များ၊ ကျောင်းထွက်နှုန်းနိမ့်ကျရေးတို့သည် ပညာရေးဖွံ့ဖြိုးမှုအတွက် အထူးဂရုပြုရမည့် လက္ခဏာရပ်များဖြစ်ပေသည်။ အလုပ်ခွင် ကျွမ်းကျင်မှုရှိခြင်းများသည် တစ်ဦးချင်းအတွက် အကျိုးရှိသကဲ့သို့ ဒေသအလိုက်၊ ကဏ္ဍအလိုက်၊ အကျိုးများစေမှုများကို ဖြစ်ပေါ်စေသဖြင့် တိတိပပ စွမ်းဆောင်ပေးရန် အခြေခံလိုအပ်ချက်အဖြစ် သတ်မှတ်လာကြပေသည်။

ပညာရေး၊ အတွေ့အကြုံ ရင့်ကျက်သူများ၏ ပြန်ရချက်နှင့် အကျိုးကျေးဇူးကို အခြေခံကျကျ သုံးသပ်ပါက ကျန်းမာရေး ဖွံ့ဖြိုးမှုရှိစေရေးသည်လည်း မလွဲမသွေဆောင်ရွက်ရမည့် အကြောင်းအရာတစ်ခုအဖြစ် ပေါ်လွင်နေပေသည်။ ကျန်းမာမှ စွမ်းဆောင်ရည်တုံ့ပြန်မှုကို အပြည့်အဝခံစားနိုင်မည်ဟူသော အယူအဆကို မည်သူမျှငြင်းမရပေ။

ကျန်းမာရေးဖွံ့ဖြိုးမှု၏ အဓိကညွှန်ကိန်းများတွင် လူ့သက်တမ်းကာလသည် အခြေခံတစ်ရပ်ဖြစ်ပေသည်။ လူ့စွမ်းအားအရင်းအမြစ်မြှုပ်နှံမှုအရ ပေါ်ထွက်လာသည့် လူ့အရင်းအနှီး ထုတ်ယူသုံးစွဲမှုကာလ မြင့်မားစေရေးတွင် ကျန်းမာရေးသည် အဓိကဖြစ်နေပေသည်။ ထို့ကြောင့် ကျန်းမာရေးဖွံ့ဖြိုးမှု အထောက်အကူပြုရေးအတွက် အခြေခံပြည်သူ့ကျန်းမာရေးမှသည် အဆင့်မြင့်ကျန်းမာရေးဘဝ ရရှိအောင် စွမ်းဆောင်မှုများ၊ ကြိုးပမ်းချက်သည်လည်း မလွဲမသွေ လိုအပ်ချက်ပင်ဖြစ်ပေသည်။ သို့မှသာ လူ့စွမ်းအားအရင်းအမြစ်၏ ပြန်ရချက် မြင့်မားစေမည်ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံး အခြေခံကျန်းမာရေးဗဟုသုတ ပြည့်ဝစေရေးကို အခြေခံပြည်သူ့ကျန်းမာရေးဖွံ့ဖြိုးမှု အစီအစဉ်များဖြင့် စီစဉ်တည်ဆောက်ကြိုးပမ်းခြင်းဖြင့် အဖိုးမဖြတ်နိုင်သော အကျိုးဆက်ကို မလွဲမသွေပေါ်ထွန်းမည်ဖြစ်သည်ဟု ဖွံ့ဖြိုးရေးပညာရှင်အသီးသီးက ယုံကြည်လျက်ရှိသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ရှေးရှုနေသော မျက်မှောက်ကာလတွင် ကျန်းမာရေးတိုးတက်မှုသာမက ကျန်းမာရေးဖူလုံမှုကိုပါ ထည့်သွင်းစဉ်းစားလာကြသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးဖူလုံမှုဖြစ်စဉ်တွင် အာဟာရဓာတ်ပြည့်ဝစွာစားသုံးနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြပေသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဖြစ်စဉ်၏ အဟန့်အတားတစ်ရပ်ဖြစ်သည့် မျှော်လင့်နိုင်သောသက်တမ်းတိုရခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ အာဟာရဓာတ်ချို့တဲ့မှုကြောင့်ဖြစ်သည်ဟု သတ်မှတ်လာကြသည်။ ထို့ကြောင့် ကျန်းမာရေးချို့တဲ့မှုကိုကာကွယ်ရန် အာဟာရဓာတ်ချို့တဲ့မှု အစွမ်းကုန်လျော့ကျစေရေးကို အလေးပေးလာကြပေသည်။ အာဟာရဓာတ်ချို့တဲ့ခြင်းသည် ဖွံ့ဖြိုးမှုဖြစ်စဉ်ကို တိုက်ရိုက်သက်ရောက်မှုရှိသည်ဟု ဆိုကြရခြင်းမှာ လူ့စွမ်းအားအရင်းအမြစ်များကို အပြည့်အဝ အသုံးချခွင့်မရရှိခြင်းကြောင့်ပင် ဖြစ်ပါသည်။

ကျန်းမာရေးဖွံ့ဖြိုးမှု နိမ့်ကျခြင်းကြောင့် လုပ်သားအင်အားရရှိနိုင်မှုကို လျော့နည်းစေခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းစေခြင်း၊ ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝအသုံးမချနိုင်ခြင်းနှင့် သဘာဝအင်အားစုများ၏ တိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းတို့ ပေါ်ပေါက်စေမည်ဖြစ်ပေသည်။ အာဟာရပြည့်ဝအောင် မစားသုံးခြင်း၏ အဓိကအကြောင်းရင်းမှာ ဆင်းရဲခြင်း(သို့)တစ်ဦးချင်းဝင်ငွေနိမ့်ကျခြင်း၊ ကျန်းမာရေးဗဟုသုတ နည်းပါးခြင်း၊ မသိနားမလည်မှုကြောင့် အာဟာရပြည့်ဝအောင် မစားသုံးတတ်ခြင်းနှင့် ရိုးရာထုံးစံအရ အစာရှောင်ခြင်းများကြောင့်ပင် ဖြစ်သည်။

နိုင်ငံတိုင်း၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ဖွံ့ဖြိုးတိုးတက်လိုမှုပင်ဖြစ်သည်။ မျက်မှောက်ကာလ၌မူ ဖွံ့ဖြိုးတိုးတက်မှုကို ဆင့်တက်ရည်မှန်းချက်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Substainable Development)ကို တက်လှမ်းလာကြသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရရှိရန်မှာ ဖိနှိပ်မှု၊ ရောဂါဘယများ ဖိစီးမှု၊ ဆင်းရဲတော်မွတ်မှု၊ အသိပညာ အတတ်ပညာ ခေါင်းပါးမှု စသည့် ဘေးဒုက္ခများ ကင်းဝေးမှသာ လူနေမှုအဆင့်အတန်းမြင့်မားစွာဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်ကို တက်လှမ်းနိုင်မည်ဖြစ်သည်။ ထို့အတူ ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးမှာလည်း ထိထိရောက်ရောက်ရှိမည်ဖြစ်ပေသည်။

မျက်မှောက် ကမ္ဘာပေါ်တွင် နိုင်ငံအများစုသည် ကိုယ်စီကိုယ်င၊ မိမိပြည်တွင်းရေးကို ငြိမ်းအေးစွာ ဖြေရှင်းနိုင်ကြရန် အဓိက လုံးပန်းနေသည့် ခေတ်ဖြစ်သည်။ နိုင်ငံတိုင်းလိုလို၌ လူမျိုးစုများစွာဖြင့် နေထိုင်ကြသည်ဖြစ်ရာ တစ်နည်းနည်းဖြင့် ပဋိပက္ခများနှင့် ရင်ဆိုင်ရမှုများစွာကို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမှုဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် လူ့စွမ်းအားစုအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို လိုလားသော လူ့အဖွဲ့အစည်းတိုင်းက အမျိုးသားရင်ကြားစေ့ရေးမှသည် ငြိမ်းချမ်းရေးကိုအရယူရန် ကြိုးပမ်းနေကြရခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးသည် ခေတ်မီတိုးတက်လာသော မျက်မှောက်လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို တက်လှမ်းနိုင်ရန် ငြိမ်းချမ်းရေးမလွဲမသွေရှိဖို့ အထူးပင် လိုအပ်လှပါသည်။ လူ့အခွင့်အရေးပြည့်ဝမှုရှိရေးတွင် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးတို့မှာ မပါမပြီးသည့် အချင်းအရာများပင် ဖြစ်သည်။ ထို့ကြောင့် ယနေ့ကာလ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ငြိမ်းချမ်းရေးတေးသံများဖြင့် ခြိမ့်ခြိမ့်သဲသဲဖြစ်နေကြခြင်းသည် ငြိမ်းချမ်းရေးအရယူနိုင်ရေးအတွက် အတိတ်ကောင်း နိမိတ်ကောင်းဖြစ်ဘိသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၏ အောင်မြင်မှုလမ်းကြောင်းလည်းဖြစ်ပေသည်။ ။

## ယိုးဒယားခြင်းထိုးနည်းပညာ အခမဲ့သင်ကြားပေးလျက်ရှိ



**ကျောက်ဆည် အောက်တိုဘာ ၁၇**

ပြည်သူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် လက်မှုပညာတစ်ခုတတ်ထားခြင်းဖြင့် မိသားစုဝင်ငွေရရှိရေးတွင် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ခရိုင်ပြန်/ဆက်ရုံး အစည်းအဝေးခန်းမ၌ ယိုးဒယားခြင်းထိုးနည်းပညာသင်တန်းကို အောက်တိုဘာ ၁၅ ရက်က အခမဲ့ဖွင့်လှစ်၍ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ယိုဒယားခြင်းထိုးပညာကို ပညာရှင် ဒေါ်ချောယဉ်မင်းနှင့် ဦးအာကာသူရတို့က သင်ကြားပို့ချပေးကြပြီး သင်တန်းတွင် သင်တန်းသား /သူတိုင်းအား အခြေခံအဆင့်ဖြစ်သည့် လက်ဆွဲခြင်းတစ်လုံးစီ အပြီးအစီး ပြုလုပ်နိုင်သည်အထိ တတ်မြောက်အောင် သင်ကြားပေးခဲ့ကြောင်း သိရသည်။ အခြေခံအဆင့် သင်တန်းတက်ခဲ့သော သင်တန်းသား သင်တန်းသူများအနေဖြင့် နောက်ပိုင်းတွင် မိမိတို့ပြုလုပ်လိုသည့် ခြင်းဒီဇိုင်း အရွယ်အစား၊ အရောင်များကို ဆက်လက်ပြုလုပ်သွားနိုင်ကြမည်ဖြစ်ပြီး အခက်အခဲများရှိပါက ဆရာများ၏ ဖုန်းဘုတ်စာမျက်နှာမှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်မေးမြန်းနိုင်ကြောင်းနှင့် လက်ဆွဲခြင်းထိုးနည်းပညာကို ဒါနပြု၍ အခမဲ့ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



## တိုင်းရင်းသားများ စုပေါင်းတည်ထားကိုးကွယ်ထားသည့် နဝင်းရန်ကင်းစေတီတော်ကြီး ရွှေထီးတော်တင်ပွဲကျင်းပ

**မူဆယ် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်းရှိ မိုင်းယု(၁၀၅)မိုင်အုပ်စုနှင့် တုန်ခံကျေးရွာအုပ်စု ရွာပေါင်းကိုးရွာမှ တိုင်းရင်းသားများ စုပေါင်းကိုးကွယ်ပူဇော်ထားသည့် နဝင်းရန်ကင်း ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ နှစ်ကျိပ်ရှစ်ဆူတံခွန်တိုင် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ခြေတော်ရာစက်လက္ခဏာထဲသို့ ဌာပနာများ ထည့်သွင်းပူဇော်ပွဲကို မိုင်းယု(၁၀၅)မိုင် အောင်သီရိမင်္ဂလာသုခ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ အောက်တိုဘာ ၁၃ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧည့်ပရိတ်သတ်များက ဆရာတော်များထံသို့ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ကြိုးများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နမ်းခမ်းမြို့နယ် မန်ကန်ကျောင်းဆရာတော်ထံမှ သီလခံယူကြကာ အောင်သီရိမင်္ဂလာသုခကျောင်း ဆရာတော်က ရေစက်သွန်းချ အမျှအတမ်းပေးဝေခဲ့သည်။ ဆက်လက်၍ ဆရာတော်များက ဦးဆောင်ပြီး နှစ်ကျိပ်ရှစ်ဆူ ဘုရားရုပ်ပွားတော်များ၊ စိန်ဖူးတော်များ၊ ထီးတော်များနှင့် ငှက်မြတ်နားတော်များကို ဓမ္မာရုံကြီးထဲမှတစ်ဆင့် နဝင်းရန်ကင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ကြည်ညိုကြကာ အောင်သီရိမင်္ဂလာသုခကျောင်းဆရာတော်က ဦးဆောင်၍ သံဃာတော်များ၊ ဧည့်ပရိသတ်များက နှစ်ကျိပ်ရှစ်ဆူတံခွန်တိုင် ရွှေထီးတော်ကို စေတီတော်ပေါ်သို့ ပန်းရထားဖြင့် ပင့်ဆောင်၍ ထီးတော်တင်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ခြေတော်ရာ စက်လက္ခဏာထဲသို့ ဌာပနာတော်များ သွင်းလှူ ပူဇော်ခဲ့ကြသည်။

နဝင်းရန်ကင်းစေတီတော် နှစ်ကျိပ်ရှစ်ဆူတံခွန်တိုင် ရွှေထီးတော်တင်လှူပွဲနှင့် ခြေတော်ရာစက်လက္ခဏာ ဌာပဏာသွင်းလှူဒါန်းပွဲသို့ မူဆယ်ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်နီးရပ်ဝေးမှအလှူရှင်များ စုစုပေါင်း လူဦးရေ ၂၀၀၀ ကျော် လာရောက်ဖူးမြော်ပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ သန့်ဇင်-မူဆယ်**

## ဂန့်ဂေါတွင် စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေး



**ဂန့်ဂေါ အောက်တိုဘာ ၁၇**

ဂန့်ဂေါမြို့နယ်အတွင်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားရေး၊ ဈေးကွက်ဝင်အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရေးနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဖြစ်သည့် ဂန့်ဂေါမြို့နယ် ရွှေဘိုကျေးရွာ၌ မိုးစပါးစိုက်ပျိုးနည်းစနစ်များ ယှဉ်ပြိုင်စမ်းသပ်ကွက်၊ အရည်အသွေးကောင်း စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မိုးစပါး မျိုးစေ့ထုတ်စံပြကွက်များ၊ SRI စနစ် မိုးစပါးစံပြကွက်တို့ကို စိုက်ပျိုးဆောင်ရွက်ထားသည်။

အဆိုပါ စမ်းသပ်ကွက် စံပြကွက်များ၌ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၆ ရက်က ပြုလုပ်ခဲ့ပြီး အနီးပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ကြပြီး တက်ရောက်လာသော တောင်သူများအား မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဒေါ်ခင်မာအေးက စမ်းသပ်ကွက်စံပြကွက်များ ဆောင်ရွက်ထားပုံကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ရွှေဘိုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပြီး မြို့နယ်ဦးစီးမှူးက စားသောက်ကုန်များ ဘေးကင်းလုံခြုံရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို တောင်သူများ လိုက်နာဆောင်ရွက်ရေး၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာများနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းတို့ကို ပညာပေးဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သော တောင်သူများအား ပိုးသတ်ဆေးများ၊ ဇီဝစူပါ ရွက်ဖျန်းမြေဩဇာနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**(၁၀၁)**

## မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲ မကွေးမြို့၌ကျင်းပ

**မကွေး အောက်တိုဘာ ၁၇**

“မသန်လည်းလူ၊ သန်လည်းလူ စွမ်းဆောင်ခြင်းသာအဓိက”ဟူသည့် ခံယူချက်ကိုယ်စီဖြင့် မသန်စွမ်းသူများလည်း သာမန်လူ့အသိုင်းအဝိုင်းအတွင်း ပါဝင်ခွင့်ရရှိစေရန် ရည်ရွယ်သည့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ် လမ်းလျှောက်ပွဲတစ်ရပ်ကို မကွေးမြို့၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

“မျက်မမြင် လမ်းလျှောက်တုတ်နေ့ ဆိုပေမယ့် မျက်မမြင်တွေချည်းပဲ လမ်းလျှောက်တဲ့ပွဲ မဟုတ်တော့ဘဲနဲ့ မသန်စွမ်းသူတွေရဲ့လှုပ်ရှားမှုပွဲလေးတစ်ခုဖြစ်လာအောင် လုပ်ပေးတဲ့သဘောပါ။ တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်ယူပြီး လူမှုဝန်ထမ်းဦးစီးဌာနနဲ့ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့(မီလီ-မကွေး)တို့ ပေါင်းလုပ်ပါတယ်။ မနှစ်ကနဲ့ ကွာခြားချက်တစ်ခုက ပရဟိတအဖွဲ့တွေရဲ့ပံ့ပိုးမှုတွေ အများကြီးပါဝင်လာတာပါ”ဟု လူမှုဝန်ထမ်းဦးစီးဌာနမှူးဦးသစ္စာက ပြောသည်။



လမ်းလျှောက်ပွဲတွင် နတ်မောက်၊ မြို့သစ်၊ မင်းဘူး၊ မကွေးမြို့နယ်များနှင့် မိကျောင်းရဲဒေသတို့မှ မျက်မမြင်နှင့် မသန်စွမ်းသူ (၈၀ ကျော်ပါဝင်ခဲ့ပြီး မသန်စွမ်းသူများအား လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများနှင့် မကွေးပရဟိတ၊ စည်ဖြိုးသူဖောင်ဒေးရှင်း၊ သဒ္ဓါရှင်၊ ရွှေရောင်လက်များ စသည့်လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝန်းရံကာ အထက(၁)လမ်း၊ ဗိုလ်ချုပ်လမ်း၊ ပြည်တော်သာလမ်း အစဉ်အတိုင်းအလက(ကန်သာကျောင်း)ထိ လမ်းလျှောက်ခဲ့ကြသည်။

“မနှစ်ကတုန်းက ၉ နာရီလောက်စလျှောက်တာ။ နေပူတော့ ဒီနှစ်ကို စောလိုက်တယ်။ မနှစ်က ရန်ပုံငွေကောက်တဲ့သူတွေကို အထင်အမြင်တွေလွဲခံခဲ့ရတာတွေရှိခဲ့ပါတယ်။ ဒီနှစ်တော့ ပရဟိတအဖွဲ့တွေက အလှူရှင်ရှာပြီး အထိမ်းအမှတ်လေးတွေ လုပ်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူလူထု ပူးပေါင်းပါဝင်တော့ ပိုကောင်းတာပေါ့ဗျာ”ဟု မကွေးပရဟိတအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုမိုးက ပြောသည်။

လမ်းလျှောက်ပွဲတွင် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်တို့ ပါဝင်အားဖြည့်ခဲ့ကြောင်း သိရပြီး လမ်းလျှောက်ပွဲအပြီး နေ့ခင်းပိုင်း၌ စည်ဖြိုးသူဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် နေ့လယ်စာထမင်းဘူးများ အာဟာရဒါနလှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတွင်ကျယ်လာရေး မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေး



**ပုသိမ် အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မဏ္ဍိုင်(၄)ရပ်တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ဧရာဝတီတိုင်းမှာ ဒီလိုဆွေးနွေးလိုက်ခြင်းအားဖြင့် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သတင်းသမားတွေ ဆုံဆည်းခွင့်ရတယ်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တာဝန်ရှိသူတွေနဲ့ တိုင်းအတွင်းက သတင်းသမားတွေနဲ့ ပထမဆုံးအကြိမ်တွေ့ခွင့်ရတယ်။ နောက် သတင်းသမားတွေအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာ မဏ္ဍိုင်အသီးသီးမှ တာဝန်ရှိခေါင်းတွေနဲ့ တွေ့ဆုံခွင့်ရတယ်။ ပြီးတဲ့အခါမှာ မဏ္ဍိုင်လေးရပ်တာဝန်ရှိသူတွေ ဒီလိုမျက်နှာချင်းဆိုင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခွင့်ရလို့တစ်ဖက်နဲ့တစ်ဖက်ကြား မကျေလည်မှုတွေရှိရင်လည်း ပြေလည်သွားကြတယ်။ အရင်က မမြင်ဖူးကြပေမယ့် အခုလိုတွေ့ဆုံရင်းနှီးသွားကြတဲ့အခါ မီဒီယာလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ ပိုပြီးအဆင်ပြေလာကြမယ်လို့ ယူဆပါတယ်။ ဒီဆွေးနွေးခဲ့တဲ့ အချက်အလက်တွေကို လက်တွေ့သာ အကောင်အထည်ဖော်နိုင် မယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူတွေအတွက် မီဒီယာနှင့် ပတ်သက်ပြီး ပိုမိုပွင့်လင်းမြင်သာ ဆောင်ရွက်နိုင်ခြင်းကြောင့် အကောင်းဆုံးရလဒ်တွေ ရှိလာနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပုသိမ်မြို့ခံသတင်းထောက် ကိုသက်ဆွေက ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်များနှင့် သတင်းမီဒီယာများမှ တာဝန်ရှိသူများ စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး၊ လျှပ်စစ်စွမ်းအင် စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးသိန်းရွှေတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် (ဝါရင့်သတင်းစာဆရာကြီး) ဟံသာဝတီဦးအုန်းကြိုင်က သတင်းမီဒီယာမဏ္ဍိုင်အကြောင်းကို ရှင်းလင်းကာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောက တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အုပ်ချုပ်ရေးမဏ္ဍိုင်ကိုယ်စား တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ဥပဒေပြုရေးမဏ္ဍိုင်ကိုယ်စား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်၊ တရားစီရင်ရေးမဏ္ဍိုင်ကိုယ်စား တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်တို့က အသီးသီး ဆွေးနွေးကြပြီး သတင်းမီဒီယာများက သတင်းရယူရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးရာ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်ပတ်သက်၍ သူဇာနွယ်(ဖျာပုံ)နှင့် ဆလိုင်းသန့်ဇင်(ပုသိမ်)၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့်ပတ်သက်၍ ကိုသက်ဆွေ (ပုသိမ်)နှင့် ကိုမျိုးမင်းပိုင်(ပုသိမ်)၊ တရားစီရင်ရေးမဏ္ဍိုင်နှင့်ပတ်သက်၍ ဦးစိုးမြင့်(ပုသိမ်)နှင့် ဦးစိုးမြင့်စိုး(ပုသိမ်)တို့က ဆွေးနွေးခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကျင်းပသည့် မဏ္ဍိုင်(၄)ရပ်တွေ့ဆုံပွဲသည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ယင်းဆွေးနွေးပွဲများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကဒပ္ပနကျေးရွာ၌ ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ခဲ့ရာ ကမ်းပြိုကျသည့်နေရာကို အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သောအဖွဲ့ အောက်တိုဘာ ၁၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးစဉ်**
ကိုကျော်(သုံးခွ)



# ပုဂံဒေသသို့ နိုင်ငံခြားသားနှင့် ပြည်တွင်း ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားလျက်ရှိ

**ပုဂံ အောက်တိုဘာ ၁၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ယခုနှစ် သီတင်းကျွတ်ကာလမှစတင်၍ နောက်ပိုင်းရက်များ၌ ခရီးသွားနိုင်ငံခြားသားများ စဉ်ဆက်မပြတ်ဝင်ရောက်လည်ပတ်လျက်ရှိသလို ပြည်တွင်းမှ ဘုရားဖူးဧည့်သည်များလည်း လာရောက်မှုများပြားလျက်ရှိကြောင်း သိရသည်။

ပုဂံဒေသရောက် ခရီးသွားနိုင်ငံခြားသားများနှင့် ဘုရားဖူးပြည်သူများမှာ ပုဂံဒေသရှိ ရှေးဟောင်း ဘုရားပုထိုးစေတီများကို ဖူးမြော်ကြပြီး ရှေးဟောင်းအမွေအနှစ်လက်ရာများစသည့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသကဲ့သို့ နံနက် ၆ နာရီနှင့် ညနေ ၆ နာရီအချိန်များတွင် ပုဂံမြို့ဟောင်းရှိ အနော်ရထာမင်းတည်ထားကိုးကွယ်ခဲ့သော ရွှေဆံတော်စေတီတော် ရင်ပြင်တော်ပေါ်မှနေ၍ နေထွက်ချိန်နှင့် နေဝင်ချိန်ရှုခင်းအလှကို ဓာတ်ပုံရိုက်ကြသူများလည်း များပြားကြောင်း ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

စေတီတော်ပေါ်၌ မှတ်တမ်းဓာတ်ပုံရိုက်ကူးနေသည့် အမေရိကန်နိုင်ငံသားတစ်ဦးက "ကျွန်တော်တို့က အမေရိကန်နိုင်ငံကပါ။ မြန်မာနိုင်ငံကို ဒီအခေါက်နဲ့ဆို ၁၀ ခေါက်ရှိပါပြီ။ မြန်မာနိုင်ငံရောက်တာနဲ့ ပုဂံကို ပထမဆုံး လာရောက်လေ့လာပြီးမှ ကျန်ဒေသများကို ခရီးဆက်တာပါ။ ပုဂံရောက်တာနဲ့ တစ်နေ့လုံးလေ့လာကြပြီး နံနက်အစောပိုင်းနဲ့ ညနေ နေဝင်ချိန်တွေမှာ ဒီဘုရားပေါ်မှာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးတတ်ကြပါတယ်။ ဒီဘုရားအပေါ်ဆုံး ရင်ပြင်တော်ပေါ်ကနေကြည့်ရင် ပုဂံဒေသက ဘုရားပုထိုးစေတီများ၊ ရှုခင်းအလှအပများကို မှတ်တမ်းတင်ရိုက်ကူးလို့ရပါတယ်။ ဒါကြောင့် ဒီဘုရားစေတီပေါ်ကနေ ဓာတ်ပုံရိုက်ရတာ ပျော်ရွှင်ပါတယ်"ဟု ပြောသည်။

ပုဂံ ရွှေဆံတော်စေတီတော်မြတ်ကြီးကို အေဒီ ၁၀၅၇ ခုနှစ်တွင် အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့သည်။ ရွှေဆံတော်စေတီတော်တွင် မဟာပိန္နဲနတ်ရုပ်များ ပြုလုပ်ထား၍ မဟာပိန္နဲဘုရားဟုလည်း ဒေသခံများကခေါ်ဆိုကြသည်။ ရွှေဆံတော်စေတီတော်ကို လေးထောင့် ပစ္စယာငါးဆင့်အထက်၌ ရစ်ထောင့်ကြာဝန်းခံ၍ တည်ထားပြီး ခေါင်းလောင်းပုံရင်ဖွဲ့၊ ခါးပတ်သပိတ်မှောက်၊ ဖောင်းရစ် စသည်ဖြင့် အဝန်းအဝိုင်းပုံစံ အဆင့်ဆင့် ရှူးတက်ကာ အထွတ်စေတီတင်ထားကိုးကွယ်ထားသည့် ရှေးဟောင်းဘုရားတစ်ဆူဖြစ်ရာ အဆိုပါစေတီတော် ပစ္စယံအထက်ငါးဆင့်



ရင်ပြင်တော်ပေါ်သို့ နိုင်ငံခြားသားများ၊ ပြည်တွင်း ဘုရားဖူးပြည်သူများ တက်ရောက်၍ ပုဂံဒေသ၏ အလှအပရှုခင်းဓာတ်ပုံများ ရိုက်ကူးကြခြင်း ဖြစ်သည်။

ပုဂံယဉ်ကျေးမှုဒေသတွင် ယခုနှစ်၌ ဇုန်ဝင်ကြေးအဖြစ် နိုင်ငံခြားသားတစ်ဦးလျှင် မြန်မာငွေကျပ် ၂၅၀၀၀ ပေးဆောင်ရကြောင်း သိရသည်။

**ကျော်ကျော် (မလှိုင်)**

# ရေနံချောင်းမြို့နယ်သမိုင်းဝင် ပင်းဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**ရေနံချောင်း အောက်တိုဘာ ၁၇**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ ပင်းချောင်းအနီးတွင် တည်ရှိပြီး ရေနံချောင်းမြို့နယ်၏ အထင်ကရသမိုင်း ဝင်စေတီတစ်ဆူဖြစ်သည့် ယခင်(စကြာလုံပြစေတီတော်)၊ ယခု(ပင်းစက္ကလံပစေတီတော်) ဒေသအခေါ် ပင်းဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ တန်ဆောင်မုန်းလဆန်း ၅ ရက်အထိ ကျင်းပလျက်ရှိသည်။ ဗုဒ္ဓပူဇနိယပွဲနှင့်အတူ ပွဲလမ်းဇာတ်သဘင်များဖြင့် အစဉ်အလာမပျက် ကျင်းပလျက်ရှိ၍ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ၊ ဈေးသည်ဈေးဝယ်များ၊ ပင်းချောင်းအတွင်း ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

"သမိုင်းဝင် ပင်းဘုရား စေတီတော်ကို သက္ကရာဇ်(၄၁၈)ခုနှစ်က မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ ဌာပနာပြီး အနော်ရထာမင်းကြီး တည်ထားခဲ့တယ်လို့ ကျောက်စာအရ သိရပါတယ်။ ယခု ပွဲတော်အပြင် တပို့တွဲလပြည့်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နဲ့ တော်သလင်း လပြည့်ကျော် ၈ ရက်တို့မှာ ဘုရားကြီးအနီးအနားရှိ ကျေးရွာများက ကျေးရွာအုပ်စုအလိုက် အတီးအမှုတ်အကအခုန်များနဲ့ ဆွမ်းလုံးချ၊ ဆွမ်းတော်ကြီးတင် ကပ်လှူခြင်းများကိုလည်း အစဉ်အလာမပျက် ဆောင်ရွက်ကြပါတယ်"ဟု ဘုရားဂေါပကအဖွဲ့နာယက ဦးကြည်ညွန့်က ပြောသည်။



ဘုရားပွဲတော်ရက်အတွင်း ပင်းချောင်းထဲ၌ ရေကစားနေကြသော ပြည်သူများ

သီတင်းကျွတ်လပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)တွင် ရေနံချောင်းမြို့ပေါ်ရပ်ကွက်များမှ ပြည်သူများသည် ဈေးဆိုင်များနှင့် အခြားလုပ်ငန်းများကို ခေတ္တရပ်နားပြီး တစ်မြို့လုံးနီးပါး ပင်းဘုရားသို့ သွားရောက်၍ ဘုရားဖူးခြင်း၊ ပင်းချောင်းအတွင်း ရေကစားခြင်းများ ပြုလုပ်လေ့ရှိကြောင်း မြို့ခံတစ်ဦးက ပြောသည်။

အဆိုပါ သမိုင်းဝင်(ပင်းစက္ကလံပစေတီတော်)ပင်းဘုရား ဗုဒ္ဓပူဇနိယပွဲတော်သို့ ရေနံချောင်းမြို့နယ်အတွင်းရှိ ဘုရားဖူးပြည်သူများသာမက မကွေးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ချောက်မြို့နယ်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့နယ် စသည့် ဝေးလံသော မြို့နယ်များမှလည်း လာရောက်ဖူးမြော်ကြကာ ဘုရားပွဲတော်ကာလတစ်လျှောက်တွင် ဇာတ်သဘင်အဖွဲ့များကလည်း အလှည့်ကျ ကပြဖျော်ဖြေသွားမည်ဖြစ် ကြောင်း သိရသည်။ **ကိုစိုးကြီး (ပြန်/ဆက်)**

# စလင်းတွင် စည်းကမ်းမဲ့ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူမှုများ နေ့စဉ်ဆောင်ရွက်

**စလင်း အောက်တိုဘာ ၁၇**
မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် အောက်တိုဘာ ဒုတိယပတ်အတွင်းမှစတင်၍ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များကို နေ့စဉ် စစ်ဆေးဖမ်းဆီး အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်းကမ်းမဲ့ဆိုင်ကယ်များ ဖမ်းဆီးရာတွင် ဆိုင်ကယ်တစ်စီးလျှင် နှစ်ဦးထက်ပို၍ စီးနင်းခြင်း၊ ဆိုင်ကယ်လိုင်စင်၊ လူလိုင်စင်များ ပြည့်စုံစွာမပါရှိခြင်း၊ ဦးထုပ်မဆောင်းခြင်း၊ ပါဝါအိပ်ဇောများ ပြောင်းလဲတပ်ဆင်ခြင်း၊ ဘက်မှန်မပါရှိခြင်း စသည့် သတ်မှတ်ချက်မပြည့်စုံမှုများနှင့် လမ်းစည်းကမ်း မလိုက်နာမှုများကို စစ်ဆေးဖမ်းဆီးခြင်းဖြစ်ကြောင်း သိရသည်။

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ကျော်မြင့်ဝင်းက "စလင်းမှာ နေ့စဉ်လိုလို ဆိုင်ကယ်တိုက်မှုတွေ ဖြစ်နေပါတယ်။ အချို့ကို ရဲတွေပင် မသိလိုက်ရဘဲ သူတို့ဘာသာ ဖြေရှင်းကြတယ်။ ဖြေရှင်းမရရင် ရဲကို အကြောင်းကြားတယ်။ စလင်းမှာ ဆိုင်ကယ်စီးနင်းသူတွေ တအားများပါတယ်။ အများအားဖြင့် စီးနင်းသူတွေဟာ စည်းကမ်းလိုက်နာမှု အားနည်းပါတယ်။ ပညာပေးကာလပြီးလို့ အခုလို စည်းကမ်းမဲ့ဆိုင်ကယ်များကို ဖမ်းဆီးပြီး တရားရုံးကိုတင်ပို့ တရားစွဲပါတယ်။ တရားရုံးကလည်း ဒဏ်ရိုက်ပါတယ်။ ဒါလည်း စည်းကမ်းမဲ့တွေများတုန်းပါပဲ။ ကျွန်တော်တို့ကတော့ နေ့စဉ်ဖမ်းဆီးသွားမှာပါ"ဟု ပြောကြားသည်။

စလင်းမြို့၌ ဆိုင်ကယ်စီးနင်းမောင်းနှင်သူ အများစုမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာမှုပိုင်းတွင် အားနည်းလျက်ရှိသလို လူပိုတင်ဆောင်စီးနင်းခြင်း၊ ဆိုင်ကယ်မောင်းနေစဉ် ဖုန်းပြောခြင်း၊ ဦးထုပ်မဆောင်းခြင်းများကြောင့် ယာဉ်အန္တရာယ်များ အဖြစ်များလျက်ရှိကြောင်း သိရသည်။ ပြည်သူများ ယာဉ်စည်းကမ်းလိုက်နာရေးအတွက် ပညာပေးကာလသတ်မှတ်၍ အသိပညာပေးမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ယာဉ်စည်းကမ်းမလိုက်နာမှုများ များပြားနေဆဲဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အိမ်တိုင်ရာရောက် ကျေးရွာရေပေးဝေရေးစနစ်အတွက် ရေစင်တည်ဆောက်ပြီးစီး

**ညောင်ဦး အောက်တိုဘာ ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းအရ အဆိုပါကျေးရွာတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် အိမ်တိုင်ရာရောက် ကျေးရွာရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရေပေးဝေရေးအတွက် အုတ်ကန်ပါ ရေစင်မြင့်ကို စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ပြီး အဆိုပါ အိမ်တိုင်ရာရောက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့်အဖွဲ့က အောက်တိုဘာ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ မင်းနန်သူကျေးရွာသည် ပုဂံရှေးဟောင်းနယ်မြေတွင် ပါဝင်နေသည့်အတွက် ရှေးဟောင်းနယ်မြေတွင် တည်ဆောက်ခွင့်ရှိသည့် စံချိန်စံညွှန်းကိုက်ညီသော အရောင်အသွေး၊ အဆောက်အအုံအမျိုးအစားဖြစ်အောင် တည်ဆောက်ခဲ့ကြောင်း စီမံကိန်းတာဝန်ရှိသူထံမှ သိရသည်။

**ကျော်ဌေး (ညောင်ဦး)**

# ဒါးသိုင်းချောင်းကူးတံတား ပြုပြင်ရန် ပျက်စီးမှုအခြေအနေများအား တာဝန်ရှိသူများစစ်ဆေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၇**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက် ဆက်သွယ်ထားသော ဒါးသိုင်းချောင်းကူးတံတား၏ ကြမ်းခင်းနှင့် အောက်ခံ ဘေလီသံပေါင်များ ပျက်စီးနေမှု အခြေအနေများကို ပိုင်ကျုံမြို့အုပ်ချုပ်ရေးမှူး၊ ပိုင်ကျုံမြို့လမ်းဦးစီးဌာနမှူးနှင့် နယ်မြေခံရဲစခန်းမှူးတို့က အောက်တိုဘာ ၁၄ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဒါးသိုင်းချောင်းကူးတံတားသည် အရှည် ၁၁၉ ပေရှည်ပြီး တံတား၏ P-12 နှင့် P-13 အပိုင်းကြားရှိ ကြမ်းခင်းနှင့် အောက်ခံဘေလီသံပေါင်များ ပြုတ်ထွက်ပျက်စီးခြင်းဖြစ်၍ ယာဉ်များဖြတ်သန်းသွားပါက အန္တရာယ်ဖြစ်ပေါ်လာနိုင်သဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခြင်းဖြစ်ကာ စစ်ဆေးပြီးနောက် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီအချိန်မှစ၍ တံတားပေါ်၌ လူနှင့် ဆိုင်ကယ်သာ ဖြတ်သန်းခွင့်ပြုထားပြီး ကားများသွားလာမှုကို ယာယီပိတ်ထားကြောင်းနှင့် ယင်းနေ့ ညနေပိုင်းမှစ၍ လမ်းဦးစီးဌာနက ပြုပြင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး (ဘားအံ)**

# တရားမဝင်သယ်ဆောင်သူများထံမှ သိမ်းဆည်းရမိရသော အောက်ချင်းငှက်ကိုးကောင်ကို ရေထိန်းတော မန်းကြိုးဝိုင်းပြင် သဘာဝတောတွင်းသို့ပြန်လွှတ်ပေး

**ဇဖဲ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် တိုင်းတားကျေးရွာလမ်းပေါက်အနီး၌ အောက်တိုဘာ ၈ ရက်က တရားမဝင် သယ်ဆောင်လာသူထံမှ သိမ်းဆည်းရမိသော အောက်ချင်းငှက်ကိုးကောင်ကို ဇဖဲမြို့နယ် ဂုတ်ကြီးရေထိန်းတော မန်းကြိုးဝိုင်းပြင်တွင် အောက်တိုဘာ ၁၅ ရက်က



ပြန်လွှတ်ပေးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

"အောက်တိုဘာ ၁၄ ရက်က အောက်ချင်းငှက်ကိုးကောင်ကို ထိန်းသိမ်းထားဖို့ မင်းတုန်းမြို့ကနေ လာရောက်ပို့ဆောင်ထားခဲ့ပါတယ်။ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းမှာတော့ ရိုးမအလင်းတန်းအဖွဲ့က ကိုဆလိုင်းရန်နောင်ထွန်း၊ ဂုတ်ကြီးကျေးရွာဒေသခံတွေနဲ့အတူ ဇဖဲမြို့နယ် နတ်ရေကန်တောင်ဒေသ၊ ဂုတ်ကြီးရေထိန်းတောအတွင်း မန်းကြိုးဝိုင်းပြင်မှာ ငှက်တွေကို သဘာဝအတိုင်း ပြန်လည်ရှင်သန်နိုင်ဖို့ လွှတ်ပေးခဲ့ပါတယ်" ဟု ဇဖဲမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးအောင်မင်းသူက ပြောသည်။

အောက်ချင်းငှက်များ ဖမ်းဆီးရမိခြင်း၊ သဘာဝတောတွင်း ပြန်လွှတ်ပေးခြင်းလုပ်ငန်းများအပေါ် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ထောက်ခံအားပေးမှုများစွာရခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံးက အောက်ချင်းငှက်ကဲ့သို့သော တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးလုပ်ငန်းများအပေါ် စိတ်ဝင်စားမှု မြင့်တက်လာလျက်ရှိသည်။

"အသက် ၁၄ နှစ်ရှိတဲ့ကလေးက ဆိုင်ကယ်ကယ်ရီခငွေကျပ် ၂၃၀၀၀ ရလို့ဆိုပြီး အောက်ချင်းငှက်တွေ သယ်လာတယ်။ သူက တိုင်းတားကျေးရွာကနေ မင်းတုန်းတံတားကျော်တဲ့အထိ မောင်းပို့ရတယ်လို့ ကြားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချင်းတိုင်းရင်းသားတွေနဲ့ နီးနွယ်ပတ်သက်တဲ့အောက်ချင်းငှက်တွေ သဘာဝတောတွင်းပြန်လည်ရှင်သန်နိုင်အောင် ဖမ်းဆီးပေးတဲ့သူတွေ၊ ပူးပေါင်းပါဝင်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ဇဖဲမြို့နယ် ဇင်ပြွန်းကျေးရွာနေ အရှိုချင်းတိုင်းရင်းသူ မပန်းအိစံက ပြောသည်။

အောက်တိုဘာ ၈ ရက် ည ၇ နာရီခွဲခန့်က မင်းတုန်းမြို့နယ်မှ ပြည်မြို့ဘက်သို့ ပို့ဆောင်ရန် ခြင်းများဖြင့် ထည့်ယူလာသော အောက်ချင်းငှက်ကိုးကောင်ကို သယ်ဆောင်လာသူနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပိုင်ရှင်ဆိုသူနှစ်ဦးကို မင်းတုန်း မြို့မရဲစခန်းတွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေး၊ သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျတု (မကွေး)**

## မှုခင်းသတင်းတိုများ

### ဆိုင်ကယ်ဖြင့် နောက်မှဝင်တိုက်မိ၍ လမ်းလျှောက်နေသူသေဆုံး

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ရန်ကုန်-မော်လမြိုင်အဝေးပြေးကားလမ်းမပေါ်၌ အောက်တိုဘာ ၁၃ ရက် ည ၁၀ နာရီခန့်က လမ်းလျှောက်နေသူတစ်ဦးအား နောက်မှ ဆိုင်ကယ်ဖြင့်ဝင်တိုက်မိ၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ သိမ်ဆိပ်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကိုကိုလတ်နှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ ဘီးလင်းမြို့ဘက်မှ သထုံမြို့ဘက်သို့ ယာဉ်မောင်း မောင်ကိုဝင်း(၂၀ နှစ်)မောင်းနှင်လာသည့် ဆိုင်ကယ်က လမ်းပေါ်တွင် လမ်းလျှောက်နေသူ ဦးကျော်စိုး(၅၁ နှစ်)အား နောက်မှဝင်တိုက်မိခဲ့ခြင်းဖြစ်ကာ ဦးကျော်စိုးမှာ နေရာတွင်ပင် သေဆုံးခဲ့သလို မောင်ကိုဝင်းမှာလည်း (မစိုးရိမ်ရ)ဒဏ်ရာများရရှိ၍ သိမ်ဆိပ်တိုက်နယ်ဆေးရုံမှတစ်ဆင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားပြီး သိမ်ဆိပ် နယ်မြေရဲစခန်းက မောင်ကိုဝင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ခွန် (ဝင်းပ)**

### နမ့်မတီးမြို့တွင် ရထားနှင့် ကားတိုက်မိမှုဖြစ်ပွား

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ့်မတီးမြို့ရထားနှင့် ကားတိုက်မိမှု အောက်တိုဘာ ၁၄ ရက်က ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ချမ်းငြိမ်းစည်ယာဉ်လိုင်းမှ ယာဉ်မောင်း ကိုရဲလင်းနိုင်(၂၃ နှစ်) မောင်းနှင်သော Probox ယာဉ်သည် နမ့်မတီးမြို့ သစ္စာရပ်ကွက်သို့ ကုန်ချရန်သွားရောက်စဉ် ဘူတာအဝင် သံလမ်းကူးပေါ်၌ ရုတ်တရက်စက်ရပ်သွားခဲ့၍ မြစ်ကြီးနားဘက်မှ မန္တလေးသို့ ထွက်ခွာလာသော အမှတ်(၃၈) မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားနှင့် တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသူအပါအဝင် လူတစ်ဦးတစ်ယောက်မှ ထိခိုက်မှုမရှိဘဲ ကားနောက်ပိုင်းပျက်စီးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နမ့်မတီးဘူတာရုံပိုင်ကြီး ဦးသောင်းကျော်လွင်က အမှုဖွင့်ထားကြောင်း သိရသည်။
**ကိုမင်း (အင်းတော်)**

### ဆိုင်ကယ်ကိုတိုက်မိပြီး မောင်းသွားသည့်ယာဉ် တိမ်းမှောက်မှုဖြစ်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ အောက်တိုဘာ ၁၄ ရက် ည ၁၁နာရီ ၅၅ မိနစ်ခန့်က ကိုယ်ပိုင်မော်တော်ယာဉ်တစ်စီးက ဆိုင်ကယ်တစ်စီးကို ဝင်ရောက်တိုက်မိပြီး ဆက်လက်မောင်းသွားစဉ် ယာဉ်တိမ်းမှောက်မှု ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။ သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းအတိုင်း ယာဉ်မောင်း မျိုးသက်အောင်( ၃၆ နှစ်) မောင်းနှင်လာသော ကိုယ်ပိုင်ဟွန်ဒါဖစ်ယာဉ်သည် ဘုရင့်နောင်လမ်းထိပ်အနီးအရောက်တွင် မျက်နှာချင်းဆိုင်မှ ဆိုင်ကယ်(ကယ်ရီ)မောင်းသူ ကိုသူရမောင်းနှင်လာပြီး နောက်မှ ဦးခင်မောင်မြင့်လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ပေါ်ပါသူများမှာ ဒဏ်ရာများရရှိ၍ သန်လျင်အထွေထွေဆေးရုံ၌ အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် ဆေးကုသလျက်ရှိကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပြီးနောက် ဟွန်ဒါဖစ်ယာဉ်မောင်းမှာ ဆက်လက်မောင်းနှင်သွားစဉ် ဘုရားကုန်းကျေးရွာအုပ်စု ပိတုန်းစမ်းကျေးရွာအနီး၌ လမ်း၏ညာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့၍ ယာဉ်မောင်း မျိုးသက်အောင်တွင် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သန်လျင်မြို့မရဲစခန်းက ယာဉ်မောင်း မျိုးသက်အောင်အား အမှုဖွင့်ထားသည်။ **သက်ခိုင် (သန်လျင်)**

### လင်မယားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကွင်းကြီးကျေးရွာ၌ လင်မယားချင်း စကားများရန်ဖြစ်ရာမှာ ယောကျ်ားဖြစ်သူက ဓားဖြင့်ခုတ်၍ ဇနီးသည်သေဆုံးမှု အောက်တိုဘာ ၁၅ ရက်က ဖြစ်ပွားခဲ့သည်။ အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီခန့်က အဆိုပါကျေးရွာနေ အောင်မြင့်သိန်း၏ နေအိမ်မီးဖိုချောင်အတွင်း၌ အောင်မြင့်သိန်း၏ ဇနီးဖြစ်သူ ဒေါ်မြဌေးမှာ ဓားဒဏ်ရာသုံးချက်ဖြင့် သေဆုံးနေကြောင်း တိုင်ချက်အရ သုံးခွနယ်မြေရဲစခန်းမှူး ရဲမှူးအောင်အောင်နှင့်အဖွဲ့က စစ်ဆေးရာ အောင်မြင့်သိန်းသည် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြဌေးနှင့် လင်မယားချင်းစကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူအား အောင်မြင့်သိန်းက အရိုးအသွား ၁၈ လက်မခန့်ရှိ ဓားဦးချွန်နှင့်ခုတ်သဖြင့် ဒဏ်ရာများရရှိပြီး သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ဇနီးအား ဓားဖြင့်ခုတ်သူ အောင်မြင့်သိန်းအား ယင်းနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် ဖမ်းဆီးရမိသဖြင့် သုံးခွဲနယ်မြေရဲစခန်း၌ အမှုဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှမင်းထွဋ်**

## ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲကျင်းပ

**သဲကုန်း အောက်တိုဘာ ၁၇**

သဲကုန်းမြို့ ရပ်ကွပ်(၄)ရွှေဘုန်းရှိန်ဘုရားလမ်းရှိ တပ်မြောက်ကျောင်းဝင်းအတွင်း၌ ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲကို အောက်တိုဘာ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် ဦးကဥ္စနာဒိစ္စက သြဝါဒစကားမိန့်ကြားပြီး ဆရာတော် ဦးဣန္ဒကက ဓမ္မစကူးလ်သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက ကျေးဇူးတင်စကား လျှောက်ထားခဲ့ပြီး ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းက သင်တန်းဖြစ်မြောက်ရေးအတွက် ငွေကျပ် ၅၀၀၀၀ နှင့် အထက် လှူဒါန်းသည့် အလှူရှင် ၁၀ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီမှ ၃နာရီအထိ သင်တန်းသား၊ သင်တန်းသူ ၄၀၀ ခန့်အား မြို့နယ်ပညာရေးဌာနမှ ဆရာ ဆရာမ ၂၂ဦး၊ စေတနာ့ဝန်ထမ်း ဆရာ ဆရာမ ၂၀ တို့က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ပထမကမ္ဘာစစ်အတွင်း ပါဝင်အမှုထမ်းခဲ့သူများအတွက် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်တိုင်ဖွင့်ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပမည်



**ဖလမ်း အောက်တိုဘာ ၁၇**

ပထမကမ္ဘာစစ်ဖြစ်ပွားချိန် ၁၉၁၇ ခုနှစ်တွင် ဗြိတိသျှအစိုးရအား စစ်အတွင်းကူညီရန် ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ လုမ်ဘန်းတိုက်နယ်မှ လူငယ်သူရဲကောင်း ၁၅၂ ဦးတို့ ပြင်သစ်စစ်မျက်နှာပြင်သို့ သွားရောက်အမှုထမ်းခဲ့သည့် နှစ် ၁၀၀ ပြည့်အဖြစ် ဘိုးဘွားသူရဲကောင်းများအား ဂုဏ်ပြုသည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်တိုင်ဖွင့်ပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း ကျောက်တိုင်ဖွင့်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

"အခုလိုမျိုး ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အမြင့် ကိုးပေခွဲရှိတဲ့ ကမ္ပည်းမော်ကွန်းကျောက်တိုင်အပြင် မှတ်တမ်းကျောက်စာတိုင်လေးတွေကို လုမ်ဘန်းကျေးရွာထိပ် ရှုခင်းသာတဲ့နေရာလေးမှာ စိုက်ထူထားပါတယ်။

ကျောက်စာတိုင်မှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ချင်းတိုင်းရင်းသားစာပေတွေနဲ့ကမ္ပည်းရေးထိုးထားပါတယ်။ လုမ်ဘန်းကျေးရွာ ပြည်သူတွေရဲ့ဆန္ဒနဲ့ ဘိုးဘွားသူရဲကောင်း ၁၅၂ ဦးတို့အတွက် ဂုဏ်ပြုချင်လို့ အခုလို ကျောက်တိုင်စိုက်ထူခြင်းဖြစ်ပါတယ် " ဟု ကျောက်တိုင်ဖွင့်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တိုက်ပွဲအတွင်းကျဆုံးခဲ့သူများ၏အုတ်ဂူများကို ယနေ့အထိ ပြင်သစ်နိုင်ငံစစ်သင်္ချိုင်းတွင် တွေ့မြင်နေရဆဲဖြစ်ကြောင်း၊ ဘိုးဘေးတို့၏ ကြမ်းတမ်းခက်ထန်သောခရီးစဉ်နှင့် ယင်းတို့၏ ရွပ်ရွပ်ချွံချွံစွမ်းဆောင်ချက်များသည် ချင်းပြည်နယ်အတွက် အရေးကြီးသည့်သမိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ပထမကမ္ဘာစစ်အတွင်း ဦးဆောင်ပါဝင်ခဲ့သည့် လုမ်ဘန်းတိုက်နယ်သူကြီး ဦးလှုရ်မွှန်း(IDSM, ATM, BEM)သည် ချင်းတိုင်းရင်းသားကိုယ်စားလှယ်အဖြစ် ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သူ ဝဏ္ဏကျော်ထင်ဦးလှုရ်မွှန်းဖြစ်ကြောင်း ချင်းသမိုင်းသုတေသီဆလိုင်ဗန်ကျုံးလျန်(ယူကေ)၏ ပြောပြချက်အရ သိရသည်။
**နေစု (ချင်းရိုးမ)**

## မြေပဲ (လုံးဆန်)များ တရုတ်ဝယ်လိုအားကြောင့် ဈေးများမြင့်တက်

**မန္တလေး အောက်တိုဘာ ၁၇**


ယခုရက်ပိုင်းအတွင်း ရာသီပေါ် မိုးစိုက် သီးနှံဖြစ်သည့် မြေပဲ(လုံးဆန်)များ တရုတ်နိုင်ငံမှ ဝယ်လိုအားကြောင့် ဈေးများမြင့်တက်လာကြောင်း မန္တလေးဈေးကွက်မှ သိရသည်။

အဆိုပါ မြေပဲကို ဇူလိုင်လက စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အခု အောက်တိုဘာ လလယ်ပိုင်းတွင် လှိုင်လှိုင်ပေါ် လာခဲ့ခြင်းဖြစ်ရာ ပေါ်ဦးပေါ်ဖျားမှာပင် ဈေးကောင်းရရှိသဖြင့် တောင်သူများ ပျော်ရွှင်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"မနှစ်က ဒီလိုအချိန်မှာ ပဲဈေးကောင်းရခဲ့ပေမယ့် ဒီနှစ်ဈေးလောက်မရခဲ့ဘူး။ ဒီနှစ်က အဖွင့်ဈေးက ကောင်းလာတဲ့အပြင် အခုဆို တရုတ်ဝယ်လက်တွေက ရသလောက် ဝယ်ယူနေကြတယ်။ ဒီသီးနှံက သူတို့ဆီက မုန့်လုပ်ငန်းတွေမှာ ထည့်သွင်းအသုံးပြုကြတဲ့အပြင် အခြားစားသောက်ကုန်အဖြစ်လည်း ပြောင်းလဲထုတ်လုပ်ပြီး တင်ပို့ရောင်းချနေတယ်လို့ သိရတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း သူတို့လို နည်းပညာတွေနဲ့ ထုတ်လုပ်နိုင်မယ်ဆိုရင် တောင်သူတွေအတွက် ပိုပြီးအကျိုးဖြစ်ထွန်းလာနိုင်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် မြေပဲ(လုံးဆန်) အဖြူဈေးနှုန်းမှာ အောက်တိုဘာ ၁၆ ရက် ပေါက်ဈေးအရ တစ်ပိဿာလျှင် ငွေကျပ် ၂၆၅၀ ဈေးအထိ ရောက်ရှိလာပြီး မြေပဲ(လုံးဆန်)အနီ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀ ဈေးအထိ ဈေးပေးဝယ်ယူနေကြသည်။

မန္တလေးဈေးကွက်သို့ ရောက်ရှိလာသော မြေပဲဆန်များအနက် မန္တလေးတိုင်းဒေသကြီး မြောင်နှင့် မြင်းမူမြို့နယ်တို့မှ ထွက်ရှိလာသော



မြေပဲဆန်များကို ဦးစားပေးဝယ်ယူလျက်ရှိပြီး ကျောက်ပန်းတောင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။
**မင်းထက်အောင် (မန်းကိုယ်ပွား)**

# အရှေ့တောင်အာရှနှင့် ဂျပန် လူငယ်သင်္ဘောခရီးစဉ်တွင် မြန်မာကျောင်းသားများ လိုက်ပါမည်

**ရန်ကုန် အောက်တိုဘာ ၁၇**
(၄၄)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန် လူငယ်သင်္ဘောခရီးစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ကျောင်းသားကျောင်းသူများလည်း လိုက်ပါကြမည်ဖြစ်ရာ လိုက်ပါမည့် ကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၂၂ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံနှင့် ဂျပန် လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရန် ရည်ရွယ်၍ ဂျပန်အစိုးရနှင့် အာဆီယံအစိုးရများ ပူးပေါင်းစီစဉ်သည့် အဆိုပါ လူငယ်သင်္ဘောခရီးစဉ်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၂၈ ဦးကို မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် စိစစ်ရွေးချယ်ထားပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့တွင် ကျောင်းသား ၁၄ ဦး၊ ကျောင်းသူ ၁၄ ဦးနှင့် ခေါင်းဆောင်တစ်ဦး အပါအဝင် အဖွဲ့ဝင် ၂၉ ဦး ပါဝင်သည်။

နိုင်ငံကိုယ်စားပြုအဖွဲ့ ရွေးချယ်မှုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောခိုင်က "ပထမဦးဆုံးကတော့ 4 Skill Written ဖြေခိုင်းတယ်။ အဲဒီရတဲ့အပေါ်မူတည်ပြီးတော့မှ အင်တာဗျူးလုပ်တယ်။ ပြီးတော့မှ အကောင်းဆုံးတွေထဲက အကောင်းဆုံးကို ရွေးထုတ်ပြီးတော့မှ လေ့ကျင့်ပေးတာပါ ဟုပြောကြားသည်။ အဆိုပါသင်္ဘောခရီးစဉ်မှာ ၅၂ ရက်ကြာမြင့်မည်ဖြစ်ပြီး ခရီးစဉ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဂျပန်နိုင်ငံတို့ရှိ ဆိပ်ကမ်းများ၌ ဆိုက်ကပ်သွားမည်ဖြစ်သည်။

ခရီးစဉ်တွင် မြန်မာနိုင်ငံ National Leader အနေဖြင့် တာဝန်ယူဆောင်ရွက်မည့် ရန်ကုန်နည်းပညာတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ကထိက ဒေါ်လီလီအောင်က ခရီးစဉ်အတွင်း တင်ဆက်ပြသမည့် ယဉ်ကျေးမှုအကြောင်းအရာများနှင့်ပတ်သက်၍ နိုင်ငံအလိုက် ယဉ်ကျေးမှုတွေဖလှယ်တဲ့ တင်ဆက်ပြသမှုလေးလုပ်မှာပါ။ ၁ နာရီ ၁၅ မိနစ်ကြာ တင်ဆက်ရမှာဆိုတော့ ကိုယ့်နိုင်ငံအကြောင်းကိုပြောထားတဲ့ ဗီဒီယိုကလစ်ကလေးတွေ၊ ယဉ်ကျေးမှုကိုပြနိုင်တဲ့ ပြဇာတ်လေးတွေ၊ မြန်မာ့ရိုးရာအကတွေကို တင်ဆက်မှာပါ။ ပြဇာတ်ကတော့ ဗျတ္တ၊ မယ်ဝဏ္ဏဇာတ်လမ်းလေးကို တင်ဆက်သွားမှာပါ"ဟု ပြောကြားသည်။

လူငယ်ခေါင်းဆောင်အဖြစ်တာဝန်ယူထားသူ မောင်အားမာန်ကလည်း တင်ဆက်မှုများအကြောင်းနှင့်ပတ်သက်၍ "ဒီခရီးစဉ်က ဂျပန်ရယ်၊ အာဆီယံဆယ်နိုင်ငံက လူငယ်တွေအကုန်လုံးကို ပေါင်းစည်းပြီးတော့ အချင်းချင်းနားလည်အောင် ဗဟုသုတတွေဖလှယ်မယ်။ အတွေးအခေါ်တွေ ဖလှယ်မယ်။ အဲဒီအတွက် ရည်ရွယ်ထားတဲ့ အစီအစဉ်ဖြစ်ပါတယ်။ သင်္ဘောပေါ်မှာလုပ်ရမှာက လူငယ်တွေကို ခေါင်းစဉ်တွေ ခွဲပေးထားပါတယ်။ ခေါင်းစဉ်ပေါင်း ရှစ်ခုရှိပါတယ်။ အင်ဂျင်နီယာအကြောင်းတွေ၊ ဆေးပညာအကြောင်းတွေပါမယ်။ လူမှုနေထိုင်မှုဘဝအကြောင်းတွေ၊ ဘယ်လိုနေထိုင်ရမယ်ဆိုတဲ့အကြောင်းတွေပါပါတယ်။ အဲဒီခေါင်းစဉ်တွေပေါ်လိုက်ပြီး ၁၁ နိုင်ငံက လူငယ်တွေက ဆွေးနွေးကြမယ်။ အချင်းချင်းဖလှယ်ကြမယ်။ ပြီးတော့ အတွေးအခေါ်သစ်တွေ ထုတ်ကြမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။



မြန်မာနိုင်ငံကိုယ်စားပြု ကျောင်းသားကျောင်းသူများ ရန်ကုန်မြို့ စိန်ရတုခန်းမ၌ မြန်မာ့ရိုးရာအက ဝတ်စုံပြည့်လေ့ကျင့်စဉ်

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်သင်္ဘောခရီးစဉ်သည် ၁၉၇၄ ခုနှစ်ကပင် စတင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၉၈ ခုနှစ်တွင်မှ ပါဝင်ခဲ့ကာ ပညာရေးဝန်ကြီးဌာနအနေဖြင့် (၁၈)ကြိမ်မြောက်မှ စတင်၍ တာဝန်ယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# မန္တလေး ကထိန်သင်္ကန်းဈေးကွက်တွင် ထိုင်းနိုင်ငံထုတ်သင်္ကန်းများ အရောင်းသွက်

**မန္တလေး အောက်တိုဘာ ၁၇**
ယခုနှစ် မန္တလေး ကထိန်သင်္ကန်းဈေးကွက်တွင် အသစ်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံထုတ် ချည်သားဖြင့် ရက်လုပ်ထားသော ကြာပိုးအိမ်သင်္ကန်းများ အရောင်းသွက်လျက်ရှိကြောင်း သင်္ကန်းအရောင်းဆိုင်များမှ သိရသည်။

ချမ်းအေးသာစံမြို့နယ်ရှိ စိန်နှင့်မြသင်္ကန်းရောင်းဝယ်ရေးမှ ဒေါ်ငွေးငွေးယဉ်က ဈေးကွက်၌ ကြာပိုးအိမ်သင်္ကန်များအပြင် အမေရိကန်နိုင်ငံထုတ် ဝါးသင်္ကန်းများ၊ ဂျပန်ဘိုမ မာတင်သင်္ကန်းများ၊ စူပါကင်းသင်္ကန်းများမှာလည်း အရည်အသွေးကောင်းမွန်သဖြင့် ဝယ်ယူလှူဒါန်းမှု များပြားနေကြောင်း ပြောသည်။

"အခုနောက်ပိုင်းမှာ အလှူရှင်တွေက သံဃာတော်တွေအတွက် အရည်အသွေးကောင်းမွန်တဲ့ သင်္ကန်းတွေကိုပဲ ရွေးချယ်ပြီး လှူဒါန်းလာကြတယ်။ ဂျပန်နိုင်ငံထုတ် ဘိုမမာတင်သင်္ကန်းက အရည်အသွေးလည်းကောင်းတယ်။ မာတင်သားနဲ့ချုပ်ထားတဲ့အတွက် ပေါ့ပါးပြီး သံဃာတော်တွေရုံရတာ လွယ်ကူတဲ့အပြင် လျှော်ဖွပ်ပြီးရင်လည်း ခဏလေးနဲ့ ခြောက်သွေ့သွားတယ်။ ဒါကြောင့် ဒီသင်္ကန်းကို အများဆုံး ရွေးချယ်ဝယ်ယူလှူဒါန်းကြတာပါ။ အမေရိကန်ထုတ် ဝါးသင်္ကန်းကတော့ အထူးကောင်းမွန်တဲ့အတွက် ဆရာတော်ကြီးတွေကို အမွန်အမြတ်ထားပြီး လှူဒါန်းကြတယ်။ စူပါကင်းသင်္ကန်းနဲ့ အီတလီနိုင်ငံထုတ် ပိုးသင်္ကန်းတွေလည်း ရောင်းအားကောင်းကြပါတယ်" ဟု ၎င်းကပြောသည်။

ထို့အပြင် ကထိန်ခင်းရန် အချိန်မီမပြင်ဆင်နိုင်ကြသူများအတွက် မိုးပေါ်ကျကထိန်လှူဒါန်းနိုင်ရန် သင်္ကန်းနှင့် ပရိက္ခရာအစုံပါဝင်သည့် ကြိမ်ခြင်းများလည်း ပြုလုပ်



ထားရှိကာ ပါဝင်သည့်ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ကျပ် ၁၅၀၀၀ မှ ကျပ် ၂၅၀၀၀ အထိ ဈေးနှုန်းများရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

သင်္ကန်းဈေးကွက်အတွင်း လက်ရှိ သင်္ကန်းဈေးနှုန်းများအနေဖြင့် ကြာပိုးအိမ်သင်္ကန်း ဒွိစုံတစ်စုံလျှင် ကျပ် ၄၅၀၀၀၊ ဂျပန်ဘိုမ မာတင်သင်္ကန်း ကျပ် ၃၀၀၀၀၊ စူပါကင်းသင်္ကန်း ကျပ် ၄၅၀၀၀၊ ကိုရီးယားနိုင်ငံထုတ် သရီးရိုင်ဖယ်သင်္ကန်း ကျပ် ၁၃၀၀၀ ၊ ဘိုမ (၇၇၇) တံဆိပ် ကျပ် ၂၅၀၀၀ ၊ လိပ်ပြာမာတင်သင်္ကန်း ကျပ် ၂၂၀၀၀၊ အီတလီပိုးသင်္ကန်း ကျပ် ၅၅၀၀၀ ဈေးနှုန်းများရှိပြီး အမေရိကန်နိုင်ငံထုတ် ဝါးသင်္ကန်းမှာ ကျပ် ၁၂၀၀၀၀ နှင့် အင်းလေးကြာချည်သင်္ကန်းမှာ တစ်စုံလျှင် ငွေကျပ် သိန်း ၂၀ အထိ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေမျောပါသွားခဲ့သည့် ဆောမြို့ ခွင်းချောင်းတံတား ပြန်လည်ပြုပြင်ပြီး၍ သွားလာရေးအဆင်ပြေ

**ဆော အောက်တိုဘာ ၁၇**
ဂန့်ဂေါခရိုင် ဆောမြို့နှင့် ခွင်းချောင်းကျေးရွာသွားလမ်းပေါ်ရှိ ဆောချောင်းကူး ခွင်းချောင်းလူကူးတံတားမှာ စက်တင်ဘာလအတွင်း ဆောမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ချောင်းရေမြင့်တက်ခဲ့စဉ်က ရေတိုက်စားသဖြင့် ဆောမြို့ဘက်ခြမ်း အလျား ၂၀ ပေခန့် မျောပါပျက်စီးခဲ့ရာ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

အဆိုပါ တံတားမှာ ၂၀၁၄-၂၀၁၅ ခုနှစ် အခွန်လိုင်စင်ကြေးငွေ ကျပ်ငါးသန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်၍ အလျားပေ ၇၀၊ အနံ ၅ ပေ၊ အမြင့် ၁၅ ပေရှိ လူကူးတံတားဖြစ်ကာ ရေတိုက်စားသဖြင့်ပျက်စီးသော ခန့်မှန်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၀ သိန်းခန့်ရှိမည်ဟု သိရသည်။ ပျက်စီးသွားသည့် အဆိုပါတံတားကို ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်ခဲ့ရာ အောက်တိုဘာ ၁၄ ရက်က လုပ်ငန်းများပြီးစီးခဲ့သဖြင့် ယခုအခါ ဒေသခံပြည်သူများအနေဖြင့် ဆက်သွယ်သွားလာရေး ပြန်လည်အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။ **(၁၀၁)**





# စစ်တွေကမ်းခြေတွင် အပန်းဖြေအနားယူသူများ စည်ကားများပြား

**စစ်တွေ အောက်တိုဘာ ၁၇**
ရခိုင်ပြည်နယ် စစ်တွေမြို့၏ အဓိကကမ်းခြေဖြစ်သော စစ်တွေဟိုတယ်ကမ်းခြေ၌ စနေ၊ တနင်္ဂနွေရက်များနှင့် အခါကြီးရက်ကြီး အများပြည်သူရုံးပိတ်ရက်များတွင် စစ်တွေမြို့နှင့် အနီးပတ်ဝန်းကျင်မြို့များမှ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

စစ်တွေကမ်းခြေရှိ Lucky Point စားသောက်ဆိုင်ပိုင်ရှင် ဦးဝင်းလှိုင်က "ဒီလို စနေ၊ တနင်္ဂနွေရက်မျိုးနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ တစ်နေကုန် ရောင်းကောင်းပါတယ်။ နံနက် ၉ နာရီကနေ ညဦးပိုင်းထိပေါ့။ အခုက ပုံမှန်အပန်းဖြေလာရောက်သူတွေအပြင် အဝေးသင်တက္ကသိုလ်စာမေးပွဲ ဖြေခါနီးပြီဆိုတော့ စာမေးပွဲလာရောက်ဖြေဆိုကြတဲ့ ကျောင်းသား ကျောင်းသူတွေလည်း အများဆုံးလာကြတယ်၊ အစည်ကားဆုံးအချိန်ကတော့ ညနေ ၃နာရီကနေ ၆ နာရီကြားပါ၊ အဲဒီအချိန်တွေက အခြားအချိန်တွေ ထက်ပိုပြီးစည်ကားပါတယ်"ဟု ပြောသည်။

ကမ်းခြေသို့ လာရောက်လည်ပတ်သည့် စစ်တွေမြို့နေ အဝေးသင်ကျောင်းသူ မသက်စုမွန်က "ကျွန်မက စစ်တွေကပါ။ သူငယ်ချင်းတွေကတော့ မြေပုံမြို့ကပါ။ အဝေးသင်စာမေးပွဲဖြေဖို့ ရောက်လာကြတာပါ။ စာကျက်ပြီး ညနေအားတဲ့အချိန်လေး ဒီမှာလာပြီးတော့ ရေကစားတာပါ။ သူငယ်ချင်းတွေနဲ့လည်း မဆုံတာကြာပြီ။ ဒီကမ်းခြေလေးကိုတော့ အလွန်သဘောကျပါတယ်၊ အမြဲတမ်းလည်းလာဖြစ်ပါတယ် ပျော်စရာလည်းကောင်းပါတယ်"ဟု ပြောသည်။

စစ်တွေကမ်းခြေသို့ လာရောက်လည်ပတ်သူများအနေဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့များအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းသော်လည်းကောင်းလာကြပြီး ရေကစားခြင်း၊ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ခြင်း၊ ဆိုင်ကယ်စီးခြင်းတို့ဖြင့် အပန်းဖြေအနားယူကြသည်။ စစ်တွေမြို့ခံများသာမက အနီးပတ်ဝန်းကျင်မြို့များဖြစ်သည့် ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များမှ မော်တော်ယာဉ်များဖြင့်လာရောက်၍ အပန်းဖြေအနားယူကြသူများကိုလည်း တွေ့ရပြီး အထူးသဖြင့် တနင်္ဂနွေနေ့တွင် စစ်တွေမြို့ခံများ မြို့လုံးကျွတ်နီးပါး လာရောက်နေကြသည့်အတွက် ကမ်းလုံးပြည့်မျှ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**ဟန်လင်းနိုင်၊ ဓာတ်ပုံ- အောင်ကျော်ဦး**

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ အောက်တိုဘာလ ၂၈၊ ၂၉ (၈၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ ၂၀ ရက်တွင် စတင်လက်ခံ၍ အောက်တိုဘာလ ၂၈၊ ၂၉ ရက်များတွင် ၈၅-ကြိမ်မြောက် ဦးရေ (၁၀၇၂၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ မြည်သာသာ၊ ရန်ကင်း။** (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - **အရှင်စေမသိရိလင်္ကာရ (Account No. 007-50100701690301)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## 'မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအရည်အသွေးကို တိုးတက်စေခြင်း'

**FREE Admission**
ဝင်ရောက်ခွင့် အခမဲ့



INTERMACH MYANMAR — Your Key to Better Business

**MANUFACTURING Myanmar 2017**

Friday - Sunday
**20-22 OCTOBER 2017**
MEP at Mindama YANGON

**Myanmar's Largest International Manufacturing Machinery, Equipment, Materials, Services and Subcontracting Event**

မြန်မာနိုင်ငံ၏ အကြီးဆုံး နိုင်ငံတကာ ကုန်ထုတ်လုပ်ရေးစက်ပစ္စည်းများ၊ ကိရိယာ၊ ကုန်ကြမ်းပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းအစိတ်အပိုင်း အပ်နှံမှုဆိုင်ရာအခမ်းအနား

Organised by / စီစဉ်သည်: UBM

Supported by / ထောက်ပံ့ပေးသည်: Ministry of Industry SMEs Development Department; MIA; Myanmar Engineering Society

Incorporating / ပူးပေါင်းဆောင်ရွက်သည်: TOOLS & HARDWARE Myanmar 2017

Co-located with / အတူတကွ ကျင်းပသည်: SUBCON MYANMAR

**UBM Myanmar**
Tel: +95 1512 887 (Ext: 503)
Fax: +95 1513 519
- www.intermachmyanmar.com
- www.manufacturingmyanmar.com

Please note: Open to trade professional only. Minors below the age of 16 years are **NOT** allowed admission.
အသက် (၁၆)နှစ်အောက်ရှိသူများကို ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

---



**JEWEL HOTEL Yangon**

**ဂျူးဝဲလ်ဟိုတယ်**
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
မြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar. Tel: 951 541051, 541565, 549345 Fax: 951 543174

---

**နေရာကောင်းငှားမည်**

မရမ်းကုန်းမြို့နယ်၊ အင်းစိန်လမ်းမကြီး၊ သမိုင်းလမ်းဆုံ၊ City Mart မျက်စောင်းထိုး (၂၂ × ၅၀) ပေရှိ နှစ်ထပ် လုံးချင်းတိုက်သစ်၊ Showroom၊ စားသောက်ဆိုင်နှင့် လုပ်ငန်းအစုံ လုပ်ကိုင်နိုင်သော နေရာကောင်းငှားမည်။

**Ph : 09- 5161329 / 09 - 785117384**

---

**ဆရာကျော်** **"ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"**

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။

**Ph : 09-512-1284, 09-420-707802, 09-250-066210**

---

**ရောင်းရန်ရှိသည်(ညှိနှိုင်းဈေး)**

ဆက်သွယ်ရန် -012316996,2316997,2316998,09428818855

(၁) လှိုင်သာယာစက်မှုဇုန် (ဇုန် – ၄) ဝက်မစွတ်ဝန်ထောက်လမ်း( 286'×333') ၂. ၁၄၈ ဧက

(၂) သာကေတမြို့နယ် Capital ရှေ့၊ ကျောက်တိုင်မှတ်တိုင်အနီး
မြေကွက် (63'×106') ၀. ၁၅၄ ဧက
မြေကွက် (63'×100') ၀. ၁၄၅ ဧက

(၃) ဗိုလ်မြတ်ထွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်
မြေညီထပ် (ထပ်ခိုးအပြည့်ပါ) ( 25'×58') အမြင့် 19'

(၄) ပဒေသာလမ်း၊အလုံမြို့နယ် ( 27'×58')ခန့် ၀. ၀၃၆ ဧက

---

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

---

**Galaxy Software**

**Galaxy Software Co., Ltd.**

**HotelPro®**
ဟိုတယ်လုပ်ငန်းသုံး ကွန်ပျူတာစနစ်

**iStock®**
ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်

**CaféPOS®**
စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်







| | | |
|---|---|---|
| YANGON | No.29B, 1st Floor, New University Avenue Road, Bahan Township, Yangon. | 09 420 90 9100, 09 254 1515 16 |
| MANDALAY | No.Da 11/49 A, 64 Street, (Bet 39 St. x 40 St.), Mahar Aung Myae Township, Mandalay. | 09 4400 67 577, 09 97 8030 881 |
| NAY PYI TAW | N0.626, Padauk 3 Street, Thapyay Kone Ward, Zabuthiri Township, Nay Pyi Taw. | 09 97 4432 762, 09 97 4432 763 |
| PATHEIN | No.1493, Tatargyitan Lanthit Street, No.3 Zone, Pathein. | 09 4550 42 499, 09 4550 42 500 |
| TAUNGGYI | N0.G /105, Mya Myintzu Thama Apartment, Nyaung Phyu Sa Kan Quarter, Taunggyi. | 09 444 200 771, 09 444 200 772 |
| MYEIK | No. 98, 3rd Floor, (c) St., Kan Gyi Ward, Myeik. | 09 9550 42 498, 09 9550 42 499 |

www.galaxy.com.mm HOT LINE 09 43 209 550

Copyright©Galaxy Software Co., Ltd. All rights reserved.

# ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်း



**စစ်တွေ အောက်တိုဘာ ၁၇**

ကုလသမဂ္ဂနိုင်ငံရေးရာ ဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းသည်။ **(ယာပုံ)**

ကုလသမဂ္ဂနိုင်ငံရေးရာ ဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻

# မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲပြုလုပ်၊ ပြည်သူထောင်ချီတက်ရောက် ဆုတောင်းမေတ္တာပို့သ




ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲ အခမ်းအနားကျင်းပစဉ်

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**ရန်ကုန် အောက်တိုဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန်ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ အင်းလျားကန်ပေါင်၌ကျင်းပရာ ဘာသာပေါင်းစုံမှ ပြည်သူထောင်ချီတက်ရောက်၍ ဆုတောင်းမေတ္တာပို့သကြသည်။

ယနေ့ ညနေ ၆ နာရီတွင် ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များက ငြိမ်းချမ်းရေး ဖယောင်းတိုင်ထွန်းညှိ၍ အဆိုပါ အခမ်းအနားကို ဖွင့်လှစ်ပေးလိုက်သည်။ ထို့နောက် ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့၊ အစ္စလာမ်ဘာသာအဖွဲ့၊ ဟိန္ဒူဘာသာအဖွဲ့၊ မဟာယာနဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယာန်ဘာသာအဖွဲ့တို့က

*စာမျက်နှာ ၁၀ ကော်လံ ၁* ❄

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းပြီး မုန်တိုင်းငယ်ဖြစ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ စစ်တောင်းမြစ်ရှိ တောင်ငူမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊

# ရန်ကုန်မြို့ အိမ်နောက်ဖေးလမ်းကြား ပန်းခြံများအကောင်အထည်ဖော်မှု

## ပြည်သူများပူးပေါင်းပါဝင်ရန် အမှန်တကယ်လိုအပ်နေ

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

ယနေ့ကာလ ရန်ကုန်မြို့သည် စီးပွားရေးအချက်အချာကျမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုမှာ ရှေးယခင်နှစ်များထက် ယနေ့ခေတ်ကာလတွင် ပိုမိုများပြားလာသလို လူနေထိုင်မှုနှင့် လုပ်သားအင်အားအပါအဝင် တိုးပွားများပြားလာသည်မှာလည်း နှစ်စဉ်နှင့် အမျှပင်။ ထိုကဲ့သို့ တိုးတက်ပြောင်းလဲမှုများ ရှိသကဲ့သို့ အဆိုးနှင့်အကောင်းဒွန်တွဲနေသော လောကနိယာမတွင် ယိုယွင်းပျက်စီးမှုများလည်း ရှိနေသည်မှာ အမှန် ပင်ဖြစ်သည်။ ယင်းအထဲတွင် ရန်ကုန်မြို့လူနေအိမ်နောက်ဖေး လမ်းကြားများ၌ စွန့်ပစ်အမှိုက်များ ထူထပ်များပြားမှုသည် အဓိကကဏ္ဍတစ်ရပ်အဖြစ်ပါဝင်နေသည်။





ခေတ်ကာလအလျောက် ထုပ်ပိုးမှုပိုင်းဆိုင်ရာ၊ သယ်ယူမှုပိုင်းဆိုင်ရာတွင် ပလတ်စတစ် ထုတ်ကုန်ပစ္စည်းများနှင့် ကြွပ်ကြွပ်အိတ်အမျိုးမျိုးတို့ကို လွယ်ကူစွာ အသုံးပြုနိုင်သော်လည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် လျော်ညီမှု မရှိသလို၊ ကြေပျက်လွယ်ကူစေသော အရာဝတ္ထု များမဟုတ်ခြင်းကြောင့် လူ့ဝန်းကျင် အသိုင်းအဝိုင်းတွင် သဘာဝဇီဝကမ္ဘာအပါအဝင် ကဏ္ဍပေါင်းများစွာမှ ပျက်စီးမှုများ ရင်ဆိုင်နေကြရသည်။ သာဓကအားဖြင့် ကြည့်မည်ဆိုလျှင် ရန်ကုန်မြို့တွင်း အိမ်နောက် ဖေးလမ်းကြားများက သက်သေပြနေသည်။ သို့သော် တွေ့သူဖော်စား၊ မတွေ့သူကျော် သွားဆိုသော ဆိုရိုးစကားနှင့်အညီ ပြီးခဲ့သော ၂၀၁၆ ခုနှစ်တွင် ယင်းအိမ်နောက်ဖေး လမ်းကြားများ၌ ပြည်သူများ နားခိုရှုမျှော်ဖွယ်ရာ ပန်းခြံတစ်ခုအဖြစ်သို့ ရုတ်ခြည်း ပြောင်းလဲနိုင်ခဲ့သော ကောင်းမွန်သည့်သတင်းဂယက်တစ်ခုပျံ့နှံ့ခဲ့သည်။ ယင်းမှာ တခြား မဟုတ်၊ ဒို့အိမ်ကုမ္ပဏီက စတင်ခဲ့သော အိမ်နောက်ဖေးသန့်ရှင်းသပ်ရပ်မှု လေးမှ အစပြုလာခြင်းဖြစ်သည်။ ပြောရလျှင် ရန်ကုန်မြို့တွင်း အိမ်နောက်ဖေးလမ်း ကြားများ၌ စိတ်ကြည်နူးသာယာချမ်းမြေ့စေသောပန်းခြံများ အကောင်အထည်ဖော်မှု ကို ရန်ကုန်မြို့ ၂၇ လမ်းရှိ ဒို့အိမ်ကုမ္ပဏီ နောက်ဖေးမှ စတင်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ အခုလိုအိမ်နောက်ဖေးလမ်းကြားတွေကို ပန်းခြံအဖြစ် မရည်ရွယ်ဘဲစတင်အကောင်အထည်ဖော်ဖြစ်တယ်လို့ ပြောရမှာပါ။ ကုမ္ပဏီအခန်း နောက်ကျောဘက်ကို ကုမ္ပဏီဒါရိုက်တာက သန့်ရှင်းသာယာမှုရှိအောင် လုပ်ဆောင် ရင်း အွန်လိုင်းကနေ ပြည်သူတွေအခုလို အသိများသွားတာဖြစ်ပါတယ်။ စလုပ်တုန်း ကဆိုရင် ဒီအခန်းနောက်ကျောဘက်လေးလုပ်တာတောင် ပြည်သူပါဝင်မှုက တော် တော်လေး အားနည်းခဲ့တယ်။ အဲဒါနဲ့ ဒီနောက်ဖေးလေးလည်းပြီးရော အွန်လိုင်းကနေ ပြည်သူတချို့သိသွားပြီး လမ်းသုံးလမ်းကို အခုလို သန့်ရှင်းသာယာလှပတဲ့ ပန်းခြံ အသွင်ထပ်ပြီး လုပ်ဆောင်ပေးခဲ့ပါတယ်။ အဓိကပြောချင်တာကတော့ ဒီလို လုပ်ငန်း မျိုးဆိုတာ ဝန်းကျင်နေပြည်သူ အဓိကပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ဒီနှစ်ပွင့်လင်းရာသီ မှာလည်း ရန်ကုန်မြို့တွင်း အခုလို သန့်ရှင်းသာယာလှပအောင် ထပ်မံတိုးချဲ့ လုပ် ဆောင်ပေးသွားဖို့ရှိပါတယ်"ဟု အဆိုပါနောက်ဖေးလမ်းကြားများအား သာယာ ရှုမောဖွယ် ပန်းခြံအဖြစ် ပြုပြင်ပြောင်းလဲရာတွင် အဓိက ဦးဆောင်ပါဝင်ခဲ့သော ဒို့အိမ်မှ Operation Manager ဦးလှတင်က ပြောသည်။

ဒို့အိမ်သည် ရန်ကုန်မြို့တွင်း ရှေးဟောင်းအဆောက်အအုံများ၊ အိမ်များ ပြန်လည်ပြုပြင်မွမ်းမံပေးသော လုပ်ငန်းများကို အဓိကထားလုပ်ကိုင်ပြီး ယင်းလုပ်ငန်း များမှရရှိသော ဝင်ငွေ ၁၅ ရာခိုင်နှုန်းကို ရန်ကုန်မြို့တွင်း ပြည်သူများနေထိုင်ရာ အိမ်နောက်ဖေးလမ်းကြားများတွင် လေဝင်လေထွက်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာ လှပရေး၊ လူကြီးများနားခိုရာပန်းခြံအဖြစ်နှင့် ကလေးများခိုလှုံ၊ ဆော့ကစားရာပန်းခြံ အဖြစ် ပြုပြင်ပြောင်းလဲမှုတွင် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပြီးခဲ့သော ၂၀၁၆ ခုနှစ်တွင် ရန်ကုန်မြို့တွင်းရှိ ၃၁ လမ်း၊ ၃၂ လမ်းနှင့် ၃၉ လမ်းရှိအိမ်နောက်ဖေးလမ်းကြားများတွင်ပြည်သူများနားခိုအပန်းဖြေရာ ပန်းခြံများအဖြစ် ပြောင်းလဲပေး နိုင်ခဲ့သည်။ ယင်းသို့ ပြောင်းလဲရာတွင် ဒို့အိမ်အနေဖြင့် ကုန်ကျစရိတ် ရာခိုင်နှုန်း ၈၀ အကုန်အကျခံခဲ့ပြီး ပြည်သူထည့်ဝင်ငွေ ရာခိုင်နှုန်း ၂၀ ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့၃၁ လမ်း(အလယ်)တွင် နေထိုင်သည့် အသက် ၈၀ ကျော် အဘွား ဒေါ်သိန်းကြည်က "အခုလိုလုပ်လိုက်တော့ လေကောင်းလေသန့်ရပြီး စိတ်ရော၊ လူပါကြည်နူးသွားတယ်။ နေလာတာ နှစ်ပေါင်း ၅၀ ကျော်ပြီ။ ပန်းခြံမသွားနိုင်တဲ့ အဘွားတို့လို သက်ကြီးရွယ်အိုတွေ၊ အလုပ်များတဲ့သူတွေအဖို့ အခုလိုလေး နောက် ဖေးလမ်းကြား သာသာယာယာလေးရှိတော့ စိတ်အပန်းဖြေရာ လည်းရတယ်။ ဒါပေမယ့် အပေါ်ထပ်တွေက ရေဆိုလည်း ပြီးစလွယ်ပဲသွန်ချလိုက်တာပဲ၊ ခုဒဏ်ငွေဆောင် ရမယ်ဆိုတော့ သိပ်တော့ မလုပ်တော့ဘူး။ ရန်ကုန်မြို့လမ်းတိုင်း ခုလိုဖြစ်စေ ချင်ပါတယ်" ဟု ပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင်းရှိ ပြည်သူများအနေဖြင့် အိမ်နောက်ဖေးလမ်းကြားသန့် ရှင်းသာယာလှပစေရန် အကောင်အထည်ဖော်သော ပန်းခြံစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်မှုအားနည်းနေပြီး အကောင်အထည်ဖော်ပြီးသားနေရာအချို့တို့၌လည်း အပေါ်ထပ်နေပြည်သူများက ယခင်ကဲ့သို့ အလွယ်တကူ အမှိုက်ပစ်ချမှုများ ရှိနေသေးသည်ကို တွေ့မြင်နေရသည်။ ရန်ကုန်မြို့တွင်း အကောင်အထည် ဖော်ပြီးသော ၃၁ လမ်း၊ ၃၂ လမ်းနောက်ဖေးလမ်းကြားပန်းခြံများတွင် ပြည်သူများ ပူးပေါင်းပါဝင်မှုမှာ ရာခိုင်နှုန်း ၅၀ အထက်ရှိလာပြီး လူငယ်များပင် အပတ်စဉ် စနေ နေ့တိုင်း ကိုယ်ထူကိုယ်ထသန့်ရှင်းရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး အမှိုက်များ ကိုလည်း ယခင်ကဲ့သို့ လွယ်လင့်တကူပစ်ခြင်းမရှိတော့ဘဲ အသိပညာများတိုးပွား လာကြောင်း အဆိုပါလမ်းနေ ပြည်သူအချို့က ပြောသည်။

"ဒီလမ်းမှာ ကျွန်တော်တို့ မိသားစုနေလာတာ နှစ်ပေါင်း ၄၀ ကျော်ပြီ။ အရင် ကတော့ အိမ်နောက်ဖေးမှာညစ်ပတ်၊ နံစော်နေတာပဲ။ အခုတော့ နောက်ဖေးကနေ လမ်းတစ်လမ်းနဲ့ တစ်လမ်းလည်း လွယ်လင့်တကူ ကူးလို့ရသလို ကလေးတွေလည်း အားလပ်တဲ့အချိန်တွေမှာ ခြင်းလုံးဝါသနာပါတဲ့သူက ခြင်းလုံးကစားသလို သီးပင်စားပင် ဝါသနာပါတဲ့သူတွေကလည်း သီးပင်စားပင်စိုက်တာတွေ တွေ့ရတယ်။ အခုလို ရန်ကုန်မြို့လမ်းအားလုံး ဖြစ်သွားရင် အမှိုက်ကိုအလွယ်တကူပစ်တတ်တဲ့ အကျင့်လေး ပျောက်ပျက်သွားမယ်။ တကယ်တော့ ဒါဟာ အတော်လေးကို ကောင်းတဲ့စီမံချက်ပါပဲ" ဟု ၃၂ လမ်း(အလယ်)၌ နေထိုင်သော ဦးစိုးနိုင်ထွန်းက ပြောသည်။

ယခုနှစ်တွင်လည်း ရန်ကုန်မြို့တွင်းရှိ ၃၁ လမ်း ဗိုလ်ဆွန်ပက် (အလယ်)၊ ၂၉လမ်း၊ ရွှေဘုံသာလမ်း (အထက်)၊ လမ်းမတော် ၆ လမ်း နှင့် ၇ လမ်း(အောက်) နောက်ဖေး လမ်းကြားများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အကူအညီနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နောက်ဖေးလမ်းကြားများ၌ ပန်းခြံအသွင်ဆောင်စေသော ပန်းအလှပင်များ၊ သီးပင် စားပင်များ၊ ကလေးများ ဆော့ကစားရာ ဒန်းများနှင့် လှပရှုမောဖွယ်ရာ ဆေးရေး ပန်းချီများပါ ယခင်လမ်းများနည်းတူထည့်သွင်းရေးဆွဲသွားမည်ဖြစ်ရာ ပြည်သူများ အနေဖြင့် ပူးပေါင်းပါဝင်မှုမှာ အမှန်တကယ် လိုအပ်နေပါသေးကြောင်း။ ။

## အမေရိကန်ဒေါ်လာ ၁၂၅ သန်းရင်းနှီးမြှုပ်နှံထားသည့် Office Tower နှင့် Retail Mall ဖွင့်လှစ်



ရန်ကုန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်စိတ်တစ်ပိုင်းအားဖြည့်ပါဝင်ကာ အဓိကစီးပွားရေးအချက်အချာကျသည့် ဇရိယာအတွင်းရှိ Sule Square Office Tower နှင့် Retail Mall ကို အောက်တိုဘာ ၁၅ ရက်က ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်မြို့ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ အမေရိကန်ဒေါ်လာ ၁၂၅ သန်းရင်းနှီးမြှုပ်နှံထားသည့် Sule Square Office Tower နှင့် Retail Mall တွင် ၂၃ လွှာပါရှိပြီး တစ်လွှာလျှင် ၂၀၀၀ စတုရန်းမီတာစီရှိသော ရုံးခန်းနေရာများအတွက် ၁၅ လွှာ၊ မြေအောက်ထပ်အပါအဝင် သုံးလွှာတွင်အဆင့်အတန်းမြင့်ဆိုင်ခန်းများ၊ အလှအပနှင့် သက်ဆိုင်သောဆိုင်များ၊ လူသုံးကုန်မျိုးစုံဆိုင်နှင့်စားသောက်ဆိုင်များအပါအဝင်ဆိုင်ခန်း ၃၀ ကျော်ရှိပြီး Market Place စူပါမားကတ်တစ်ခုပါဝင်သည်။ အလွှာခြောက် လွှာတွင်မော်တော်ယာဉ်စီးရေ ၅၅၀ ရပ်နားနိုင်သည်။ A အဆင့်သတ်မှတ်ထားသည့်အတိုင်း အရန်မီးစက်များ၊ လုံခြုံရေးကတ်ဖြင့်ဝင်ခွင့်များ၊ ၂၄ နာရီ လုံခြုံရေးများထားရှိသည်။ Silence Square Office Tower နှင့် Retail Mall သည်နိုင်ငံတကာမှကုမ္ပဏီများအတွက်ဖြစ်ပြီး ကပ်လျက်ရှိသည့် Sule Shangri-La ဟိုတယ်သို့တိုက်ရိုက်ဝင်ထွက် နိုင်အောင်ပြုလုပ်ထားသည်။

ကုန်သည်ကြီးများဟိုတယ်ကို ၁၉၉၆ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဆူးလေရှန်ဂရီလာဟိုတယ်ဟု အမည်ပြောင်းလဲခဲ့သည် Sule Square Office Tower နှင့် Retail Mall သည် ရန်ကုန်ရှိ ရှန်ဂရီလာစီမံကိန်းများမှ ထပ်မံပေါ်ပေါက်လာသည့်အောင်မြင်မှုဖြစ်ကြောင်း သိရှိရသည်။ **အောင်သူရ**

# အတိတ်သမိုင်းပုံရိပ်တို့ ထင်ဟပ်လျက်ရှိသည့်

# ရန်ကုန်မြို့ပြ၏ ပန်းခြံများ

သတင်း-မောင်သင်းပျံ့၊ ဓာတ်ပုံ-သစ္စာ



ကန်တော်မင်ပန်းခြံ(ခ) ဦးဥတ္တမပန်းခြံ

ရန်ကုန်မြို့၏ ပန်းခြံများတွင် ပန်းခြံအချို့သည် မြန်မာပြည်၏ အတိတ်သမိုင်းပုံရိပ်အချို့ ထင်ဟပ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုပန်းခြံများ၌ သစ်တောဇုန်အဖြစ်(Central Forest Zone) သတ်မှတ်ထားသော ဗိုလ်ချုပ်ပန်းခြံမှာ ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် နတ်မောက်လမ်းတွင် တည်ရှိပြီး ဧက ၃၀ ဒသမ ၃၃၀ ကျယ်ဝန်းသည်။

ဗိုလ်ချုပ်ပန်းခြံအဝင် ညာဘက်ခြမ်းတွင် မြန်မာပြည် လွတ်လပ်ရေးသမိုင်း၏ အထင်ကရအာဇာနည်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကြီးကို တွေ့မြင်ရမည်ဖြစ်ပြီး ကိုလိုနီခေတ်က ဒါလဟိုဇီပန်းခြံအဖြစ် တည်ရှိခဲ့သော ပန်းခြံဖြစ်သည်။ ထိုပန်းခြံတွင် အက်ဒဝပ်ဘုရင်၏ ကြေးရုပ်ကို ထားရှိခဲ့ကာ ဒုတိယကမ္ဘာစစ်ပြီးချိန် ဂျပန်ခေတ်တွင် ကြေးရုပ်ကို ဖယ်ရှားခဲ့သည်။

ဗိုလ်ချုပ်ကြေးရုပ်တုကို လန်ဒန်မြို့ဆာဂျွန်ကက်အနုပညာ သိပ္ပံကျောင်းအုပ်ကြီး ကော့ပ်နောလ်က ထုလုပ်ခဲ့ကာ ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် နိုင်ငံတော် အခမ်းအနားဖြင့် သမ္မတ ဒေါက်တာဘဦးက ဦးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ထုလုပ်ခမှာ စတာလင်ပေါင် ၂၀၀၀ ဖြစ်သည်။ ထိုအချိန်မှစ၍ ဗိုလ်ချုပ်ပန်းခြံဟု အမည်ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဗိုလ်ချုပ်ကြေးရုပ်ကို သွန်းလုပ်ခဲ့ခြင်းဖြစ်ပြီး ကိုလိုနီလက်အောက်မှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးရရှိခဲ့ခြင်းကို မမေ့မလျော့ကြရန် ဗိုလ်ချုပ်၏မျက်ဝန်းက ယနေ့တိုင် သတိပေးနေသည်ကို ဗိုလ်ချုပ်ကြေးရုပ်တုတွင် တွေ့မြင်ရမည်ဖြစ်သည်။

**ကန်တော်ကြီး(ပုလဲ/မဟာမြိုင်ပန်းခြံ)**

ရန်ကုန်မြို့ပြ၏ ကျက်သရေဆောင်တစ်ခုဖြစ်သော ကန်တော်ကြီးသည် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ရိပ်သာလမ်းထောင့်တွင် တည်ရှိသည်။ ကန်တော်ကြီး၏ အကျယ်အဝန်းမှာ ဧက ၁၇ ဒသမ ၁၀ ဖြစ်သည်။ အလောင်းဘုရားလက်ထက် ၁၇၅၅ ခုနှစ်တွင် ရန်ကုန်ဟူသောအမည်ကို ရရှိခဲ့ပြီး ယခု ပန်းခြံနေရာသည် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်ရှိ ကန်တော်ကြီးတည်ရှိခဲ့သောနေရာ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်ခဲ့သည်။ ယခင်ကန်တော်ကြီး၏မြောက်ဘက်တွင် ကနေဒီကျွန်း၊ တောင်ဘက်တွင် မြေပဒေသာကျွန်းဟု ခေါ်ဆိုခဲ့ကြသည်။ ယခု ပန်းခြံတည်ရှိရာ နေရာမှာလည်း မြေပဒေသာကျွန်း၏ တစ်စိတ်တစ်ဒေသဖြစ်ခဲ့၍ စိုက်ပျိုးရေးဥယျာဉ်၏ နေရာများဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၁)တွင် ရေးသားထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် အများပြည်သူများ အပန်းဖြေရာပန်းခြံများကို ဖော်ထုတ်ရာ၌ မြေပဒေသာကျွန်း၏ အစွန်ဆုံးဘက်လမ်းများနှင့် အပင်ကြီးများ တည်ရှိရာနေရာအား ပုလဲကျွန်း၊ မဟာမြိုင်ကျွန်းပန်းခြံများအဖြစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည်။ ယခုအခါ ကန်တော်ကြီးပန်းခြံ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပြီးချိန်၌ ဇုန်လေးဇုန်




ကိုလိုနီခေတ် ၁၈၉၅ ခုနှစ်က တွေ့မြင်ရသော ဒါလဟိုဇီပန်းခြံမြင်ကွင်း

သတ်မှတ်ခဲ့ရာ ပုလဲ-မဟာမြိုင်ပန်းခြံသည် Relaxation Zone အဖြစ် အများပြည်သူ အပန်းဖြေအနားယူရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**ကန်တော်ကြီးသဘာဝဥယျာဉ်**

၁၇၅၅ ခုနှစ် အလောင်းမင်းတရားကြီး လက်ထက်တွင် ရန်ကုန်မြို့တော်ကို စတင်တည်ထောင်ချိန်တွင် ကန်တော်ကြီးသည် ရေကန်ငယ်အဖြစ်သာရှိခဲ့သည်။ ဘိုးတော်ဘုရား လက်ထက် ၁၈၁၂ ခုနှစ် နောက်ပိုင်းတွင် ရန်ကုန်မြို့တော်သည် ဒီရေရောက်ရှိရာအရပ်ဖြစ်သည်နှင့်အညီ သောက်သုံးရေရှားပါးမှုကြောင့် မြို့တော်ဝန် ဦးရွှေက ယခုကန်တော်ကြီးနေရာတွင် တစ်ဖက်ဆည်ကန်ပေါင်ကို မြေဖို့စေခဲ့သည်။ ကန်ပေါင်ပေါ်တွင် ထန်းပင်များစိုက်ပျိုးပြီး စိမ်းလန်းစိုပြည်စေခဲ့သည်။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကြောင့် ထိုနေရာသည် အကျည်းတန်ခဲ့ရပြီး ၁၈၄၁ ခုနှစ် သာယာဝတီမင်းနန်းတက်ချိန် ရန်ကုန်မြို့ အောင်မြေရန်နှင့် နန်းတော်စံတော်မူစဉ် ပြန်လည်စိမ်းလန်းစိုပြည်ခဲ့သည်။ မိဖုရားများနှင့် နန်းတွင်းသူ၊ နန်းတွင်းသားများ အပန်းဖြေအနားယူရာနေရာတစ်ခု ဖြစ်ခဲ့သည်။

၁၈၅၄ ခုနှစ် OCI ဗြိတိသျှအစိုးရ မဟာဝန်ရှင်တော်မင်းကြီး အက်ရှလီအီဒင် လက်ထက်တွင် လှေသဘင်ပွဲများကို ကျင်းပခဲ့သည်။ ၁၈၇၉ ခုနှစ်တွင် ရန်ကုန်မြို့၏ သောက်သုံးရေရှားပါးသော ပုဇွန်တောင်နှင့် ဗိုလ်တထောင်သို့ ဤကန်မှ ရေပေးဝေခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဗြိတိသျှအစိုးရလက်ထက်တွင် ရန်ကုန်မြို့သည် လူနေအိမ်ခြေများမရှိဘဲ Bayoke Hotel နေရာတွင် British Boating Club ကို ဖွင့်လှစ်ခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ရုံးပိတ်ရက်တို့တွင် ကန်တော်ကြီးတွင် အငြိမ့်ပွဲများကပြခြင်းနှင့် လာရောက်အပန်းဖြေအနားယူခြင်းတို့ဖြင့် စည်ကားခဲ့သည်။ ယနေ့အချိန်အခါတွင် ကန်တော်ကြီးသည် ရန်ကုန်မြို့ပြနေပြည်သူများ အနီးဆုံး အပန်းဖြေအနားယူရာနေရာအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

**သမိုင်းပုံရိပ်တို့နှင့် ကန်တော်မင်ပန်းခြံ**

ရန်ကုန်မြို့ရွှေတိဂုံစေတီတောင်ဘက်ခြေရင်းရှိ ကန်တော်မင် ပန်းခြံအား ဆရာတော်၏ နိုင်ငံရေး ကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့အား ဦးဥတ္တမနေ့အဖြစ် သတ်မှတ်ကာ ပန်းခြံကိုလည်း ဦးဥတ္တမ

**အချပ်ပို(ဃ)သို့**

# ရန်ကုန်ဝါးတားဘတ်စ်နှင့် ကားတက္ကစီ

ဝေယံဦး —

ရန်ကုန်မြို့က ထူးခြားသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ကားတက္ကစီများ ပြေးဆွဲမှုမှာ ဘယ်မြို့မှာမှ အောင်မြင်မှုမရှိ၊ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့သည်ပင် တက္ကစီ ငှားရမ်းစီးသည့် အလေ့အထ မရှိ၊ ရှိသော်လည်း နည်းပါးလွန်းသည်။ ကျွန်တော့်သူငယ် ချင်း ကိုအောင်မော်တစ်ယောက် မန္တလေးမြို့၌ အစိုးရဝန်ထမ်းအဖြစ် တာဝန်ကျစဉ် ရုံးချိန်ပြင်ပနှင့် ပိတ်ရက်များတွင် အပိုဝင်ငွေရရှိရန် တက္ကစီထွက်မောင်းသော်လည်း ဈေးဦးပင်မပေါက်ဟု ပြောပြဖူးသည်။

အစိုးရရုံးစိုက်ရာ နေပြည်တော်တွင်လည်း တက္ကစီငှားရမ်းစီးနင်းမှုက တွင်တွင်ကျယ်ကျယ်မဟုတ်၊ နေပြည်တော်စည်ပင်ရိပ်သာဝင်းအတွင်း ကိုယ်ပိုင်အငှားယာဉ်များ၊ တက္ကစီများက ခရီးသည်အော်ဒါရရှိရန် အတော် ကြိုးစားနေရသည့် မြင်ကွင်းကို နေ့စဉ်လိုလိုတွေ့နေရသည်။ ရန်ကုန်ကတော့ ထိုသို့မဟုတ်။ လူဦးရေ ၅ ဒသမ ၂ သန်း ကျော်သော ရန်ကုန်မြို့က ဝိုင်ဘီအက်စ်




လိုင်းကားများပေါ်တွင်လည်း ခရီးသည်အပြည့်၊ မြို့ပတ်ရထားပေါ်တွင်လည်း အပြည့်။ တက္ကစီများပေါ်တွင် ခရီးသည် မလွတ်၊ အခု Water Bus များ ပြေးဆွဲသောအခါတွင်လည်း လိုက်ပါစီးနင်းသူကအပြည့်။ ရန်ကုန်မြို့ပြကားလမ်းများပေါ်တွင် ဘတ်စ်ယာဉ်လိုင်းများ၊ တက္ကစီများ ဥဒဟိုမောင်းနှင်ကာ ခရီးသည်များ လိုရာခရီးသို့ မောင်းနှင်ပေးပို့နေရသလို ရန်ကုန်မြို့ပတ်လည် ရေလမ်းကြောင်းပေါ်တွင်လည်း Water Bus များဖြင့် ပြေးဆွဲနေသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

ရန်ကုန်မြို့တွင် နေ့စဉ် ခရီးသည် သိန်းနှင့်ချီပြီး ဘတ်စ်ယာဉ်လိုင်းများ၊ တက္ကစီများဖြင့် သွားလာလျက်ရှိရာ လိုင်းကားအစီး ၄၀၀၀ ဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်။ တက္ကစီများ ပြေးဆွဲမှုတွင်လည်း ရာသက်ပန်တက္ကစီအဖြစ် ပြေးဆွဲနေသည့် ရှေ့အက္ခရာ AA, BB, CC စသည့် ကားပေါင်း ၃၀၀၀၀ ခန့်ရှိနေပြီး ကိုယ်ပိုင် မော်တော်ယာဉ်နံပါတ်ပြားအနက်မှ လုပ်ငန်းသုံးယာဉ် နံပါတ်ပြားအနီသို့ ပြောင်းကာ ရာသက်ပန် တက္ကစီမဟုတ်သော တက္ကစီပြေးဆွဲနေသည့် ကားပေါင်း ၃၀၀၀၀ ခန့်ရှိနေကြောင်း သိရသည်။

ထို့အပြင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လိုင်စင်ဖြင့် ဝင်ရောက်ကာ ရန်ကုန်မြို့တွင် ပြေးဆွဲနေသည့် တက္ကစီများအရေအတွက်မှာလည်း ၃၀၀၀၀ ခန့်ရှိနေရာ စုစုပေါင်းတက္ကစီအငှားယာဉ်အစီးရေ ၉၀၀၀၀ ခန့်ရှိနေသည်ဟုလည်း သိရသည်။ သည်အတိုင်းဆိုလျှင် တက္ကစီဖြင့် ခရီးသည်ပေါင်းများစွာ နေ့စဉ်သွားလာနေကြခြင်းပင် ဖြစ်သည်။

**အချပ်ပို(ဂ)သို့**

# ရန်ကုန်မြို့၏ အထင်ကရလမ်းမကြီးပေါ်မှ သမိုင်းတင် အဝိုင်းကြီးများ

တင်ဝင်းလေး
(ကြည့်မြင်တိုင်)



ဦးဝိစာရအဝိုင်း

ကြည့်မြင်တိုင် မှသည် တာမွေဘက်ဆီသို့ YBS လိုင်းနံပါတ် ၈၀ ကားကြီးဖြင့် စီးလာရင်း စာရေးသူ အတွေးနယ်တစ်ခု ဖြန့်ကြက်မိခဲ့သည်။ ၁၉၇၅ ခုနှစ် ဝန်းကျင်ကာလများဆီသို့ ဖြစ်သည်။

ထိုစဉ်က ယင်းလမ်းကြောတွင် ပြေးဆွဲနေသည့် လိုင်းနံပါတ် ၁၆ က ဒတ်ဆန်းကားလေးများဖြစ်သည်။ စပယ်ယာက လမ်းတစ်လျှောက်ရှိ မှတ်တိုင်များ အော်သွားသည်။ "မြေနီကုန်းအဝိုင်းပါလား"၊ "ရွှေခုံတိုင်အဝိုင်း ဆင်းမယ့်သူ ရှိလား"၊ "တာမွေအဝိုင်းပါတယ် ဆရာရေ" ဆိုသည့်အသံများကို ပြန်လည်ကြားယောင်မိခဲ့ခြင်းဖြစ်သည်။ ထိုမှ "သြော် - အဝိုင်းကြီးများ ပျောက်ကွယ်သွားပြီကော "ဟု နှမြောတသစွာဖြင့် ရေရွတ်မိလိုက်သည်။

ထို့ကြောင့် အဝိုင်းကြီးများ၏ သမိုင်းကြောင်းများကို သိချင်လာမိသည်။ မြို့ပြအကြောင်းများ တစိုက်မတ်မတ် ရေးသားနေသည့် ဆရာမောင်မြတ်မွန်(ဆူးလေ)ထံ သွားရောက် တွေ့ဆုံခဲ့သည်။ ဆရာက သိလိုသမျှကို စိတ်ရှည်စွာ ပြောပြပေးခဲ့သည်။

အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလ ၁၈၅၃ ခုနှစ်က ရန်ကုန်မြို့ကွက်ပုံစံသစ်ကို (Reconstruction of Rangoon) ဖော်ဆောင်မှုအရ အင်ဂျင်နီယာတပ်မှ လက်ဖတင် A ဖရေဇာက ကုန်းတော်အမြင့် ၁၀ ပေရှိသော ဆူးလေစေတီတော်၏ အခြေ(ဇေယျခုံ)အဝိုင်းကို မဏ္ဍိုင်ပြုပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ပြောပြမှုအရ သိရသည်။

ဆူးလေအဝိုင်းကို ဗဟိုပြု၍ လမ်းမကြီးအသွယ်သွယ်ကို ဖောက်စဉ်ကတည်းက လမ်းဆုံလမ်းခွကြီးများတွင် အဝိုင်းပတ်စနစ်ဖြင့် ယာဉ်များသွားလာမှုကို ထိန်းကျောင်းခဲ့သည်။ ထို့ကြောင့် မြို့သူမြို့သားများ၏ စကားအရ "တို့မြို့ကြီးကို "ဝ" ကိုးလုံး(အဝိုင်းကြီးကိုးဝိုင်း)နဲ့ တည်ဆောက်ခဲ့တာ"ဟု အမွှမ်းတင်စကားဆိုခဲ့ကြသကဲ့သို့ "အဝိုင်းအစ ဆူးလေက" ဟုပင် တင်စားမှုစကားတို့ကို မိဘများပြောဖူး၍ မှတ်သားခဲ့ရသည်။

အင်္ဂလိပ်လက်ထက်က တည်ခဲ့သော သမိုင်းတင်အဝိုင်းကြီးများကို ပြန်လည်ရေတွက်ကြည့်ပါက (က) ဆူးလေအဝိုင်း (ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ)၊ (ခ) ကွန်တီနင်တယ်အဝိုင်း သို့မဟုတ် မောင်ဂိုမာရီအဝိုင်း သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းလမ်းအဝိုင်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းဆုံ)၊ (ဂ) ဦးထောင်ဘိုအဝိုင်း သို့မဟုတ် ဗဟန်းအဝိုင်း (ဦးထောင်ဘိုလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ကန်ပတ်လမ်းဆုံ)၊ (ဃ) ဦးဝိစာရအဝိုင်း(ဦးဝိစာရလမ်း၊ အလုံလမ်းနှင့် ဦးထောင်ဘိုလမ်းဆုံ)၊ (င)ဘောင်ဒရီအဝိုင်း သို့မဟုတ် ရွှေဂုံတိုင်အဝိုင်း(ဓမ္မစေတီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းဆုံ)၊ (စ)လှည်းတန်းအဝိုင်း သို့မဟုတ် ကမာရွတ်အဝိုင်း(အင်းစိန်လမ်း၊ လှည်းတန်းလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်လမ်း (နှစ်ပိုင်း)ဆုံ၊ (ဆ) တာမွေအဝိုင်း(အနောက်ရွှေဂုံတိုင်လမ်း၊ ဗညားဒလလမ်း၊ ဦးချစ်မောင်လမ်းနှင့် အရှေ့/အနောက်မြင်းပြိုင်ကွင်းလမ်းဆုံ)၊ (ဇ)ဟံသာဝတီအဝိုင်း (ပြည်လမ်း၊ ဟံသာဝတီလမ်းနှင့် ဦးဝိစာရလမ်းလမ်းဆုံ)၊ (ဈ) မြေနီကုန်းအဝိုင်း(ဗားကရာလမ်းနှင့် ပြည်လမ်းဆုံ)တို့ဖြစ်သည်။

မြူနီစီပယ်မင်းကြီး ဗိုလ်မှူးကြီးထွန်းစိန်လက်ထက် ၁၉၅၉ ခုနှစ်တွင် မြောက်ဥက္ကလာပမြို့သစ်နှင့် သာကေတမြို့သစ်တို့ကို တည်ဆောက်ခဲ့ပြီး ရေးမှူမပျက် မြောက်ဥက္ကလာပ အဝိုင်းနှင့် သာကေတတွင် ရောဝဏ်အဝိုင်းကြီးများကိုပါ ထည့်သွင်းတည်ဆောက်ခဲ့သည်။ ၁၉၈၈ ခု နောက်ပိုင်း၌ လှိုင်သာယာမြို့သစ် တည်ဆောက်ရာ၌ အောင်ဇေယျအဝိုင်း၊ ဘုရင့်နောင်အဝိုင်း၊ အနော်ရထာအဝိုင်းဟူ၍ အဝိုင်းသုံးဝိုင်းကို ထည့်သွင်းတည်ဆောက်ခဲ့သည်ဟု တွေ့ရသည်။

အင်္ဂလိပ်လက်ထက်က တည်ဆောက်ခဲ့သော သမိုင်းတင် အဝိုင်းကြီးများအနက် ပထမဦးဆုံးဖျက်သိမ်းခဲ့သော အဝိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းလမ်း အဝိုင်းပင်ဖြစ်သည်။ များပြားလာသော ကားစီးရေကြောင့် အဝိုင်းပတ်ယာဉ်ကြောထိန်းသိမ်းမှု **အစား** ပထမဦးဆုံးသော အချက်ပြမီးပွိုင့်စနစ်ကို စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

စာရေးဆရာကြီး ဆရာမောင်မြတ်မွန် ဆူးလေ က "အဲဒီ ဗိုလ်ချုပ်အောင်ဆန်းလမ်းအဝိုင်းကြီးက အလွန်လှတယ်။ ဆူးလေအဝိုင်းထက်လည်း ပိုကြီးတယ်။ ရန်ကုန်မြစ်ကို ဖြတ်ပြီး တိုက်လာတဲ့လေက အလွန်လတ်ဆတ်တယ်။ မြို့သူမြို့သားတွေရဲ့ စိတ်အပန်းဖြေတဲ့နေရာတစ်ခုပဲ"ဟု လွမ်းဆွတ်ဖွယ် ပြောပြခဲ့သည်။

ထို့အပြင် ဘောင်ဒရီအဝိုင်း သို့မဟုတ် ရွှေခုံတိုင်အဝိုင်းကြီးသည်လည်း ပျောက်ကွယ်သွားခဲ့သကဲ့သို့ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က တာမွေအဝိုင်း၊ မြေနီကုန်းအဝိုင်းတို့မှာလည်း မရှိတော့သည်ကို ပြန်ပြောင်းအောက်မေ့မိခဲ့သည်။ ထပ်၍ဆိုရသော် ထိုခေတ်အခေါ် လက်ပြပုလိပ်(ယာဉ်ထိန်းရဲ) တစ်ဦး လမ်းငါးဆုံကို အဝိုင်းပေါ်မှ ယာဉ်ကြောရှင်းလင်းနေလျှင် အလွန်ကြည့်ကောင်းခဲ့သော လှည်းတန်းအဝိုင်း(ခေါ်) ကမာရွတ်အဝိုင်းကြီးမှာလည်း ခုံးကျော်တံတားစီမံကိန်းကြောင့် မရှိတော့ပြီ။

မြို့သစ်စီမံကိန်းနှင့်အတူ တည်ဆောက်ခဲ့သော မြောက်ဥက္ကလာပအဝိုင်းကြီးမှာလည်း ၁၉၉၀ ပြည့်နှစ်က မြို့လမ်းမကြီးများ ချဲ့ထွင်မှုကြောင့် ပျက်ခဲ့ရသလို ယခုနောက်ဆုံးတည်ဆောက်ခဲ့သော လှိုင်သာယာမြို့သစ်မှ အဝိုင်းကြီးသုံးဝိုင်းအနက် အောင်ဇေယျအဝိုင်းနှင့် ဘုရင့်နောင်အဝိုင်းတို့မှာလည်း သက်တမ်းတိုတိုအတွင်း ချုပ်ငြိမ်းသွားခဲ့ပြီကို တွေ့ရသည်။

အင်္ဂလိပ်လက်ထက် တည်ဆောက်ခဲ့သော အဝိုင်းကြီးများအနက် ဦးဝိစာရအဝိုင်း၊ ဟံသာဝတီအဝိုင်း၊ ဦးထောင်ဘိုအဝိုင်းတို့သာလျှင် သမိုင်းတင် အလွမ်းပြေကျန်ရစ်နေပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစား/ ကွင်းများဌာနက ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။

ထိုကျန်ရစ်ခဲ့သော သမိုင်းတင် အဝိုင်းကြီးများအနက် ဦးဝိစာရ အဝိုင်းကြီး၏ပုံရိပ်မှာ အလွန်မှပင် ထူးခြားလှပေသည်။ အဝိုင်းကြီး၏အလယ်တွင် ကျောက်တိုင်ကြီးစိုက်ထူ၍ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် ၁၆၆ ရက်တိုင် ဆွမ်းငတ်ခံ ဆန္ဒပြခဲ့သော ဆရာတော်ဦးဝိစာရ၏ ပုံတော်ကို မြောင်းမြသူဌေး ဦးဘလုက ထုဆစ်လှူဒါန်းပြီး ကျောက်တိုင်ထိပ်တွင် ထားရှိပူဇော်ခဲ့ခြင်းဖြစ်သည်။ ညာဘက်လက်မှ တောင်ဝှေးကို ကိုင်ကာ ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော်မည့်ဟန်ဖြစ်သည်။

တစ်ဖန် ဆရာတော်၏ဘွဲ့အမည်ဖြင့် ယနေ့ ဂုဏ်ပြုမှည့်ခေါ်ခဲ့သော ဦးဝိစာရလမ်းမှာလည်း ငါးမည်ရခဲ့သော သမိုင်းကြောင်းများရှိနေခဲ့သည်။ ပန်းဥယျာဉ်ဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့အနေနဲ့က လက်ရှိအဝိုင်းကြီး ငါးဝိုင်းကို ပန်းအလှဖော်မှုနဲ့အတူ အလှမီးတိုင်တွေ၊ ဆလိုက်မီးတွေနဲ့ ထွန်းထားပါတယ်။ ဟံသာဝတီအဝိုင်းမှာ မြန်မာ့ယဉ်ကျေးမှုပြယုဂ်အဖြစ် ရွှေရောင်ဆွမ်းအုပ်ကြီးနဲ့ အလှဆင်ထားသလို ဦးထောင်ဘိုအဝိုင်းက ရွှေကလပ်ပေါ်မှာ မြန်မာ့တွင်းထွက်ရတနာဖြစ်တဲ့ ပတ္တမြားကျောက်ကြီး သဏ္ဍာန်တင်ထားဟန် ပုံဖော်ထားပါတယ်။ ရောဝဏ်အဝိုင်းမှာတော့ အလွန်ကြီးမားတဲ့ ဖလားကြီးပုံနဲ့ ပြကွက်တစ်ခုအဖြစ် ထားရှိပါတယ်။ အဝိုင်းအနီးက ဖြတ်သွားသူတိုင်း ရင်ထဲမှာ လန်းဆန်းစေပြီး စိတ်ကြည်လင်သွားစေဖို့ ရည်ရွယ်ထားခြင်းဖြစ်ပါတယ်"ဟု ရှင်းပြခဲ့ဖူးသည်။

ယခုအခါ မြို့ရန်ကုန်၌ အင်္ဂလိပ်လက်ထက်က တည်ဆောက်ခဲ့သော သမိုင်းတင်အဝိုင်းကြီးသုံးဝိုင်းနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတည်ဆောက်ခဲ့သော အဝိုင်းကြီးနှစ်ဝိုင်း စုစုပေါင်း အဝိုင်းကြီး ငါးဝိုင်းသာလျှင် ကျန်ရှိနေတော့မည်ဖြစ်ရာ သမိုင်းတင်၊ သမိုင်းဝင်အဝိုင်းကြီးများ ရေရှည်တည်တံ့ရေးအတွက် ဦးဝိစာရအဝိုင်းကို မှတ်တမ်းတင်လျက်ကပင် မြတ်ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့လှမ်း၍ဖူးမြော်ကာ ဆုတောင်းမိတော့သည်။ ။



ဟံသာဝတီအဝိုင်း



ဦးထောင်ဘိုအဝိုင်း

**အချပ်ပို(ခ)မှ**

နေ့စဉ်တက္ကစီဖြင့် သွားလာနေကြသူများ၊ တက္ကစီမောင်းနှင်သူများအတွက် လုံခြုံမှုရှိရန်၊ ဘေးအန္တရာယ်ကင်းရန် လိုအပ်နေပြီဖြစ်သည်။ ခရီးသွားပြည်သူများရော အများပြည်သူများပါ လုံခြုံမှုရရှိအောင် နည်းပညာဖြင့် ထိန်းချုပ်နိုင်ရေးအတွက် ထိန်းချုပ်ရေးစင်တာဖြင့် ဆောင်ရွက်နေပြီဖြစ်သော်လည်း လိုအပ်ချက်ရှိနေဆဲဖြစ်သည်။

ယာဉ်မတော်တဆဖြစ်မှု၊ အကြမ်းဖက်မှုများ လျော့နည်းအောင် ဆောင်ရွက်ရာတွင် ရန်ကုန်၌ တက္ကစီအရေအတွက် လျှော့ချရန်၊ သတ်သတ်မှတ်မှတ်ပြုလုပ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားထားပြီးဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်ပေါင်း ၅၃၀၀၀၀ ခန့်ရှိရာ မြန်မာတစ်နိုင်ငံလုံးရှိ မော်တော် ယာဉ် စုစုပေါင်း၏ထက်ဝက်ခန့်မျှရှိကြောင်း၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီး ယာဉ်ပေါင်း ၉၃၀၀၀၀ ကျော်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောထားသည်ဖြစ်ရာ ရန်ကုန်တွင် မော်တော်ယာဉ်အစီးရေ များပြားနေသည်မှာ အမှန်ပင်။

ရန်ကုန်တွင်မော်တော်ယာဉ်အရေအတွက် များပြားမှုများအနက် တက္ကစီယာဉ်များလည်း များပြားနေရာ နောက်ဆက်တွဲ အကျိုးဆက်များအဖြစ် ယာဉ်လမ်းကြောင်း ပိတ်ဆို့မှု၊ ကားပါကင် အခက်အခဲဖြစ်မှု၊ ယာဉ်တိုက်မှုများဖြစ်ပေါ်မှုနှင့် မလိုလားအပ်သော အကြမ်းဖက်မှုများလည်း ဖြစ်ပေါ်နေလျက် ရှိသည်။ မြန်မာနိုင်ငံတွင် လူ ၁၀၀၀၀ တွင် ၁၁ ဦးခန့် ယာဉ်မတော်တဆမှုကြောင့် သေဆုံးရလျက်ရှိပြီး ရန်ကုန်မြို့တွင် တစ်လလျှင် လူ ၃၀ ခန့် ယာဉ်မတော်တဆမှုကြောင့် သေဆုံးနေရကြောင်း လေ့လာသုတေသနပြုချက်များ၌ ဖော်ပြထားသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော YBS ဘတ်စ်ကားများပေါ်တွင် လုံခြုံရေးအတွက် CCTV ကင်မရာများတပ်ဆင်ထားသလို တက္ကစီမောင်းသူနှင့် စီးနင်းသူ ခရီးသည်များအတွက်လည်း လုံခြုံရေးအထောက်အကူပြုရန် ပိုမိုအလေးထားဆောင်ရွက်ရမည့်အနေအထားရှိနေသည်။ ရန်ကုန်မြို့တွင် ကားများကို ထိန်းချုပ်ရေးစင်တာဖြင့် ဆောင်ရွက်နေသော်လည်း ပိုမိုကောင်းမွန်သော နည်းပညာများ၊ ခေတ်မီကိရိယာများဖြင့် ဖြည့်ဆည်းကာ ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်လည်း ကြိုးစားနေကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ကားတက္ကစီများအတွက် လုံခြုံရေး၊ ယာဉ်ကြောပိတ်ဆို့မှုဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆဖြစ်မှုများမှ လျော့ကျကင်းဝေးစေရန် ဆောင်ရွက်နေသလို Yangon Water Bus များအတွက်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် စနစ်တကျ လုပ်ကိုင်ရန်လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့ဖူးသည်။ "Water Bus နဲ့ ခရီးသွားမယ့် ပြည်သူတွေရော ရေယာဉ်ပြေးဆွဲမှုအတွက်ပါ ဥပဒေနဲ့ စည်းမျဉ်း၊ စည်းကမ်းနဲ့ လုပ်ဆောင်ရင် ပိုကောင်းပါတယ်"ဟု ပြောထားသည်။

Yangon Water Bus ကို အောက်တိုဘာ ၇ ရက်နံနက်က အင်းစိန်- ဗိုလ်တထောင်ခရီးစဉ် စတင်ပြေးဆွဲခဲ့သည်။ အင်းစိန် အောင်ဇေယျတံတားအောက် ဆိပ်ခံမှ စတင် ပြေးဆွဲပြီး ပန်းလှိုင်ဆိပ်ကမ်း၊ လှိုင်ဆိပ်ကမ်း၊ ကြည့်မြင်တိုင် ဆိပ်ကမ်း ၊ လမ်းသစ်ဆိပ်ကမ်း၊ နန်းသီတာဆိပ်ကမ်း၊ ဗိုလ်တထောင် ဆိပ်ကမ်းများသို့ တစ်ဦးလျှင် ငွေကျပ် ၃၀၀ ဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်။ ခရီးသည် ၁၈၀ မှ ၂၃၀ အထိ စီးနိုင်သည့် ဩစတြေးလျနိုင်ငံလုပ် ရေယာဉ်သုံးစင်း၊ ခရီးသည် ၆၀ စီးနိုင်သည့် ထိုင်းနိုင်ငံလုပ် ရေယာဉ်သုံးစင်း၊ ခရီးသည် ၁၅၀ စီးနိုင်သည့် ပြည်တွင်းလုပ် ရေယာဉ်ခုနစ်စင်းတို့ဖြင့် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီခွဲအထိ ပြေးဆွဲပေးနေခြင်းဖြစ်သည်။ ကားယာဉ်ကြောပိတ်ဆို့မှုကြောင့် နာရီများစွာကြာမြင့်အောင်စီးရသည့် ဘတ်စ်ကားများထက် အချိန်တိုအတွင်းရောက်နိုင်သော Water Bus များကိုစီးရန် ခရီးသည်များ ပိုပြီးစိတ်အားထက်သန်ကာ စီးနေပြီဖြစ်သည်။

ယခုပြေးဆွဲနေသည့် Water Bus ကို ရေယာဉ် ၅၆စင်းမှ ၆၇ စင်းအထိ တိုးချဲ့ပြေးဆွဲရန် မျှော်မှန်းထားရာ တစ်နှစ်လျှင် ခရီးသည် ၁၂ သန်းခန့်အထိ ပို့ဆောင်ပေးနိုင်မည်ဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသည် ၂၄ သန်းအထိ တစ်နှစ်တာကာလအတွင်း ပို့ဆောင်ပေးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ Water Bus စီးမည့်ခရီးသည်များ လုံခြုံရေးအတွက် CCTV များတပ်ဆင်ပေးထားသော်လည်း ယာဉ်မတော်တဆ ဖြစ်မှု၊ အကြမ်းဖက်မှု၊ ဘေးအန္တရာယ်ကင်းမှု စသည်တို့ကို ထိထိရောက်ရောက်အကောင်အထည်ဖော်မှု ပိုမိုဆောင်ရွက်ပေးနိုင်လျှင် Water Bus နှင့် ကားတက္ကစီတို့ကို ခရီးသည်များ ပိုမိုယုံကြည်ကာ လုံခြုံဘေးကင်းစွာ စီးနိုင်ကြမည်မှာ အမှန်ပင်။ ။

# ဘယ်မောင်းဂယက်ကြောင့် ကားဈေးကွက် အရောင်းအဝယ်ရပ်ဆိုင်း ဈေးများမြင့်တက်

■ မင်းသော်

ဘယ်မောင်းအများစုကိုသာတင်သွင်းခွင့်ပြုလိုက်သည့် ၂၀၁၈ မော်တော်ယာဉ်တင်သွင်းခွင့်သတ်မှတ်ချက်ကြောင့် ဈေးကွက်အတွင်း မျှော်လင့်ထားသည့်အတိုင်း ရိုက်ခတ်မှုပြင်းထန်စွာဖြစ်ပွားခဲ့သည်။ အောက်တိုဘာ ၁၆ရက် ထုတ်ပြန်သည့် သတ်မှတ်ချက် အမိန့်ကြော်ငြာစာတွင် ယာဉ်အိုယာဉ်ဟောင်းအစီအစဉ်တွင် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အင်ဂျင်ပါဝါ ၁၃၅၀ စီစီနှင့်အထက် လူစီးယာဉ်ဘယ်မောင်းများကို လူစီးမော်တော်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုခဲ့သည်။

ကုန်တင်ယာဉ်နှင့်ခရီးသည်တင်ယာဉ်များသည်လည်း ၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ် မိုဒယ်ဘယ်မောင်းများ တင်သွင်းရမည်ဖြစ်သည်။ အထူးသဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတင်သွင်းမှုတွင် မိုဒယ် ၂၀၁၆မှ ၂၀၁၈အတွင်း ၁၃၅၀ စီစီနှင့်အထက် ဘယ်မောင်းများ၊ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များတွင်လည်း ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဘယ်မောင်းများကို တင်သွင်းခွင့်ပြုထားသည်။ ပုံမှန်လိုင်စင်ဖြင့် လျှောက်ထားမှုတွင်လည်း လူစီးမော်တော်ယာဉ် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဘယ်မောင်း၊ လုပ်ငန်းသုံးယာဉ်တွင် ၂၀၁၄ခုနှစ်မှ ၂၀၁၈ ခုနှစ် အတွင်းဘယ်မောင်းနှင့် ယန္တရားများတွင်လည်း ၂၀၀၉ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း၊ မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်များကိုလည်း ၂၀၀၇ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဘယ်မောင်း၊ သာသနာရေးဆိုင်ရာ ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များကိုလည်း ၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်း ဘယ်မောင်းယာဉ်များကိုသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီက အမိန့်ကြော်ငြာစာ ထွက်ရှိလာခဲ့သည်။



တစ်ဦးချင်းတင်သွင်းသည့်မော်တော်ကားများနှင့် လူစီးမော်တော်ယာဉ်များကို ဘယ်မောင်းကားများအဖြစ်သာ တင်သွင်းမည်ဟု သတင်းများထွက်ပေါ်နေခဲ့သော်လည်း ၂၀၁၈ခုနှစ်၏ တင်သွင်းမည့်ကားများ အားလုံးကို ဘယ်မောင်းများအဖြစ် သတ်မှတ်ထားခြင်းကို မော်တော်ကားဈေးကွက်အတွင်း ဝေဖန်သံများလည်း ဆူညံသွားခဲ့သည်။ ကားဝယ်ရောင်းများအတွက်မူ ကြိုတင်တွက်ဆထားသည်များ ဖြစ်ပေါ်လာခဲ့ပြီး ၁၃၀၀ စီစီ အင်ဂျင်ပါဝါနိမ့် ညာမောင်းကားများမှာ အောက်တိုဘာ ၁၆ရက် နံနက်ပိုင်း အမိန့်ကြော်ငြာစာထွက်ရှိချိန်မှ စတင်ကာ ဈေးနှုန်းများ တစ်ရှိန်ထိုး မြင့်တက်သွားခဲ့ပြီဖြစ်သည်။

လေလံဈေးမှာလည်း မြန်မာပြည်သူများ၏ အားပေးချက်ကြောင့်ပင် ယခင်ထက် ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်သွားခဲ့ပြီး ဒီဇင်ဘာလတစ်ဝက်အထိ တင်သွင်းခွင့်ပြုထားသေးသဖြင့် စလစ်ဈေးမှာလည်း အမြင့်ဆုံး ခုန်တက်လာခဲ့သည်။ စလစ်ဈေးများမြင့်တက်လာခြင်း၊ ဘယ်မောင်းမူဝါဒသစ် တရားဝင်ပေါ်ထွက်လာခြင်းနှင့် ညာမောင်းဈေးကွက် ခိုင်မာနေခြင်းတို့ကြောင့် ကားဈေးနှုန်းများမှာ လာမည့်ရက်သတ္တပတ်အတွင်း အမြင့်ဆုံး အနေအထားသို့ရောက်ရှိနိုင်မည်ဖြစ်သော်လည်း အရောင်းအဝယ်မှာမူ ထင်သလောက်ဖြစ်နိုင်မည်မဟုတ်သေးသည်ကို မြင်တွေ့ရသည်။

ယခုကဲ့သို့ မူဝါဒသစ်ထွက်ပေါ်ချိန်တွင် စလစ်ဈေးနှုန်းများမှာ ကျဆင်းသွားမည်မဟုတ်ဘဲ လက်ရှိတွင် သက်တမ်း ၂၀ စလစ်မှာ တစ်စောင်လျှင် ငွေကျပ် ၁၂၈သိန်းဝန်းကျင်၊ တိုက်ကြေစလစ်မှာ တစ်စောင်လျှင် ငွေကျပ် ၁၁၅ သိန်းဝန်းကျင်ဈေးရှိနေကြောင်း သိရသည်။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားအမျိုးအစားအချို့

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း |
|---|---|---|---|---|---|
| CR-V | 2001 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၄၉ |
| Crown | 2004 | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၆၀ |
| Alphard | 2009 | ရန်ကုန် | 3500cc | အပြင်ဈေး | ၈၃၀ |
| Wish | 2004 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၅၀ |
| SULF | 2006 | ရန်ကုန် | 2700cc | အပြင်ဈေး | ၆၅၀ |
| Vitz | 2014 | နယ် | 1300cc | အပြင်ဈေး | ၂၂၅ |
| Honda Gk3 | 2014 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၆၅ |
| Belta | 2008 | ရန်ကုန် | 1000cc | အပြင်ဈေး | ၁၄၀ |
| Probox | 2007 | ရန်ကုန် Taxi | 1500cc | အပြင်ဈေး | ၁၈၃ |
| Hondafit GP2 | 2011 | နယ် | 1300cc | အပြင်ဈေး | ၂၅၀ |





သို့သော် ခိုင်မာသည့် ဘယ်မောင်းတင်သွင်းမှု ကန့်သတ်ချက်ကြောင့် လာမည့်တစ်လအတွင်း စလစ်ဈေးနှုန်းများ ဆက်တိုက်ကျဆင်းသွားတော့မည်ဟုလည်း ခန့်မှန်းနေကြပြီဖြစ်သည်။

လက်ရှိတွင် ညာမောင်း ၁၃၀၀စီစီ အင်ဂျင်ပါဝါကားများ သိသိသာသာ ဈေးနှုန်းပိုမိုမြင့်တက်လာနိုင်သော်လည်း လာမည့်နှစ်ဆန်းပိုင်းလောက်တွင် မော်တော်ကားဈေးနှုန်းများ ယခုကဲ့သို့ မြန်မြန်ဆန်ဆန် အပြောင်းအလဲများ မဖြစ်နိုင်တော့ဟု ခန့်မှန်းကြသူများလည်း ရှိသည်။

ယခုသီတင်းပတ်အတွက် ရန်ကုန်ကားဈေးကွက်သည် ၂၀၁၈ခုနှစ် တင်သွင်းခွင့်သတ်မှတ်ချက် အပြောင်းအလဲကြောင့် အေးစက်စွာ စောင့်ကြည့်နေဆဲအခြေအနေပင် ဖြစ်နေဦးမည်ဟု ခန့်မှန်းရသည်။

---

**အချပ်ပို(ခ)မှ**

ပန်းခြံအဖြစ် အမည်သစ်ပေးခဲ့သည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၁) ရန်ကုန်မြို့အကြောင်း ရေးသားဖော်ပြချက်တွင် “ရွှေတိဂုံစေတီတောင်ဘက်ခြေရင်း၌လည်း ကန်တော်မင်ပန်းခြံခေါ် ဦးဉတ္တမပန်းခြံတစ်ခုရှိသည်”ဟု ရေးသားဖော်ပြထားသည်။

ကန်တော်မင်ပန်းခြံကို ၁၈၅၄-၅၆ ခုနှစ်တွင် ကာလကတ္တားရုက္ခဗေဒဉယျာဉ်၏ ဝီလျံစကော့၏ Design ဖြင့် စတင်တည်ဆောက်ခဲ့ပြီး ရွှေတိဂုံစေတီတောင်ဘက်မုခ်ခြေရင်းတပ်မြေ၌တည်ဆောက်ခဲ့ကြောင်း အင်္ဂလန်နိုင်ငံ ဗြိတိသျှစာကြည့်တိုက်တွင် ရေးသားထားပါသည်။ ထိုစဉ်က ပန်းခြံ၏မှတ်တမ်းဓာတ်ပုံများကို ဓာတ်ပုံဆရာ Klier, Philip Adolphe (C.1845-1911) ဆိုသူက ၁၈၉၅ ခုနှစ်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက တည်ဆောက်ခဲ့သော ကန်တော်မင်ပန်းခြံမှာ ရှေးယခင်က သမိုင်းဝင်မှတ်တမ်းများနှင့် ပန်းဥယျာဉ်ကို ကာလကတ္တားရုက္ခဗေဒဉယျာဉ်များ အကွက်အကွင်းဖော်သူ ဝီလျံစကော့က မြို့တော်၏ ပြည်သူ့ ဆောက်လုပ်ရေးဌာနနှင့် ၁၈၅၄ မှ ၁၈၅၆ ခုနှစ်အတွင်း အကွက်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကန်တော်မင်ပန်းခြံဟုခေါ်သော ဦးဉတ္တမပန်းခြံတွင် ၁၉၄၆ ခုနှစ် မတ် ၂၇ ရက် (တော်လှန်ရေးနေ့)တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းကောက်နုတ်ချက် လေးချက်နှင့် ၁၉၄၆ ခုနှစ် မေ ၁ ရက် အလုပ်သမားနေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြား သော မိန့်ခွန်းကောက်နုတ်ချက်သုံးချက်တို့မှာ ဤကန်တော်မင်ပန်းခြံသာမက မြန်မာနိုင်ငံ၏သမိုင်းပုံရိပ်ကို စွဲထင်စွာ ကျန်ရစ်စေခဲ့ပြီဖြစ်သည်။ ဝီလျံစကော့ တည်ဆောက်ခဲ့သော ကန်တော်မင်ပန်းဥယျာဉ်အတွင်း လမ်းတစ်လျှောက်တွင် ထန်းပင်များစိုက်ပျိုးထား၍ ရွှေရောင်ဝင်းလက်နေသည့် သိင်္ဂုတ္တရကုန်းတော်ပေါ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဝင်းပစွာ ဖူးမြင်ရသည်မှာ ပန်းချီကားတစ်ချပ်ပမာဖြစ်သည်။

ဆရာတော်ဦးဉတ္တမ၏ (၈၂)နှစ်မြောက်မွေးနေ့နှင့် ပန်းခြံဖွင့်ပွဲကို ၁၉၆၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီတွင် ပန်းခြံအတွင်း၌ကျင်းပခဲ့ရာ ထိုစဉ်က သာသနာရေးဝန်ကြီး ဦးဘစောက ဖွင့်လှစ်ပေးခဲ့သည်။

ထိုအခမ်းအနားတွင် သာသနာရေးဝန်ကြီး ဦးဘစော၊ ပါလီမန်အတွင်းဝန် ဦးသန်းစိန်၊ ပြန်ကြားရေး ဝန်ကြီး ဦးဘမြိုင်၊ ဦးဉတ္တမအထိမ်းအမှတ် ဖြစ်မြောက်ရေး ကိုးဦးကော်မတီဝင်များ၊ သရက်တောကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူဆရာတော်၊ အလယ်တောရဆရာတော်၊ ဗားကရာတောရ ဆရာတော်နှင့် နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့ပြပန်းခြံများတွင် ကိုလိုနီခေတ်က တည်ဆောက်ခဲ့သောပန်းခြံများ ယနေ့တိုင်တည်ရှိနေပြီး မြန်မာပြည်လွတ်လပ်ရေး၏သမိုင်းပုံရိပ်များကို ကန်တော်ကြီးအပါအဝင် အဆိုပါပန်းဥယျာဉ်များက ထင်ဟပ်လျက်ရှိနေပါသည်။

အတိတ်သမိုင်းပုံရိပ်တို့ ထင်ဟပ်လျက်ရှိသော ရန်ကုန်မြို့ပြ၏ပန်းခြံများ ရေရှည်တည်တံ့လုပစေရန် ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် မြို့ပြ၏ခေတ်မီဖွံ့ဖြိုးမှုနှင့်အတူ ရန်ကုန်မြို့၏ ပန်းခြံ၊ ဥယျာဉ်များ စိမ်းလန်းစိုပြည်သာယာပါစေကြောင်း။ ။